# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကိုဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၉၉)


## ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်က ဆွေးနွေးရန်ဆုံးဖြတ်


ပြည်သူ့လွှတ်တော် စာမျက်နှာ - ၇


## ရတနာပုံကျေးရွာ သတ္တုတွင်းမြေ အဖြစ် ကျရောက်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးရန် ဆောင်ရွက်သွားမည်


အမျိုးသားလွှတ်တော် စာမျက်နှာ - ၇


## ထားဝယ်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5 N1)ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ


စာမျက်နှာ - ၉




# အခြေခံကျောင်းများတွင် H1N1ရောဂါကာကွယ်ရေး Mask တပ်ဆင်ပေး

**သူရ(တောင်ငူ)**

**တောင်ငူ ဇူလိုင် ၂၈**

မြန်မာနိုင်ငံတွင် ရာသီတုပ်ကွေး H1N1 ရောဂါဖြစ်ပွားလျက်ရှိရာ ရောဂါကူးစက်မှုမရှိစေရေးအတွက် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက တောင်ငူမြို့(၁၉)ရပ်ကွက်ရှိ မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဦးအောင် ဦးဆောင်သည့် ဆရာမများက ကျောင်းအဝင်မုခ်ဦးမှ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီကို H1N1 ရောဂါနှင့် အခြားကူးစက်ရောဂါများ ကာကွယ်ရေးသုံး Mask များကို ကိုယ်တိုင်ကိုယ်ကျတပ်ဆင်ပေးခဲ့ကြသည်။ ထို့အတူ တောင်ငူမြို့အပါအဝင် အခြားမြို့နယ်များ၌လည်း ကျောင်းများ၌ ကျန်းမာရေးဝန်ထမ်းများက ရာသီတုပ်ကွေး H1N1 ရောဂါအကြောင်း၊ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် ရောဂါလက္ခဏာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

# ညောင်တုန်းမြို့နယ်၌ H1N1ရောဂါဖြစ်သူနှစ်ဦးအား ရန်ကုန်သို့ပို့၍ ကုသလျက်ရှိရာ အခြေအနေကောင်းမွန်

**နေလင်း(ညောင်တုန်း)**

**ညောင်တုန်း ဇူလိုင် ၂၈**

ညောင်တုန်းမြို့၌ H1N1 ရောဂါဖြစ်ပွားသူနှစ်ဦးတွေ့ရှိသဖြင့် ညောင်တုန်းမြို့ပြည်သူ့ဆေးရုံမှ ညောင်တုန်းမြို့နာရေးကူညီမှုအသင်းမှ လူနာတင်ယာဉ်များဖြင့် ဇူလိုင် ၂၆ ရက်က ရန်ကုန်မြို့သို့ အချိန်မီပို့ဆောင်ကုသပေးလျက်ရှိရာ အခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ညောင်တုန်းမြို့နယ်၌ ထပ်မံ၍ ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ညောင်တုန်းမြို့နယ်ကျန်းမာရေးဦးစီးဌာနက H1N1 ရောဂါကာကွယ်နိုင်ရေးအတွက် ရပ်ကွက်အသီးသီးသို့ ပညာပေးလှုံ့ဆော်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဒေါ်နီနီမိုးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ စိုးလှိုင်ဦးနှင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းပါဝင်သောအဖွဲ့ကလည်း ညောင်တုန်းမြို့ပေါ်စာသင်ကျောင်းများတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည့်အပြင် H1N1 ရောဂါကာကွယ်နိုင်ရေးအတွက် ကျောင်းသားကျောင်းသူများအား နှာခေါင်းစည်း (Mask) လုံလုံလောက်လောက်ဝေငှပေးခဲ့ကြသည်။

ထို့အပြင် ညောင်တုန်းမြို့ လမ်းမတော်လမ်းဆုံလမ်းခွများနှင့် ညောင်တုန်းဈေးကြီးတွင်လည်း နှာခေါင်းစည်းများ ဝေငှပေးလျက်ရှိကြောင်းလည်း သိရသည်။




မြန်မာ့အလင်း

# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများမြှင့်တင်ရေး

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ လိုအပ်လျက်ရှိပါသည်။ အထူးသဖြင့် ခေတ်မီနည်းပညာနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ ကျွမ်းကျင်မှုတို့ရှိသည်သာမက ပမာဏအများအပြားကိုလည်း ရင်းနှီးနိုင်သော ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ပိုမိုလိုအပ်လျက်ရှိပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတို့ ပြည်တွင်းသို့ ဝင်ရောက်လာရေးအတွက် ဆွဲဆောင်ရာ၌ ဘဏ်လုပ်ငန်းနှင့် အာမခံအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုတို့ကို နိုင်ငံတကာစံချိန်နှင့်အညီ ပေးအပ်နိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

တိုင်းပြည်၏ ဖြတ်သန်းခဲ့သော အတိတ်သမိုင်းတို့အရ နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည် နိုင်ငံတကာစံချိန်စံညွှန်းနှင့် နှိုင်းယှဉ်ပါက လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပါသည်။ ဤလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းတို့၏အကူအညီကို ရယူလျက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ပညာရှင်တို့၏ အကြံပြုချက်နှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ သတိထား၍ ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိကာလ၌ မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ် ၁၃ ဘဏ်ရှိသော်လည်း အဆိုပါ နိုင်ငံခြားဘဏ်များသည် ပြည်တွင်းဘဏ်လုပ်ငန်း၌ အကန့်အသတ်ဖြင့်သာ ပါဝင်ဆောင်ရွက်ခွင့်ရှိပါသည်။ လက်ရှိအချိန်အထိ နိုင်ငံခြားဘဏ်များသည် ပြည်တွင်းရှိ ပြည်ပလုပ်ငန်းရှင်များကိုသာ ဝန်ဆောင်မှုပေးခွင့်ရှိပါသည်။

သို့သော် ဗဟိုဘဏ်က နိုင်ငံခြားဘဏ်များအား ပြည်တွင်းလုပ်ငန်းရှင်များကို စီမံကိန်းချေးငွေများ ဝန်ဆောင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဗဟိုဘဏ်၏ အဆိုပါ စီစဉ်ဆောင်ရွက်မှုသည် တိုင်းပြည်ကလိုအပ်လျက်ရှိသော ရင်းနှီးမြှုပ်နှံငွေရရှိရေးကို တွန်းအားပေးနိုင်မည်ဖြစ်၍ ကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ ဤနေရာ၌ တိုင်းပြည်၏ ရင်းနှီးမြှုပ်နှံငွေ လိုအပ်နေပုံကို ထပ်ဆင့်မီးမောင်းထိုးတင်ပြလိုပါသည်။ တိုင်းပြည်စက်မှုစီးပွားရေး၏ ပင်မကျောရိုးဖြစ်သော အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများသည် အာဆီယံစီးပွားရေးရိပ်မြုံ (**ASEAN Economic Community-AEC**) သက်ဝင်လှုပ်ရှားလာသည်နှင့် အခြားအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် အချိန်လု၍ ကြိုးပမ်းအကောင်အထည်ဖော်နေရပါသည်။ ဤသို့သောအခြေအနေ၌ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တို့အတွက် ရင်းနှီးမြှုပ်နှံငွေသည် အသက်သွေးကြောလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါ အသက်သွေးကြော လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

ဤသို့သော အခြေအနေ၌ အမေရိကန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (**MIC**) နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းသည် ကြိုဆိုရမည့်သတင်းကောင်းဖြစ်ပါသည်။ အဆိုပါ အမေရိကန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့၌ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (**MIC**) နှင့် အမေရိကန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့၏ ဆွေးနွေးညှိနှိုင်းမှုများသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ မြှင့်တင်နိုင်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းသွားနိုင်မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထဲရေးဝန်ကြီးဌာနဝန်ထမ်းများ၏ ကျောင်းနေသားသမီးများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များ၌ ပညာသင်ကြားနေသော ဝန်ထမ်းများ၏ သားသမီး စုစုပေါင်း ၁၈၂၄ ဦးတို့အတွက် ပညာသင် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# တံတားချဉ်းကပ်လမ်း မြေထိန်းနံရံအက်ကွဲနေမှုအား ပြန်လည်ပြုပြင်ပြီးစီး

**ငပုတော ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ရာဇဓိရာဇ်လမ်းပေါ်ရှိ မေတ္တာပေါင်းကူး တံတား(၂)တွင် ချဉ်းကပ်လမ်းမှ မြေထိန်းနံရံများ အက်ကွဲလာမှုကြောင့် မိုးရွာသည့်အချိန်တွင် ယင်းအက်ကွဲကြောင်းမှတစ်ဆင့် မိုးရေနှင့်အတူ သဲများပါထွက်ကျလျက်ရှိ၍ ဒေသခံပြည်သူများမှ ပြန်လည်ပြုပြင်ပေးစေလိုကြောင်းကို ဇူလိုင် ၁၁ ရက် မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာပြုပြင်စရာကဏ္ဍတွင် ပါရှိလာသည်။



သို့ဖြစ်၍ တံတားချဉ်းကပ်လမ်း မြေထိန်းနံရံအက်ကွဲနေသည်များ ထပ်မံပျက်စီးမှုမဖြစ်ပွားစေရန်အတွက် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူမင်းနှင့်အဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး ဇူလိုင် ၂၇ ရက်တွင် ပြန်လည်ပြုပြင်ပြီးဖြစ်ပါသဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာလျက်ရှိသည်။ အဆိုပါတံတားအား ၂၀၁၄ ခုနှစ်အတွင်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သော တံတားဖြစ်ကြောင်း သိရသည်။

**ငပုတော(ပြန်/ဆက်)**



# ရမည်းသင်း၌ 11KV ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်

**ရမည်းသင်း ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် 33/11KV နှင့် ရမည်းသင်း ဓာတ်အားခွဲရုံမှ 11KV ဓာတ်အားလိုင်း ဖီဒါနှစ်ခုဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ 11KV ဖီဒါတစ်ခု ထပ်မံတိုးချဲ့တည်ဆောက်ပြီးဖြစ်၍ ဇူလိုင်လတတိယပတ်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ 11KV ဓာတ်အားလိုင်း တစ်မိုင်အသစ်တည်ဆောက်ခြင်းနှင့် ဖီဒါတစ်ခုထပ်မံတိုးချဲ့ခြင်းအား Dragon Emperor Services Co., Ltd မှ ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဓာတ်အားလိုင်းသစ်တိုးချဲ့တည်ဆောက်ခြင်းဖြင့် နည်းပညာတက္ကသိုလ် (ရမည်းသင်း)နှင့်မြို့၏ တောင်ဘက်ခြမ်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၈-၇-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ ・ ၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁၈ |
| တရုတ် | တစ်ယွမ် | ၂၀၁ ・ ၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ・ ၈၃ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်

**နေပြည်တော် ဇူလိုင် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်စဉ်သစ်ပင်များ စိုက်ပျိုးခဲ့ရာ ခုနှစ်နှစ်အတွင်း ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ စုစုပေါင်းတစ်သိန်းကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှုများ ရှိသကဲ့သို့ စိုက်ပျိုးမှုနည်းစနစ် အားနည်းခြင်း၊ တောမီးလောင်ခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးမှုတချို့လည်းရှိကြောင်း၊ အချိန်ပေးပြီးဆောင်ရွက်ကြရခြင်းဖြစ်၍ အပင်များရှင်သန်စေရန်၊ အကျိုးရှိစေရန်၊ အောင်မြင်စေရန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက ပျိုးပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၈၀၀၀ စိုက်ပျိုးခဲ့ကြသည်။

ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်၍ နှစ်စဉ်စိုက်ပျိုးခဲ့ရာ ယနေ့အထိ အကြိမ် ၂၀ စိုက်ပျိုးခဲ့ပြီး ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်စိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ကေရာဇ်ပင်နှင့် အော်ရီးရှားပင် စသည့် စိုက်ပျိုးပင် စုစုပေါင်းအပင် ၁၀၀၉၅၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ဝေအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပ ပညာရေး / Alternative Education ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲကို ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသာထွန်းကျော်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

## မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ်အား မြန်မာနိုင်ငံဆိုင်ရာ ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။ ၎င်းသည် ဗန်ကောက်မြို့တွင် အခြေစိုက်မည်ဖြစ်သည်။

မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ်သည် ၁၉၈၃ ခုနှစ်တွင် ပီရူးနိုင်ငံ ကက်သလစ်တက္ကသိုလ်မှ ဥပဒေဘွဲ့ကိုလည်းကောင်း၊ ၁၉၉၃ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နိုင်ငံတကာလေ့လာရေးတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးမဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပီရူးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဂျီနီဗာမြို့ ကာရာကတ်မြို့ ဝါရှင်တန်ဒီစီမြို့များရှိ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ယခုလက်ရှိအချိန်အထိ ထိုင်းနိုင်ငံဆိုင်ရာ ပီရူးနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ဖာနန်ဒိုသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် ခမ်းခမ်းနားနားကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာ့ဒီမိုကရေစီပွဲတော်ဖွင့်ပွဲနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၆ ရုံ၌ ရုပ်ရှင်ဇာတ်ကား ငါးကား အခမဲ့ပြသမှုအပါအဝင် ပွဲတော်ကာလအတွင်း ရုပ်ရှင်ပွဲတော်နှင့် ဆက်စပ်ပြီး ပဒေသာကပွဲနှင့် အငြိမ့်ပြိုင်ပွဲများလည်း တွဲဖက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



မြန်မာ့ဒီမိုကရေစီပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကျင်းပမှု စနစ်တကျဖြစ်စေရေးအတွက် ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်လုပ်ဆောင်ရန်ရှိသည်များကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌကိုယ်စား ဒေါ်ပတ္တမြားကေခိုင်နှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်စနစ်တကျနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်နှင့် ဆက်စပ်သောအငြိမ့်ပြိုင်ပွဲနှင့် ပဒေသာကပွဲများ ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ၎င်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က နာယကများအဖြစ် ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်ဖွင့်ပွဲနေ့ဖြစ်သည့် စက်တင်ဘာ ၁၅ရက်တွင် နေခြည်မှာရွှေရည်လောင်း၊ သရာစောထီး၊ ဒီမိုရုပ်ကွက်၊ တိမ်ပြာသောနွေ၊ ကြီးမြတ်သောမြန်မာအမည်ရှိ ရုပ်ရှင်ဇာတ်ကား ငါးကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံ ခုနစ်ရုံအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၆ ရုံ၌ အခမဲ့ပြသသွားမည်ဖြစ်သည့်အပြင် အငြိမ့်ပြိုင်ပွဲများ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲများကိုလည်း တွဲဖက်၍ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ နာမည်ကျော်အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# Social Media အသုံးချမှုနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၈**
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရှိ Communication Unit နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ပြည်ပပညာရှင်များအား ဖိတ်ခေါ်ပြီး Social Media အသုံးချမှုနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတရုံး၊ လွှတ်တော်များ၊ တရားလွှတ်တော်ချုပ်၊ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း ၇၅ ဦး တက်ရောက်ကြပြီး Social Media အသုံးချမှုနှင့်ပတ်သက်သည့် နည်းပညာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြကာ Communication Unit မှ ညွှန်ကြားရေးမှူး ဒေါ်သီတာချိုက ဝန်ကြီးဌာနများ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား Communication Unit သို့ အပတ်စဉ်ပေးပို့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ Social Media အသုံးချမှုနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယခုနှစ်မိုးရာသီကာလအတွင်း မိုးကြိုးစက်ကွင်းကြောင့် သေဆုံးသူ ၇၄ ဦးရှိပြီး ဒဏ်ရာရသူ ၁၉ ဦးရှိ



**နေပြည်တော် ဇူလိုင် ၂၈**
မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးဒဏ်များအပြင် မိုးကြိုးဘေးကြောင့်လည်း သေဆုံးမှုများရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ယခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ မိုးကြိုးပစ်ခံရ၍ သေဆုံးသူ ၇၄ ဦးနှင့် ဒဏ်ရာရသူ ၁၉ ဦး ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

မိုးကြိုးပစ်ခတ်မှုကြောင့် သေဆုံးမှုများတွင် လယ်ကွင်းများ၊ အင်း၊ အိုင်၊ ချောင်း၊မြောင်းများနှင့် ကွင်းပြင်များတွင် အလုပ်လုပ်ကိုင်နေကြသည့် ကျေးလက်နေ ပြည်သူများ အများဆုံးဖြစ်ပြီး ဆိုလာဘက်ထရီအသုံးပြုခြင်းနှင့် ဖုန်းအသုံးပြုမှုကြောင့် မိုးကြိုးစက်ကွင်းမိကာ မိုးကြိုးပစ်ခံရခြင်းများကြောင့် သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပွားလာနေကြောင်း သိရသည်။

မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရသူဦးရေမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငပုတော၊ လပွတ္တာ၊ ကန်ကြီးထောင့်၊ မြန်အောင်၊ ဖျာပုံ၊ ပန်းတနော်၊ ဝါးခယ်မ၊ ငနေဖြူ၊ အိမ်မဲ၊ ဘိုကလေးနှင့် ကြံခင်းမြို့နယ်များမှ မိုးကြိုးပစ်ခတ်ခံရမှုနှင့် လျှပ်စစ်စက်ကွင်းကြောင့် သေဆုံးသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၄ ဦး စုစုပေါင်း ၁၈ ဦးနှင့် လျှပ်စစ်စက်ကွင်းမိ၍ ဒဏ်ရာရရှိသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခုနစ်ဦးရှိကြောင်း သိရသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရသူဦးရေမှာ အများဆုံးဖြစ်သည်။

မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရသူဦးရေမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် အမျိုးသားတစ်ဦးမှာ နွားများသိမ်းနေစဉ် မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့သည်။ ကချင်ပြည်နယ်ရှိ ရွှေကူနှင့် ဖားကန့်မြို့တွင် အမျိုးသားနှစ်ဦး သေဆုံးခဲ့သည်။ ကယားပြည်နယ် လွိုင်ကော်မြို့မှ အမျိုးသမီးတစ်ဦး သေဆုံးကာ၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးမှာ မိုးကြိုးစက်ကွင်းမိ၍ ဒဏ်ရာရရှိခဲ့သည်။ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့်သံတောင်ကြီး မြို့နယ်မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တနင်္သာရီမြို့နယ် မြိတ်နှင့် လောင်းလုံးမြို့နယ်မှ အမျိုးသား လေးဦးနှင့် အမျိုးသမီးသုံးဦးစုစုပေါင်း ခုနစ်ဦးသေဆုံးကာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်းငါးဦးမှာ မိုးကြိုးစက်ကွင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၌ မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရသူဦးရေမှာ ကျောက်တံခါး၊ ကျောက်ကြီး၊ အုတ်တွင်း၊ မင်းလှ၊ ပဲခူး၊ ကဝ၊ ဝေါ၊ ဒိုက်ဦးနှင့် သနပ်ပင်မြို့နယ်များမှ အမျိုးသား ၁၀ဦးနှင့် အမျိုးသမီးတစ်ဦးစုစုပေါင်း ၁၁ ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် ပုသိမ်ကြီး၊ သာစည်၊ ဝမ်းတွင်း၊ ရမည်းသင်းနှင့် နွားထိုးကြီးမြို့နယ်များမှ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းခြောက်ဦး သေဆုံးခဲ့သည်။

မကွေးတိုင်းဒေသကြီးတွင် မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရသူဦးရေမှာ ဆော၊ ဂန့်ဂေါ၊ ပေါက်နှင့် ဆင်ပေါင်ဝဲမြို့နယ်များမှ အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်းခုနစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ မွန်ပြည်နယ်တွင် မုဒုံမြို့နယ်နှင့်ကျိုက်ထိုမြို့နယ်မှ အမျိုးသားနှစ်ဦးသေဆုံးခဲ့သည်။ ရခိုင်ပြည်နယ်တွင် မြောက်ဦး၊ ကျောက်တော်နှင့် ရသေ့တောင်မြို့နယ်များမှ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦးသေဆုံးကာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မိုးကြိုးပစ်ခံရမှုကြောင့် ဒလ၊ သုံးခွ၊ ကျောက်တန်းနှင့်ထန်းတပင်မြို့နယ်များမှ အမျိုးသားငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦးသေဆုံးကာ အမျိုးသားတစ်ဦးဒဏ်ရာရရှိခဲ့သည်။ ရှမ်းပြည်နယ်တွင် နောင်ချို၊ အောင်ပန်း၊ တောင်ကြီးနှင့် ကွန်ဟိန်းမြို့နယ်များမှ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းခြောက်ဦး သေဆုံးခဲ့သည်။

မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးဒဏ်ရာရရှိသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သေဆုံးသူတစ်ဦးလျှင်ငွေကျပ်သုံးသိန်းနှင့် ဒဏ်ရာရရှိသူတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ မိုးကြိုးစက်ကွင်းကြောင့် သေဆုံးသူ ၇၄ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉ ဦးတို့အား စုစုပေါင်းငွေကျပ် ၂၃၁၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သီဟစည်သူ**

| ၂၀၁၇ ခုနှစ်အတွင်း မိုးကြိုးဘေးကြောင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ စာရင်းချုပ် | | | | | | |
|---|---|---|---|---|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | သေဆုံးသူ | | | ဒဏ်ရာရသူ | | |
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ဧရာဝတီ | ၁၄ | ၄ | ၁၈ | ၆ | ၁ | ၇ |
| ပဲခူး | ၁၀ | ၁ | ၁၁ | ၁ | | ၁ |
| မကွေး | ၅ | ၂ | ၇ | ၁ | | ၁ |
| ရန်ကုန် | ၅ | ၁ | ၆ | ၁ | | ၁ |
| တနင်္သာရီ | ၄ | ၃ | ၇ | ၂ | ၃ | ၅ |
| မန္တလေး | ၄ | ၂ | ၆ | | | |
| ရှမ်း | ၄ | ၂ | ၆ | | | |
| ကချင် | ၂ | | ၂ | | | |
| မွန် | ၂ | | ၂ | | | |
| ရခိုင် | ၂ | ၂ | ၄ | | ၁ | ၁ |
| နေပြည်တော် | ၁ | | ၁ | | | |
| ကရင် | ၁ | ၁ | ၂ | | | |
| ကယား | | ၁ | ၁ | ၁ | ၂ | ၃ |
| စစ်ကိုင်း | | | ၁ | ၁ | | |
| **စုစုပေါင်း** | **၅၄** | **၂၀** | **၇၄** | **၁၂** | **၇** | **၁၉** |

❊ *ကျောဖုံးမှ*

များအား အရန်သင့်ထားရှိပြီး ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြည်သူလူထုအတွင်းသတင်းမှန်ရရှိရန် အချိန်မီသတင်းထုတ်ပြန်ခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေး ပညာပေးလုပ်ငန်း ပိုမိုထိရောက်စေရန်အတွက် ပိုစတာများ လုံလောက်စွာဖြန့်ဝေနိုင်ရန် စီစဉ်ခြင်းတို့အား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆေးရုံကြီးများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ နယ်စပ်ဝင်ထွက်ဂိတ်များနှင့် ပြည်သူလူထုအတွင်း တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ (Influenza like illness –ILI) ဖြစ်ပွားမှုနှင့် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) လူနာဖြစ်ပွားမှုစသည်တို့ကို စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား ယခင်ထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ရောဂါဖြစ်ပွားသူလူနာများနှင့် အနီးကပ်ထိတွေ့သူများအား ရောဂါထပ်မံဖြစ်ပွားကူးစက်ခံရမှု မရှိစေရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် လိုအပ်ပါက ဆေးဝါးကုသမှုပေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဌာနများနှင့် အချိန်နှင့်တစ်ပြေးညီချိတ်ဆက်၍ လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရေးဌာနမှလည်း ဆေးပစ္စည်းများ ဖြန့်ဝေခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျန်းမာရေးဌာနများသို့ N 95 စုစုပေါင်း ၁၅၀၀၀၀ ခန့်ကို လည်းကောင်း၊ ကာကွယ်ရေးဝတ်စုံ ၄၅၀ကို လည်းကောင်း၊ အသက်ရှူစက်များနှင့် အခြားလိုအပ်သည့် ဆေးပစ္စည်းကိရိယာများကို ထပ်မံ၍ ထောက်ပံ့ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ရုံးချုပ်)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (အရှေ့တောင်အာရှရုံး)နှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ ထောက်ပံ့မည့် ရောဂါကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများ၊ N 95 Mask များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ Oseltamivir (Tamiflu) ဆေးနှင့် တုပ်ကွေးရောဂါ ကာကွယ်ထိုးဆေးများကိုလည်း လိုအပ်သလို သုံးစွဲသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

လတ်တလောဖြစ်ပွားနေသောရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သောရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို အရေးတယူ လိုက်နာဆောင်ရွက်သွားပါက ရောဂါကူးစက်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပြီး ရာသီတုပ်ကွေးဆန်သော ရောဂါလက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေး နည်းလမ်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebookစာမျက်နှာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည် ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဈေးကွက်ဝင် ဈေးကောင်းရသီးနှံများ တိုးတက်ထုတ်လုပ်ရောင်းချရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

**စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာစိုက်ပျိုးရေးကို စိတ်ပါဝင်စားသည့် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၉ နာရီက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘွဲ့လွန်သင်ရိုးဆိုင်ရာ သက်ဆိုင်သူများ ညီလာခံအစီအစဉ် အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။** (ယာပုံ)

ဈေးကွက်ယှဉ်ပြိုင်နိုင်သော အသေးစား၊ အလတ်စားလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံစက်ရုံများ ဖွံ့ဖြိုးလာရေး၊ လယ်ယာသုံးစက်ကိရိယာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် မျိုးစေ့ကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ၏ အကျိုးစီးပွားသာမက နိုင်ငံတော်အတွက် လယ်ယာထွက်ကုန်ဈေးကွက်ဖော်ဆောင်နိုင်ရေး ကဏ္ဍကိုပါ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနီးရှိ ဇမန်းရေလှောင်တမံ သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှင်းလင်းပြသသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံ သီးနှံသုတေသနဌာနခွဲ၏ မတ်ပဲနှင့် ပဲတီစိမ်းသီးနှံသုတေသနစိုက်ခင်းသို့ ရောက်ရှိရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက သုတေသနလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိစေနိုင်မည့် ဈေးကွက်ဝင် ဈေးကောင်းရ သီးနှံမျိုးများ တိုးတက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# (၅၄)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရတနာပြပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှု ပြည်ထောင်စုဝန်ကြီး ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို သြဂုတ် ၂ ရက်မှ ၁၁ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့တွင် ပြပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမသို့လာရောက်ပြီး ရတနာပြပွဲဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ(**အပေါ်ပုံ**) ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအတွဲများ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားသည်။

၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၂၆ တွဲကို အခြေခံဈေး ယူရို ၁၃ ဒသမ ၀၁၆ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၆၅၆၀ တွဲကို အခြေခံဈေးယူရို ၁၉၅ ဒသမ ၇၈၃ သန်းဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း၊ ရတနာပြပွဲ တက်ရောက်ကြမည့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များအတွက် မှတ်ပုံတင်ခြင်းကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံ၌ ဇူလိုင် ၂၀ ရက်ကစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီစည်းဝေး

နေပြည်တော် ဇူလိုင် ၂၈

**မြန်မာ့ကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ (၁၀)ကြိမ်မြောက်အစည်းအဝေးကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာ၌ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်စေရန်အတွက် အရင်းအမြစ်များခွဲဝေရာတွင် ဒေသလိုအပ်ချက်နှင့်အညီ ခွဲဝေပေးခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ခြင်း စသည်ဖြင့် လိုအပ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အိတ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်းအသီးသီးကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ မကူးစက်နိုင်သောရောဂါများဆိုင်ရာနှင့် ကျန်းမာရေးသတင်းအချက်အလက်ဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုသွက်လက်မြန်ဆန်စေရန် မကြာမီပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြှင့်တင်ရေးသည် အလွန်အရေးကြီးကြောင်းနှင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားပါက မိမိ၏ကျန်းမာရေးကို မိမိကိုယ်တိုင်စောင့်ရှောက်တတ်လာမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံတကာအလှူရှင်များထံမှ ရရှိလာသော ရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချရန် အလွန်အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက လတ်တလောဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm 2009) ကာကွယ်ထိန်းချုပ်ရေးအခြေအနေ၊ ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ၊ ၂၀၁၈ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် အမျိုးသားကျန်းမာရေးစီမံကိန်းပါလုပ်ငန်းစဉ်များ၊ နိုင်ငံတကာကျန်းမာရေး ထိန်းချုပ်ခြင်းဆိုင်ရာ Joint External Evaluation of International Health Regulations ပြုလုပ်ခဲ့မှုများနှင့် အကြံပြုချက်များ၊ ကမ္ဘာ့ရန်ပုံငွေဖြင့် အိတ်ချ်အိုင်ဗွီ၊ တီဘီ၊ ငှက်ဖျားရောဂါကာကွယ်ကုသရေး ဆောင်ရွက်မှုအခြေအနေနှင့် ရန်ပုံငွေရရှိရန် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမ၌ ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်းအမှတ်စဉ် (၅/၂၀၁၇)သင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။**



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး(**ဝဲပုံ**) ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိ(ပထမတန်း)၊ ရဲအကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများက ဆုရရှိသူသင်တန်းသားများကို ဆုတံဆိပ်များပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်များထံ ပေးအပ်ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တက်ရောက်လာသူများက သင်တန်းဆင်းရဲတပ်ဖွဲ့ဝင်များ၏ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းသင်တန်းကို ဇူလိုင် ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်လေးခရိုင်ရှိ မြို့နယ်များမှ သင်တန်းသားအရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင် ၁၀၀ တို့အား လေ့ကျင့်သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# တိုင်းရင်းသားရိုးရာဓလေ့များဆိုင်ရာ ဟောပြောပွဲနှင့် ရိုးရာအစားအစာချက်ပြုတ်ပြသခြင်း ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး၌ ဇူလိုင်လ တတိယပတ်က တိုင်းရင်းသားရိုးရာဓလေ့များဆိုင်ရာ ဟောပြောပွဲ၊ ရိုးရာအစားအစာများချက်ပြုတ်ပြသခြင်းနှင့် ပဒေသာကပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြအေးက အမှာစကားပြောကြားခဲ့ပြီး သက်ဆိုင်ရာတိုင်းရင်းသားအသီးသီးက ရိုးရာဓလေ့များဆိုင်ရာအကြောင်းအရာများ အသိပညာပေးဟောပြောသည်။ ထို့နောက် ရိုးရာအစားအစာများ ချက်ပြုတ်ပြသခဲ့ကြပြီး တိုင်းရင်းသားပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**သန္တာမေ( ပြန်/ဆက်)**

# ဆိုးရွားသော ယာဉ်မောင်းနှင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်များ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)



၂၀၁၇ ခုနှစ်မေလအတွင်းက ယူကေအစိုးရက မဆင်မခြင် ယာဉ်မောင်းနှင်မှုဆိုင်ရာများ(Crackdown on unsave driving)ကို တင်းကျပ်လိုက်သည်ကိုတွေ့ရသည်။ ယင်းတွင် ယာဉ်တစ်စီးနှင့်တစ်စီး နီးကပ်စွာမောင်းနှင်ခြင်း(tailgating)၊ လောဘကြီးစွာ အများသုံးလမ်းကို အပိုင်စီးခြင်း(lane hogging)တို့ကိုတွေ့ရလျှင်ပင် ဒဏ်ငွေပေါင် ၁၀၀ နှင့် ပြစ်ဒဏ်သုံးခုကိုခံယူရမည်ဟု ပါရှိသည်။ ယူကေလမ်းလုံခြုံရေးရာဝန်ကြီး Stephen Hammond ဆိုသူက “မဆင်မခြင်မောင်းနှင်မှုတွေကြောင့် အပြစ်မဲ့သူများစွာ ထိခိုက်သေကြေနေရပါတယ်။ ဒါကြောင့် ဒီလိုမောင်းသူတွေကို အမြန်ထိန်းနိုင်ဖို့ ယာဉ်ထိန်းရဲတွေကို အခွင့်ပေးလိုက်တာဖြစ်ပါတယ်” ဟု ပြောသည်။ ယူကေနိုင်ငံတွင် လမ်းအသုံးပြုသူများ ဘေးကင်းစေရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လမ်းဘေးကင်းလုံခြုံရေးဆိုင်ရာဌာနဝန်ကြီး(Road Safety Minister) တစ်ဦး ခန့်အပ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

Traffic psychology ခေါ် လမ်းအသုံးပြုသူများ၊ ယာဉ်မောင်းများစသည်တို့၏ စိတ်ပိုင်းဆိုင်ရာစိတ်ပညာတစ်ရပ်သည်ခေတ်သိပ္ပံပညာ၏ အချက်အလက်တစ်ခုအဖြစ်တွေ့ရသည်။ ယင်းသည် အလွန်စိတ်ဝင်စားစရာကောင်းပြီး ယာဉ်မောင်းသူတို့၏ အပြုအမူဆိုင်ရာများကိုလေ့လာထားသည့် ပညာရပ်တစ်ခုဖြစ်သည်။ ယာဉ်မောင်းသူတို့၏ အပြုအမူစိတ်နေစိတ်ထားများကို လူနှင့်ပတ်ဝန်းကျင်တို့က မည်သို့လွှမ်းမိုးသည်၊ ဆက်စပ်နေသည်ဆိုသည်တို့ကို လေ့လာခြင်းဖြစ်သည်။ ထို Traffic Psychology ကို ယာဉ်မောင်းသူတို့အား သင်ကြားပေးမည့်အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

ထို Traffic Psychology ကို ဆယ်စုနှစ်အတန်ကြာလေ့လာခဲ့ကြသည်။ ညံ့ဖျင်းသော ယာဉ်မောင်းခြင်းကြောင့် ထိခိုက်နစ်နာမှုများစွာ ဖြစ်လျက်ရှိသည်။ မဆင်မခြင်မောင်းနှင်ခြင်း၊ ပြဿနာဖြစ်သော ယာဉ်မောင်းနှင်ခြင်းတို့သည် ညံ့ဖျင်းသောယာဉ်မောင်းနှင်ခြင်းတွင် ပါဝင်သောအချက်များဖြစ်သည်။ ထို့ထက်ပိုသောအချက်များကိုလည်း တွေ့ရသည်။ ကျွမ်းကျင်သောယာဉ်မောင်းသူတို့ပင်လျှင် လူမှုရေးအသိကင်းလွတ်ချိန်၊ ဆုံးဖြတ်ချက်မမှန်ချိန်၊ အယူအဆလွဲချိန်၊ စဉ်းစားချိန်ဆမှုလွဲမှားချိန်တို့တွင်အန္တရာယ်နှင့် ကြုံရတတ်သည်။ ယာဉ်မောင်းတို့တွင် ဖြစ်လေ့ရှိသော စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက် (၁၀)ချက်ကိုအောက်ပါအတိုင်းတွေ့ရပါသည်။

**(၁) မိမိကိုယ်မိမိကြမ်းတမ်းခက်ထန်နေပြီကို သတိမပြုမိခြင်း(သို့မဟုတ်)ထိုအခြေအနေကို ဂရုမစိုက်ခြင်း။**

ယာဉ်မောင်းရာတွင် မိမိကိုကျော်တက်သွားခြင်း၊ ရှေ့ပိတ်မောင်းခြင်း၊ လမ်းမဖယ်ခြင်း၊ ခရီးသည်တင်ယာဉ်များဆိုလျှင် ခရီးသည်လုတင်ခြင်း၊ မခံချင်အောင်လုပ်ခြင်း၊ တန်းစီရမည့် နေရာတွင်ကျော်တက်နေရာယူခြင်း စသည်များသည် စိတ်ကို နှိုးဆွဒေါသဖြစ်စေသည့် အကြောင်းများ ဖြစ်သည်။ ယင်းအခြေအနေတွင် မိမိ၏ဒေါသစိတ်ကိုမထိန်းနိုင်သူများသည် ဒေါသကိုသတိမမူမိဘဲ တစ်ဖက်သားအပေါ် ရန်လိုစိတ်များ ချက်ချင်းဝင်လာတတ်သည်။ ငယ်ရွယ်သူများက ထိုကဲ့သို့သောအခြေအနေများတွင် စိတ်မထိန်းနိုင်မှုပိုဖြစ်တတ်ကြသည်။ ထိုသူတို့အတွက် ထိုသို့ဖြစ်တတ်ကြောင်းကို အသိပေးပြီး ယာဉ်မောင်းတစ်ယောက်သည် သာမန်ထက်စိတ်ရှည်သည်းခံစိတ်ရှိသင့်သည်ကို လေ့ကျင့်ပေးသင့်သည်။

**(၂) ကိုယ်တို့ကျွမ်းပြီးသားပါ၊ ဘာမှမဖြစ်ပါဘူးဟူသည့်စိတ်ဝင်နေတတ်ခြင်း။**

Risks ခေါ် အန္တရာယ်သည်အချိန်မရွေး ကျရောက်နိုင်သည်ကို မမေ့သင့်ပါ။ ယာဉ်မောင်းနှင်ရင်း အရှိန်များလာလေ၊ မောင်းနှင်ချိန်ကြာလာလေ မထင်မှတ်သော နေရာမျိုးစုံမှအန္တရာယ်များ ဝင်ရောက်လာတတ်သည်။ ယာဉ်မောင်းနှင်ခြင်းနောက်မှာ အန္တရာယ်ကကပ်ပါနေတတ်သည်ကို မေ့နေတတ်ကြသည်။ ကျွမ်းကျင်ပြီးသားပါဆိုသော အသိက ရုတ်တရက်ဝင်လာသောအန္တရာယ်ကို မတားဆီးနိုင်ဖြစ်တတ်သည်။ သတိမလွတ်ဖို့လိုသည်။

**(၃) လမ်းပေါ်ကယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများသည်လည်း လူတွေပါပဲဆိုသည်ကို မေ့သွားတတ်ခြင်း။**



စိတ်ကြွခိုင်မှုနည်းပါးသူတို့သည် လမ်းပေါ်တွင်မိမိသာလျှင် ဘုရင်တစ်ဆူလို သဘောထားတတ်ကြသည်။ ခရီးသည်တင်ယာဉ်မောင်းများကလည်း မိမိယာဉ်ပေါ် ပါလာသူတို့အဖို့ မိမိသည်အရှင်သခင်ကြီးဟု ထင်နေတတ်သည်။ မောင်းချင်သလိုမောင်း၊ ဆက်ဆံချင်သလိုဆက်ဆံတတ်ကြသည်။ ယင်းသည် အလွန်ရိုင်းပျပြီး လူသားမဆန်သည့်စိတ်နေစိတ်ထားမျိုးဖြစ်သည်။ Dehumanise ခေါ် လူသားမဆန်သောစိတ်ထားနှင့် အပြုအမူများကိုညံ့ဖျင်းသောယာဉ်မောင်းနှင်မှု(poor driving)များ၊ အွန်လိုင်းအသုံးပြုမှု (Online enviroments) များမှာလည်း တွေ့နေရသည်။

**(၄) မိမိကိုယ်ကိုသတ္တိကောင်းသူ၊ ဂုဏ်ကြီးသူဟု အထင်ရောက်ခြင်း**

ကားဟွန်းတီးခြင်း၊ ပြိုင်မောင်းခြင်း၊ ကျော်တက်ခြင်း၊ လုမောင်းခြင်းတို့ကိုလုပ်ရသည်က မိမိသည် အရေးပါသူ၊ ရဲစွမ်းသတ္တိရှိသူဟု အထင်ရောက်တတ်ကြသည်။ ကားအကောင်းစားကြီးများကိုမောင်းရသည်ကလည်း မိမိသည် ဂုဏ်ကြီးသူဟု အထင်ရောက်စေတတ်သည်။ အာဏာရှိသူ၊ အရှိန်အဝါကြီးသူတို့၏ကားကိုမောင်းနှင်ရပါကလည်း သွေးနားထင်ရောက်တတ်ကြသည်။ အခြားသူများသည် အဆင့်နိမ့်သူ(Low status)များဟု ယူဆတတ်ကြပြီး ထင်သလိုမောင်းတတ်ကြသည်။ ယာဉ်ကြီးများ မောင်းနှင်ရသူအချို့ကလည်း ယာဉ်ငယ်လေးများအပေါ် အနိုင်ကျင့်လိုတတ်ကြသည်။

**(၅) မထင်မှတ်ထားသောဖြစ်စဉ်များ**

ယာဉ်မောင်းနှင်စဉ် မိမိတို့တွေ့မြင်နေရသည်ထက် မထင်မှတ်သော၊ မမြင်နိုင်သောဖြစ်စဉ်များက ပေါ်လာတတ်သည်။ ယာဉ်မောင်းသည် မိမိစိတ်၏အာရုံစိုက်မှုအများစုကို ယာဉ်မောင်းနှင်မှုပေါ်မှာသာနှစ်မြှုပ်ထားသင့်သည်။ မောင်းနှင်နေစဉ်စကားပြောခြင်း၊ တီဗွီကြည့်ခြင်း၊ ဖုန်းပြောခြင်း စသည်တို့သည် လမ်းပေါ်မှအချက်ပြများ၊ အခြားယာဉ်များ စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်စွမ်းမရှိစေတတ်ပါ။ လူ့ဦးနှောက်အာရုံကြောစနစ်သည်အန္တရာယ်ကို အချိန်မီတုံ့ပြန်နိုင်ရန် အဆင်သင့်ရှိနေသော်လည်း မိမိကအချိန်မီဆောင်ရွက်နိုင်မှဖြစ်သည်။ သတိမလွတ်သောမောင်းနှင်မှုဖြင့် မောင်းနှင်ရန်လိုအပ်ပါသည်။ လမ်းအချက်ပြများသည်လမ်းတစ်လျှောက်လုံး၏အခြေအနေများကို ညွှန်ပြနေသဖြင့် ယင်းတို့ကို လေးနက်စွာ သတိထားနေသင့်သည်။

**(၆) မိမိရှိနေကြောင်း သတိပေးလွန်းခြင်း**

ယာဉ်မောင်းနှင်စဉ် အခြားယာဉ်မောင်းသူတို့က မိမိကိုမမြင်နိုင်ဟူသော အယူအဆလည်း ရှိတတ်ကြသည်။ မိမိ၏ယာဉ်ရှိနေကြောင်း သတိပေးမှုလွန်ကဲပါက အခြားယာဉ်မောင်းများ၏ ဒေါသစိတ်ကိုနှိုးဆွနိုင်သည်ကိုလည်း သတိပြုသင့်သည်။

စိတ်ကြွခိုင်မှုနည်းပါးသူတို့သည် လမ်းပေါ်တွင်မိမိသာလျှင် ဘုရင်တစ်ဆူလို သဘောထားတတ်ကြသည်။ ခရီးသည်တင်ယာဉ်မောင်းများကလည်း မိမိယာဉ်ပေါ် ပါလာသူတို့အဖို့ မိမိသည်အရှင်သခင်ကြီးဟု ထင်နေတတ်သည်။ မောင်းချင်သလို မောင်း၊ ဆက်ဆံချင်သလိုဆက်ဆံတတ်ကြသည်။ ယင်းသည် အလွန်ရိုင်းပျပြီး လူသားမဆန်သည့်စိတ်နေစိတ်ထားမျိုးဖြစ်သည်။ Dehumanise ခေါ် လူသားမဆန်သောစိတ်ထားနှင့် အပြုအမူများကို ညံ့ဖျင်းသောယာဉ်မောင်းနှင်မှု(poor driving)များ၊ အွန်လိုင်းအသုံးပြုမှု (Online enviroments) များမှာလည်း တွေ့နေရသည်။

**(၇) အမြန်လိုခြင်း**

ယာဉ်မောင်းနေခြင်းသည် ခရီးတစ်ခုသွားနေခြင်းဖြစ်သည်။ မိမိခရီးစဉ်ကို မိမိအရောက်သွားမည်ဖြစ်သဖြင့် အမြန်မောင်းရမှာဖြစ်သည်။ ကီလိုမီတာ ၁၀၀ အောက်သာ မောင်းနေရပါက၊ ဘယ်အချိန်မှရောက်ပါတော့အံ့နည်း။ အလွန်ငြီးငွေ့ဖွယ် ကောင်းသောကီလိုမီတာ ၇၀၊ ၈၀နှုန်းသည် အလုပ်မဖြစ်ပေ။ အမြန်မောင်းအံ့ဆိုသောအယူအဆတို့ရှိနေတတ်ကြသည်။ အမြန်လမ်းကြီးများဆိုသည်ကို အမြန်မောင်းရန်လမ်းဟု ထင်ကြသည်။ သို့နှင့်သတ်မှတ်မိုင်နှုန်းများကိုကျော်လွန်ကာမောင်းနှင်ကြရင်း မလိုအပ်သောအန္တရာယ်များ ကြုံရတတ်သည်။

**(၈) မိမိကိုယ်ကိုအထင်ကြီးနေခြင်း**

မိမိကိုယ်ကိုယုံကြည်ခြင်းနှင့်မိမိကိုယ်ကိုအထင်ကြီးခြင်းတို့သည် လုံးဝ ခြားနားပါသည်။ ယာဉ်မောင်းသူအများစုတွင် မိမိကိုယ်ကိုအထင်ကြီးစိတ်ဝင်နေတတ်သည်ဟု သိရသည်။ အထူးသဖြင့် ယာဉ်ကြီးယာဉ်ကောင်းများ၊ ခရီးသည်တင်ယာဉ်များကိုမောင်းနှင်နေရသူတို့၏စိတ်တွင် ဝင်လာတတ်သော အခြေအနေတစ်မျိုးဖြစ်သည်။ မိမိမှာရှိသည့်တန်ဖိုးထက်ပိုပြီး အထင်မှတ်မှားနေခြင်း(Dunning-Kruger Effect) ဟု စိတ်ပညာမှာ ဆိုထားသည်။ ထိုသို့သော စိတ်ထားရှိသူများသည် ယာဉ်မောင်းရာမှာမှ မဟုတ်၊ အခြားမည်သည့်နယ်ပယ်တွင်ဖြစ်စေ ပြဿနာများနှင့် ကြုံနေတတ်သည်။

**(၉) သတိပေးရန်ခရီးဖော်လိုအပ်ခြင်း**

တစ်ဦးတည်းမောင်းနှင်ရချိန်မျိုးတွင် အမြန်မောင်းမိခြင်းမျိုး ဖြစ်နိုင်သလို ပတ်ဝန်းကျင်အခြေအနေကို ကောင်းစွာတုံ့ပြန်နိုင်ခြင်း မရှိတတ်ပါ။ ထို့ကြောင့် အချိန်များများသွားရသော ခရီးမျိုးအတွက် ခရီးဖော်ပါသင့်ပါသည်။

**(၁၀) အာရုံစူးစိုက်မှုလျော့ကျသွားခြင်း**

Hand-free car phone လက်ကိုင်မဲ့ဖုန်းပြောခြင်းများက လက်ကိုင်ပြီးပြောသောဖုန်းများထက်အန္တရာယ်ကင်းပါသလား။ ယူကေနိုင်ငံတွင် Hand-free car phone များကိုခွင့်ပြုထားသည်။ ယင်းသည် သိပ္ပံပညာနှင့် ဥပဒေတို့ နားလည်မှုလွဲနေခြင်းဖြစ်သည်။ Conversation ခေါ် ပြောဆိုဆက်သွယ်နေခြင်းတိုင်းတွင် အသိစိတ်ကတစ်နေရာတည်းတွင်ရှိနေခြင်းဖြစ်သည်။ လက်ကိုင်မပါဘဲဖုန်းပြောနေလျှင်လည်း စိတ်အာရုံစူးစိုက်မှုကပြောဆိုနေသည့် အကြောင်းအပေါ်တွင်သာ ရှိနေမှာဖြစ်ပြီး ယာဉ်မောင်းနှင်မှုအပေါ် အပြည့်အဝ အာရုံစူးစိုက်နိုင်မှုရှိမှာမဟုတ်ပေ။

ယာဉ်မောင်းသူတို့၏ ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှု၊ စိတ်ဓာတ်ဖွံ့ဖြိုးရင့်ကျက်မှုတို့သည် ယာဉ်ပေါ်ပါခရီးသည်များ၏ အသက်ခန္ဓာအပေါ် များစွာလွှမ်းမိုး အကျိုးသက်ရောက်နေကြောင်း မျက်မှောက်ဖြစ်ရပ်များကိုကြည့်ခြင်းဖြင့် သိနိုင်သည်။ ယာဉ်မောင်းတစ်ဦး၏ သတိလက်လွတ်မှု၊ စည်းလွတ်ဝါးလွတ် ပြုမူဆောင်ရွက်မှုကြောင့် တန်ဖိုးကြီးလှစွာသော အပြစ်မဲ့ခရီးသည်များစွာ၊ အသက်များစွာထိခိုက်ဆုံးရှုံးနေရမှုများကို တွေ့ကြုံနေရခြင်းသည် အလွန်စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

နိုင်ငံအတွက်အားထားရမည့် လူသားအရင်းအမြစ်များလည်း ဆုံးရှုံးနေရသည်ကို တွေ့ရသည်။ ယာဉ်မောင်းများ၊ ယာဉ်မောင်းနှင်မှုဆိုင်ရာတွင် ပါဝင်ကြသူများအနေဖြင့် မိမိတို့၏အရည်အသွေး၊ စိတ်ပိုင်းဆိုင်ရာအရည်အသွေးများကို မှန်ကန်သောအခြေအနေရောက်အောင်ကြိုးစားပြုပြင်ကြစေလိုသည်။ သက်ဆိုင်ရာတို့ကလည်း ယာဉ်မောင်းတို့၏ စိတ်ပိုင်းအခြေအနေများကို လေ့ကျင့်ပြုပြင်ပေးကြခြင်းဖြင့် ယာဉ်အန္တရာယ်များကို အင်တိုက်အားတိုက် ကာကွယ်ထိန်းပေးသင့်ကြပေသည်။

လောကမှာမိမိ၏ တာဝန်မဲ့၊ သတိမဲ့၊ စည်းကမ်းမဲ့မှုများကြောင့် အပြစ်မဲ့တစ်ပါးသူများ ထိခိုက်နစ်နာကြရခြင်းများ လုံးဝမဖြစ်အောင် လူတိုင်းကြိုးစားသင့်ပါသည်။

**ကိုးကား**

**Bad Driving-Traffic Psychology-(UK)**

# ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်က ဆွေးနွေးရန်ဆုံးဖြတ်



နေပြည်တော် ဇူလိုင် ၂၈

**ရာသီတုပ်ကွေးရောဂါ (H1N1) pdm 2009 နှင့်ပတ်သက်ပြီး အသေအပျောက်နည်းပါးရေးနှင့် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် အရေးကြီးအဆိုတစ်ရပ်ကို ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသည်။**

**ရာသီတုပ်ကွေးရောဂါ Seasonal Influenza A (H1N1) pdm 2009 နှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက် တွန်းကြောင်း** အရေးကြီး အဆိုဖြစ်ပြီး ယင်းအဆိုကို လွှတ်တော်က ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

အဆိုရှင် ဦးသိန်းထွန်းက ၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက်မှ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးတွင် ရရှိသောအချက်အလက်အရ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ လူနာ ၅၀ အား ဆေးကုသမှုပေးခဲ့ကြောင်း၊ Seasonal Influenza A (H1N1) pdm 2009 Positive စုစုပေါင်းလူနာ ၃၀ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ခြောက်ဦးသေဆုံးခဲ့သည်ဟု သိရှိရပါကြောင်း၊ H1N1 လူနာ ၃၀ ဦး ဖြစ်ပွားခဲ့မှုတွင် ခြောက်ဦးသေဆုံးခဲ့ရာ ၂၀ ရာခိုင်နှုန်းဖြစ်နေ၍ ရာခိုင်နှုန်းများသော သေဆုံးမှုဖြစ်ပါကြောင်း။

ထိုသို့ဖြစ်ရခြင်းမှာ ပြည်သူလူထုအနေဖြင့် H1N1 ရောဂါလက္ခဏာများကို သာမန်တုပ်ကွေးမှတ်ယူ၍ နောက်ကျမှ ရောက်လာရခြင်းဖြစ်သည်ဟု ယူဆသည့်အတွက်ကြောင့် H1N1 ပညာပေးရေးလုပ်ငန်းကို လူစုလူဝေးရှိသော ကျောင်းများ၊ ရုံးများ၊ အလုပ်ရုံစက်ရုံများ၊ ဘတ်စ်ကား၊ မီးရထား၊ သင်္ဘောနှင့် လေဆိပ်တို့တွင် လူထုပညာပေးရေး အစီအစဉ်များ ဆောင်ရွက်သင့်ပါကြောင်း။

စိုးရိမ်စရာကောင်းသည့် တစ်ချက်မှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ဇူလိုင်လ ၁၇ ရက်အထိ ၁၂၄၆၀ ဦး H1N1 ဖြစ်ပွားခဲ့ရာ လူ ၆၀၀ ဦး သေဆုံးခဲ့ပါကြောင်း၊ ယမန်နှစ်ကလည်း အိန္ဒိယနိုင်ငံတွင် ၂၆၅ ဦး သေဆုံးခဲ့သည်ဟု သိရှိရပါကြောင်း၊ ထိုနိုင်ငံမှ မြန်မာနိုင်ငံသို့ မကူးစက်ရန် သင်္ဘောဆိပ်၊ လေဆိပ်များတွင်လည်း စစ်ဆေးမှုများ ပြုလုပ်ရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ယင်းအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ကြေညာထားသည်။

အစည်းအဝေးတွင် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များရှိ နွေစပါးစိုက်ဧက ၄၀၀၀၀ ကျော်အတွက် ရေလုံလောက်စွာပေးနိုင်ခြင်းမရှိဘဲ ခရမ်း၊ သန်လျင်မြို့နယ်များရှိ နွေစပါးစိုက်ဧက ၆၀၀၀ ခန့်ကို ရေပေးနေရခြင်းသည် အကျိုးရရှိမှု အလွန်နည်းသည့်အတွက် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏသည် ကြီးမား ကျယ်ပြန့်ပြီး ရန်ပုံငွေလိုအပ်ချက်များ ပြားပါကြောင်း၊ ခရမ်းနှင့် သန်လျင်မြို့နယ်များမှ နွေစပါးဧက ၆၀၀၀ ကို ရေပေးဝေနိုင်ရေးနှင့် ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များမှ နွေစပါးဧက ၄၀၀၀၀ ကျော်ကို အောင်ရေရသည်အထိ ရေပေးဝေနိုင်ရေးတို့အတွက် ပဲခူး-စစ်တောင်းတူးမြောင်းရှိ ပုဂံ-ညောင်ပင် ရေလွှဲပေါက်ရေမှတ်ကိုမူတည်၍ ရေလှည့်ဇယားရေးဆွဲပြီး အလှည့်ကျ ရေပေးဝေခြင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လိုအပ်သလို ကွင်းဆင်းညှိနှိုင်းမှုများ ဆောင်ရွက်ခြင်းတို့ဖြင့် အထိရောက်ဆုံးဖြစ်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ် ပင်ဖြစ်- ဆပ်သေလမ်းပေါ်ရှိ ပေ ၅၀ ပုန်းအင်းတံတားကို သစ်သားတံတားမှ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းတံတား အရှည် ပေ ၅၀ သည် ၁၉၉၆ ခုနှစ်တွင် ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော သစ်သားတံတားတစ်စင်းဖြစ်ပါကြောင်း။

တံတား၏ လက်ရှိအခြေအနေမှာ ကြမ်းခင်း၊ ရက်မများဆွေးမြည့်နေပါကြောင်း၊ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အတွင်းရှိ ပင်ဖြစ်-ဆပ်သေလမ်းပေါ်ရှိ ပုန်းအင်းကွန်ကရစ်တံတားအရှည် ပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှစ်အလိုက် ဦးစားပေးလျာထားမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ လွိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် တမူး မဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းတို့၏ နောင်နင်း (တောင်)ဆည်ရေထိန်းတံခါးနှင့် ရေဝင်လမ်းမြောင်းပေါင်များ ပြုပြင်ပေးရေး၊ လွိုင်လင်မြို့ပေါ်ရပ်ကွက် (၁)/(၂)/(၃)/ (၄)တို့တွင် သောက်ရေသုံးရေ အလုံအလောက် ဖြန့်ဝေပေးရေး၊ ချောင်းနယ် လက်ယာကမ်းဆည် ပြန်လည်ပြုပြင်ပေးရေး၊ ကျေးရွာချင်းဆက်လမ်းများအား လမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းထားသည့် **"နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က နယ်စပ်ဒေသများမှ သစ်ခိုးထုတ်မှုများကို သစ်တောရဲ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် ဆောင်ရွက်နေခြင်းသည် လုံလောက်မှုမရှိဟု ထင်မြင်ပါကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ပါတီများ၊ ဌာနဆိုင်ရာများသည် သစ်မှောင်ခိုများနှင့် ခပ်ကင်းကင်းနေကြရန် လိုအပ်ပါကြောင်း၊ သစ်မှောင်ခိုလုပ်နေသူများကို ပြည်သူကသိပါကြောင်း၊ အာဏာပိုင်နှင့် သစ်မှောင်ခို ပတ်သက်ဆက်စပ်နေလျှင် ပြည်သူက သတင်းပေးရဲမည် မဟုတ်ပါကြောင်း ဆွေးနွေးသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်က အထင်ကရလမ်းမကြီးများ၊ မြို့ကြီးပြကြီးများတွင် ဖမ်းဆီးနေရခြင်းသည် ဖြတ်သန်းခဲ့သည့် ဒေသအလိုက် ဆက်စပ်တာဝန်ရှိသည့် အဖွဲ့အစည်းများ တာဝန်ယူမှုကင်းမဲ့နေခြင်းကို ဖော်ပြနေပါကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှုများအတွက် သစ်တောဦးစီးဌာနတွင် တာဝန်ရှိသော်လည်း ကျန်သည့်ဆက်စပ်ဌာနများဖြစ်သည့် နယ်မြေလုံခြုံရေးတာဝန်ရှိအဖွဲ့အစည်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် သဘာဝသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် *စာမျက်နှာ ၈ သို့*

# ရတနာပုံကျေးရွာ သတ္တုတွင်းမြေအဖြစ်ကျရောက်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးရန်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**





အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ဘန်ဂလားကျေးရွာအုပ်စုရှိ ရတနာပုံကျေးရွာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ္တုတွင်းမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရတနာပုံ သတ္တုတွင်းစီမံကိန်း၏ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာနှင့် ရတနာပုံကျေးရွာသည် ကိုက် ၇၀၀ ခန့်ကွာဝေးပြီး ကျေးရွာပိုင်မြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ထားပါကြောင်း၊ ထို့ပြင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တု အသေးစားထုတ်လုပ်ရန် လျှောက်ထားသည့် လက်ရှိလုပ်ကွက်များနှင့် လွှတ်ကင်းကြောင်း တွေ့ရှိရသော်လည်း ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မှတ်တမ်းများအရ သတ္တုတွင်းနယ်မြေအတွင်းကျရောက်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သတ္တုတွင်းမြေအဖြစ် ကျရောက်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး သတ္တုတွင်းနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **ရွှေပါဝင်မှုနှုန်းမြင့်မားပြီး သတ္တုသိုက်ပမာဏကြီးမားသော သတ္တုသိုက်များ [မိုးထိမိုးမိလုပ်ကွက် (A)၊ ဝါးဖြူတောင်လုပ်ကွက် (B)၊ လယ်ပြင်လုပ်ကွက် (D)] တို့အား လုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများမှ သတ်မှတ်ကာလအတွင်း သတ်မှတ်ရွှေပမာဏအား ပေးသွင်းရန် ပျက်ကွက်နေမှုအပေါ် မည်သို့ အရေးယူဆောင်ရွက်သည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအနေဖြင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ လက်ရှိစာချုပ်ပါ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ ပေးသွင်းရန် ရွှေစင် ၁၀၆ ဒသမ ၀၁၅၇ ပိဿာ ကိစ္စနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုအနေဖြင့် ကုမ္ပဏီ၏ လုံခြုံမှုအာမခံစပေါ်ငွေကျပ် သိန်းပေါင်း တစ်သောင်းအား နုတ်ယူ၍ ၎င်းနေ့ဖြစ်ပေါ်သည့် ဈေးနှုန်းဖြင့် တန်ဖိုးသင့်ရွှေ ၁၁ ဒသမ ၂၆၁၂ ပိဿာအဖြစ် လက်ခံရရှိပြီး ၎င်းငွေကိုလည်း နှစ်လအတွင်း ပြန်လည်ပေးသွင်းရန် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

ထို့ပြင် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့ဖြင့် လုပ်ကွက်(A)၏ ထုတ်လုပ်ရရှိသည့် ရွှေများမှ အချိုးတစ်ခုဖြင့် ခွဲဝေပြီး ဌာနသို့ ရွှေပေးသွင်းခဲ့ရာ ရွှေစင် ၁၀ ဒသမ ၀၄၈၃ ပိဿာရရှိပြီး ဖြစ်ပါကြောင်း၊ ရွှေမိုးယံကုမ္ပဏီနှင့် အာရကမ္ဘာမြေကုမ္ပဏီတို့မှ လက်ရှိစာချုပ်ပါ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ ပေးသွင်းရန် ကျန်ရွှေစင် ၆၂ ဒသမ ၇၅၃၆ ပိဿာနှင့် ၂၅ ဒသမ ၆၉၈၂ ပိဿာကိစ္စနှင့်စပ်လျဉ်း၍ ကုမ္ပဏီနှစ်ခု၏ လုံခြုံမှု အာမခံစပေါ်ငွေကျပ် သိန်းပေါင်း တစ်သောင်းစီအား နုတ်ယူရရှိရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ကွက် (B)နှင့် (D) ကိုလည်း ဌာနကြီးကြပ်ရေးအဖွဲ့များ လွှတ်ပြီး လက်ရှိစာချုပ်အရ ပေးသွင်းရမည့် ရွှေများပေးသွင်းနိုင်ရန် ကြီးကြပ်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနမှ လုပ်ကွက် သုံးခု၏ လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ရန် အထူးစောင့်ကြည့်ရေးအဖွဲ့ သုံးဖွဲ့ စေလွှတ်ထားပါကြောင်း၊ ကုမ္ပဏီ သုံးခုမှ တင်ပြသည့် အခက်အခဲများကြောင့် ကုမ္ပဏီများပေးသွင်းရမည့် ရွှေပမာဏ ပေးသွင်းနိုင်ရန် အချိန်ကာလနှင့် အခြားထည့်သွင်း စဉ်းစားသင့်သည့် အချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အကြံပြုသဘောထားရယူခြင်း၊ ကုမ္ပဏီသုံးခုမှ လက်ရှိစာချုပ်အရ ပေးသွင်းရမည့် ရွှေများကို သတ်မှတ်ခွင့်ပြုမည့် သက်တမ်းကာလအတွင်း ပေးသွင်းမည့် အစီအမံတင်ပြခြင်း၊

*စာမျက်နှာ ၈ သို့*

# သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကိုလေ့လာသုံးသပ်ပြီး ရေရှည်အတွက် ကြိုတင်ကာကွယ်ပြင်ဆင်မှုများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈

**၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်ခြင်းတို့ကြောင့် တိုင်းဒေသကြီး / ပြည်နယ်အချို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေး၊ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် Drone ဖြင့် ကောင်းကင်ဓာတ်ပုံရယူရန် ပြင်ဆင်နေမှုကို ကြည့်ရှုစဉ် (သတင်းစဉ်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပွားနေသည့် ရေဘေးသင့်ပြည်သူများအား ချက်ချင်းကူညီထောက်ပံ့မှုပြုရေးနှင့် ရေရှည်အတွက် ကြိုတင်ကာကွယ်ရေးအစီအမံများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားနိုင် ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ ယင်းနောက် လတ်တလောဆောင်ရွက်ရန်လိုအပ်သည့် နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ ကမ်းပါးပြိုကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ်သိန်း ၇၇၂ ဒသမ ၆၀ ကို ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် မင်းဘူး(စကု)မြို့နယ် အမှတ်(၄)ရပ်ကွက် မုန်ကင်းဘုန်းတော်ကြီးကျောင်းနှင့် ညောင်ဗဉ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့တွင် ယာယီဖွင့်လှစ်ထားရှိသည့် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ယခုကဲ့သို့ ရေကြီးရေလျှံဖြစ်ပွားမှုသည် ပုံမှန်ဖြစ်နေကျပဲဟု သဘောထားနေပါက နှစ်စဉ်ဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်နေကြရမည်ဖြစ်ပြီး အကြောင်းရင်းကို သေချာစွာလေ့လာသုံးသပ်ပြီး ရင်းနှီးပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ကျရောက်လာမည့် သဘာဝဘေးအတွက် ရင်ဆိုင်နိုင်ရန် အသင့် ဖြစ်မည်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရေဘေးရှောင်ပြည်သူများကို အားပေးစကားပြောကြားကာ ခုနစ်ရက်စာဆန် ရိက္ခာဖိုး ငွေကျပ် ၆ ဒသမ ၃ သိန်းစီနှင့် သောက်ရေသန့်များကို လည်းကောင်း၊ စခန်းရှိ ကလေးငယ်များအတွက် ကစားစရာနှင့် မုန့်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ မင်းဘူး(စကု) မြို့နယ် ရွာသာကျေးရွာသို့သွားရောက်ပြီး ရေဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုအား လည်းကောင်း၊ ရေမြက်ကျေးရွာသို့ သွားရောက်ပြီး ဆားပွက်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအား လည်းကောင်း ကြည့်ရှုကာ ရေရှည်အတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် Drone များဖြင့် ရေကြီးရေလျှံဖြစ်ပွားမှု၊ ကျေးရွာချင်းဆက်လမ်းများ၏ အခြေအနေနှင့်တည်ရှိမှုများအား ကောင်းကင်ဓာတ်ပုံရယူနေခြင်းကို ကြည့်ရှုကာ သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် အဆင်သင့်ဖြစ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် သိပ္ပံနှင့် နည်းပညာပံ့ပိုးမှု လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေး (မကွေး)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့အား သွားရောက်ကြည့်ရှုပြီး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်မှ*

အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်းနှင့် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) မောင်တင်သစ်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြင်ဆင်ရေးဆွဲနေသည့် သစ်တောဥပဒေ(မူကြမ်း)တွင် ပြစ်မှုကျူးလွန်သူအား အနည်းဆုံး ထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ၁၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်သိန်း ၃၀ အထိ ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားနေပါကြောင်း၊ သစ်တောဥပဒေသစ် ပြဋ္ဌာန်းပြီးပါက တရားမဝင်သစ်ထုတ်မှုများအား နှောင့်ကြဉ်စေသည်အထိ ထိရောက်စွာအရေးယူဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ တရားမဝင် သစ်ခိုးထုတ်သယ်ဆောင်မှုများတွင် ပါဝင်ပတ်သက်သည့် သစ်တောဝန်ထမ်းများ၊ တာဝန်ကို ပေါ့လျော့စွာထမ်းဆောင်သည့် ဝန်ထမ်းများကိုလည်း ကျူးလွန်သည့် ပြစ်မှုအပေါ်မူတည်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဇွန်လကုန်အထိ) အရာထမ်းများ အပါအဝင် သစ်တောဝန်ထမ်း စုစုပေါင်း ၁၁၁၁ ဦးအား အရေးယူဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း"နှင့် "မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

---

*အမျိုးသားလွှတ်တော်မှ*

ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီမှ ကုမ္ပဏီတာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး သင့်တင့်မျှတသည့် အစီအမံကို တင်ပြခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုသို့ဆိုင်းငံ့ထားသည့် ကာလအတွင်း ကုမ္ပဏီသုံးခုထံမှ စာချုပ်အရပေးသွင်းရမည့် ရွှေများကောက်ခံရရှိရေးနှင့် ကုမ္ပဏီသုံးခုက တင်ပြထားသည့် စာချုပ်များပြင်ဆင်ချုပ်ဆိုရေး လိုအပ်ခြင်း ရှိ၊ မရှိကို စိစစ်ပြီး နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြထားပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမင်းနိုင်၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေးရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များတွင် MPT 3G ဆက်သွယ်ရေးတာဝါတိုင်များ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဝန်ကြီးဌာနအနေဖြင့် နာဂဒေသအပါအဝင် ဝေးလံခေါင်သီသောဒေသများ၊ လူဦးရေနည်းပါးသောဒေသများတွင် ပြည်သူများအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိခံစားနိုင်ရန်အတွက် ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တည်ဆောက်သွားရန် ဆက်သွယ်ရေး အော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် Universal Service Fund (USF) ရန်ပုံငွေတစ်ရပ် တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အဆိုပါရန်ပုံငွေ တည်ထောင်ပြီးပါက အခြေအနေပေါ်မူတည်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစားပေးအဆင့်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပထဝီအနေအထားအရ တောတောင်ထူထပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လူဦးရေနည်းပါးခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းသာရှိခြင်း စသည့်အခြေအနေတို့အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပြင် ပြည်ပဆက်သွယ်ရေးအော်ပရေတာများ ဖြစ်ကြသည့် တယ်လီနောမြန်မာလီမိတက်နှင့် အော်ရီဒူးမြန်မာလီမိတက်တို့အနေဖြင့် လည်း လောလောဆယ်တွင် လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသည့်နေရာများတွင် GSM 3G စနစ် မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က အကြံပြုဆွေးနွေးကြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **ပညာရေးမြှင့်တင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**အား ကော်မတီအတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး **အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**အား ကော်မတီအတွင်းရေးမှူး ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစခင်ဇော်လင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး **အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော် **တောင်သူလယ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့က ကော်မတီအနေဖြင့် အစီရင်ခံစာ၌ တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများ အဆင်ပြေနိုင်မည့် အကြံပြုချက်များကို ထည့်သွင်းတင်ပြသင့်ကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီအတွင်းရေးမှူး ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး (သတင်းစဉ်)**

---

# တွံတေး၌ ရေကြီးမှုကြောင့် ယာယီပိတ်ထားသောကျောင်းများ ပြန်ဖွင့်

**တွံတေး ဇူလိုင် ၂၈**




ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စု တွံတေးတူးမြောင်းနှင့် အုန်းပင်ချောင်း ချောင်းဘေးရှိ အုန်းပင်ချောင်းကျေးရွာ အလယ်တန်းကျောင်းခွဲ၊ ချောင်းသစ်မူလတန်းကျောင်း၊ ရေဝက်ချောင်း မူလတန်းကျောင်းများကို ဇူလိုင် ၂၄ ရက်မှစတင်၍ ကျောင်းအတွင်း ဒီရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားခဲ့ပြီး ဇူလိုင် ၂၈ ရက် နံနက်တွင် ယာယီပိတ်ထားသောကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တွံတေးတူးမြောင်းရေ သိသိသာသာ ကျဆင်းသွားသည့်အတွက် အဆိုပါ ကျောင်းသုံးကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ ကျောင်းပြန်လည် တက်နိုင်ခဲ့သည့်အတွက် ဝမ်းသာပျော်ရွှင်စွာ စာသင်ကြားခြင်းနှင့် ဆော့ကစားခြင်းများဖြင့် ပျော်ရွှင်နေကြောင်း သိရသည်။

အဆိုပါ ထူးကဲဒီရေတက်မှုကြောင့် ယာယီပိတ်ထားခဲ့သော ရက်များအစား ပိတ်ရက်နှင့်အညီ အစားထိုးသင်ကြားရန် စီစဉ်ဆောင်ရွက်ထားကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**

---

# ရေနစ်နေသည့် မိုးစပါးစိုက်ဧက ၁၆၀၀ ခန့် အပျက်အစီးမရှိ

**ဖြူး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း၌ မြို့နယ်ခြောက်မြို့နယ်တို့တွင် မိုးစပါးစိုက်ဧက အများဆုံးစိုက်ပျိုးလျက်ရှိသော ဖြူးမြို့နယ်၌ ယခု ၂၀၁၇-၂၀၁၈ စပါးစိုက်ပျိုးရာသီတွင်လည်း သတ်မှတ်လျာထားသည့်အတိုင်း မိုးစပါးစိုက် ဧက ၁၅၁၄၄၇ ဧက စိုက်ပျိုးခဲ့ရာ လာမည့်ဩဂုတ်လပထမပတ်အတွင်း ရာနှုန်းပြည့် စိုက်ပျိုးတော့မည်ဖြစ်သည်။

ယခု ဇူလိုင် ၂၁ ရက်မှစ၍ မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် စပါးစိုက်ပျိုးဧက ၁၆၀၀ ခန့်တို့မှာ ရေနစ်မြုပ်လျက်ရှိသဖြင့် လယ်သမားကြီးများမှာ စိုက်ပျိုးပြီး စပါးစိုက်ခင်းများ ပျက်စီးသွားမည်ကို အထူးစိုးရိမ်လျက်ရှိကြသော်လည်း ယခုအချိန်တွင် မိုးရွာသွန်းမှုနည်းပါးသွားသဖြင့် ရေနစ်မြုပ်စပါးစိုက်ဧကများ လုံးဝပျက်စီးမှုမရှိကြောင်း မြို့နယ်စိုက်ပျိုးရေးရုံးမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**ဖြူး-မြင့်ဦး**

# ထားဝယ်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ(H5 N1) ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ထားဝယ်မြို့နယ် ဝဲကျွန်းထိန်သစ်ရပ်ကွက်ရှိ ကြက်မွေးမြူရေးခြံတွင် မွေးမြူထားသည့် အသက်(၃)လမှ (၁၂)လအရွယ် ဥစားကြက်ကောင်ရေ ၅၀၀၀ သည် ဇူလိုင် ၁၆ ရက်မှ စတင်ကာ ပုံမှန်မဟုတ်သော သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပြီး ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရာ ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ A/H5N1 ကြောင့် ဖြစ်ကြောင်း စစ်ဆေးအတည်ပြုနိုင်ခဲ့ပြီး ယခုအချိန်တွင် ရောဂါပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဒေါက်တာ ရဲထွန်းဝင်း ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန



ဒေါက်တာ မင်းသိမ်းမော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

"ထားဝယ်က ကြက်ခြံတွေမှာ ကြက်ငှက်တုပ်ကွေး H5N1 ဖြစ်ပွားတာကို ရှင်းလင်းပြီးဖြစ်ပါတယ်။ ရောဂါက ပြန့်ပွားမှုရှိသလားဆိုတဲ့ စစ်ဆေးမှုတွေကိုလည်း ရောဂါထိန်းချုပ်ရေးအဖွဲ့တွေနဲ့ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေကိုလည်း အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ကြက်တွေမှာ H5N1 ရောဂါဖြစ်ပွားပြီဆိုရင် လူကိုကူးစက်နိုင်တဲ့အတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ ကုသမှုအတွက် တိုက်ရိုက်ဆေးမရှိပါဘူး။ အထောက်အပံ့ ဆေးပဲရှိပြီးတော့ ရောဂါပျောက်ကင်းဖို့အတွက် အာမခံချက် နည်းပါတယ်။ လူသားကို ကူးစက်ခံရရင် အသက်အန္တရာယ်ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် လူသားတွေကို မကူးစက်နိုင်ဖို့အတွက် ကြက်ခြံတွေမှာ ရောဂါရှင်းလင်းရေးကို သေချာစွာဆောင်ရွက်ရပါတယ်။ ရှင်းလင်းပြီးရင် ရောဂါထိန်းချုပ်မှုအနေနဲ့ ဒီဒေသမှာ ကြက်၊ ကြက်သား၊ ကြက်ဥ စတာတွေကို တားဆီးပိတ်ပင်ထားပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် Virus မျိုးကွဲအားသိရှိနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် ပူးပေါင်း၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာ ရည်ညွှန်း ကိုးကားဓာတ်ခွဲခန်းဖြစ်သည့် Australia နိုင်ငံ Geelong ရှိ Australia Animal Health Laboratory (AAHL) သို့ ရောဂါနမူနာပစ္စည်းများ ပေးပို့ထားကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထားဝယ်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ဇူလိုင် ၂၆ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အဆိုပါထုတ်ပြန်ချက်တွင် ဒေသခံများအနေဖြင့် ကြက်/ဘဲ ထွက်ကုန်ပစ္စည်းအမျိုးမျိုးကို စားသုံးခြင်းမပြုကြရန်နှင့် ကြက်/ဘဲ ထွက်ကုန် အမျိုးမျိုးကို ထပ်မံ၍ သတင်းထုတ်ပြန်ခြင်း မပြုမီကာလပတ်လုံး ရောင်းဝယ်သယ်ဆောင်ခြင်း မပြုကြရန် ဖော်ပြထားသည်။

"ဇူလိုင် ၂၂ ရက်က ထားဝယ် ကြက်ခြံမှာ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီလိုဖြစ်ပွားလာရင် ဖြစ်ပွားတဲ့ခြံတင်မကဘဲ အနီးအနားက ခြံတွေကိုပါ စစ်ဆေးရှင်းလင်းရပါတယ်။ အနီးမှာ ခြံ ငါးခြံရှိတယ်။ ဒီထဲက ခြံ လေးခြံမှာ ကြက်ရှိတယ်။ ကျန်တဲ့ ခြံ တစ်ခြံက ကြက်မရှိဘူး။ ကြက်မွေးထားတဲ့ ခြံ လေးခြံကို ဇူလိုင် ၂၇ ရက်ညမှာ ရှင်းလင်းပြီး ဖြစ်ပါတယ်။ ရှင်းလင်းတဲ့အခါ ရောဂါပိုးမပျံ့နှံ့နိုင်အောင် ပိုးရှိတဲ့ကြက်တွေကို အရင်မီးရှို့ဖျက်ဆီးပြီးမှ အနည်းဆုံး အနက် ၁၀ ပေလောက်ရှိတဲ့ တွင်းထဲမှာ မြှုပ်နှံရပါတယ်။ ပြီးရင် ပိုးသတ်ဆေးဖျန်းတဲ့လုပ်ငန်းကိုလည်း စနစ်တကျလုပ်ဆောင်ရပါတယ်။ ဒီလိုစနစ်တကျလုပ်ဆောင်ပြီး ရောဂါ ရှိ၊ မရှိ ထပ်မံစစ်ဆေးတဲ့ စမ်းသပ်ကာလ ရက် ၉၀ ရှိပါတယ်။ ရက် ၉၀ မှာ ပိုးမတွေ့တော့ရင် ရောဂါကင်းရှင်းကြောင်း ကြေညာပြီး တွေ့သေးတယ်ဆိုရင် နောက်ထပ် ရက် ၉၀ သတ်မှတ်ပြီး လုပ်ဆောင်ရပါတယ်"ဟု ရောဂါထိန်းချုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးပူးပေါင်းအဖွဲ့သည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ထားဝယ်မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ကော်မတီဝင်များနှင့် ပူးပေါင်းလျက် ရောဂါစတင်ဖြစ်ပွားသည့် ကြက်ခြံ၊ အဆိုပါ ခြံပတ်ဝန်းကျင်ရှိ ကြက်ခြံများနှင့် ကြက်ဒိုင်များမှ စုဆောင်းထားသောကြက်များ ပါဝင်သည့် ကြက်ကောင်ရေ ၂၀၉၀၇ ကောင်ကို ပိုင်ရှင်များ၏ သဘောတူညီချက်ဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

"ကြက်ငှက်တုပ်ကွေးက အေ၊ ဘီ၊ စီ အုပ်စု သုံးခုရှိပါတယ်။ အေ အုပ်စုက လူသားနဲ့တိရစ္ဆာန်မှာ အများဆုံးဖြစ်တတ်ပြီးတော့ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်တဲ့ ပိုးအမျိုးအစားလည်း ဖြစ်ပါတယ်။ H5N1 ရောဂါဟာ ကြက်ငှက်တွေမှာတင်မကဘဲ လူသားတွေကို ကူးစက်ဖြစ်ပွားခဲ့တာ ရှိခဲ့ပါတယ်။ WHO ရဲ့ ၂၀၁၇ ဇူလိုင် ၁၅ ရက်အထိစာရင်းတွေအရ နိုင်ငံ ၁၆ နိုင်ငံ



ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် ကြက်မွေးမြူရေးခြံများအား သုတ်သင်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်

လောက်မှာ ကြက်ငှက်တွေကနေတစ်ဆင့် ၈၅၉ ဦး ကူးစက်ခံရပြီးတော့ ၄၅၃ ဦး သေဆုံးခဲ့တယ်လို့ သိရှိရပါတယ်။ အကြမ်းအားဖြင့် ကူးစက်ခံရတဲ့သူ တစ်ဝက်လောက် သေဆုံးတာ တွေ့ရပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာ မင်းသိမ်းမော်က ပြောသည်။

မြန်မာနိုင်ငံတွင် ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ (A/H5N1) သည် ၂၀၀၆ ခုနှစ်မှ စတင်ကူးစက်ဖြစ်ပွားခဲ့ကြောင်းနှင့် စတင်ဖြစ်ပွားခဲ့သည့် ၂၀၀၆ ခုနှစ်မှ ယခုနှစ်အထိ ကိုးကြိမ် ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားခဲ့သည့် ဖြစ်စဉ် ကိုးကြိမ်လုံးတွင် အရေးပေါ်ကာကွယ်ထိန်းချုပ်ရေးစီမံချက်ပါအတိုင်း ရောဂါထိန်းချုပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

"ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဗဟိုကော်မတီကို ဖွဲ့စည်းထားတာရှိပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးမှာလည်း ကော်မတီရှိပါတယ်။ ဒီကော်မတီကို လုပ်ဆောင်ရမယ့် စီမံချက်တွေပေးပို့ပြီး ဆောင်ရွက်ပါတယ်။ ထားဝယ်မှာ ဖြစ်ပွားတာနဲ့ ကျန်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု ရှိ၊ မရှိကို တစ်ပြိုင်တည်း စစ်ဆေးနေပါတယ်။ ကျန်တဲ့နေရာတွေမှာတော့ ဖြစ်ပွားမှု မရှိပါဘူး။ ဖြစ်ပွားတာတွေရှိရင်လည်း ချက်ချင်းအကြောင်းကြားဖို့ ပြောကြားထားပါတယ်။ ကြက်မွေးမြူတဲ့ခြံတွေကို ကိုယ့်ခြံကို သေချာစောင့်ကြည့်ဖို့နဲ့ ကြက်ကောင်ရေ ၁၀၀ မှာ ငါးကောင် သေဆုံးမှုရှိတာနဲ့ စစ်ဆေးမှုပြုလုပ်နိုင်ဖို့အတွက် အကြောင်းကြားဖို့ ပြောကြားထားပါတယ်"ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးအဖွဲ့သည် ကြက်ငှက်တုပ်ကွေးရောဂါပိုးပြန့်ပွားမှုမရှိစေရေးအတွက် သေဆုံးကြက်များအား တွင်းတူးမြေမြှုပ်ခြင်း၊ ဇီဝလုံခြုံရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားရာခြံသို့ ဝင်ထွက်သွားလာမှုများ ကန့်သတ်ခြင်း၊ ကြက်ဥ/ကြက်သားများ ကူးသန်းသွားလာမှုထိန်းချုပ်ခြင်း၊ ဇီဝလုံခြုံမှု စည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာ ဆောင်ရွက်ရန် ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ရောဂါဖြစ်သည့် တစ် ကီလိုမီတာအတွင်း ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ရောဂါပိုးတွေ့ရှိသော ကြက်များနှင့် သေဆုံးကြက်များအား သုတ်သင်ဖယ်ရှားရှင်းလင်းခြင်း၊ သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ခြံလုပ်သားများအား ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရှင်မင်း**

**ဓာတ်ပုံ-KYS ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**"ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးအဖွဲ့သည် ကြက်ငှက်တုပ်ကွေးရောဂါပိုးပြန့်ပွားမှုမရှိစေရေးအတွက် သေဆုံးကြက်များအား တွင်းတူးမြေမြှုပ်ခြင်း၊ ဇီဝလုံခြုံရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားရာခြံသို့ ဝင်ထွက်သွားလာမှုများ ကန့်သတ်ခြင်း၊ ကြက်ဥ/ကြက်သားများ ကူးသန်းသွားလာမှုထိန်းချုပ်ခြင်း၊ ဇီဝလုံခြုံမှုစည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာ ဆောင်ရွက်ရန် ပညာပေးဟောပြော"**

# မုံရွာဆေးရုံကြီးနှင့် ကြက်မွေးမြူရေးဇုန်တို့ကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး စစ်ဆေးပြီး မဟုတ်မမှန်သတင်းဖြန့်သူကို အရေးယူသွားမည်

**မုံရွာ ဇူလိုင် ၂၈**

ကောလာဟလဖြစ်ကာ လူအများကြား အလန့်တကြားဖြစ်အောင် လူမှုကွန်ရက်မှတစ်ဆင့် မုံရွာတွင် H1N1 ဖြစ်နေသူတစ်ဦးတွေ့သည့်အကြောင်းနှင့် မုံရွာကြက်မွေးမြူရေးဇုန်တွင် ယခင်ကကဲ့သို့ ကြက်ငှက်တုပ်ကွေးဖြစ်၍ ကြက်စတင်သေနေပြီဆိုသောသတင်းမှားကို တိတိကျကျသိရှိစေရန် ကြိုတင်ကာကွယ်ရေးကို အရှိန်မြှင့်ဆောင်ရွက်ကြရန်အတွက် မမှန်သတင်းဖြန့်သည့် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့်အဖွဲ့သည် မုံရွာဆေးရုံကြီးနှင့် မုံရွာကြက်မွေးမြူရေးဇုန်တို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**



"မုံရွာဆေးရုံကြီးနဲ့ မုံရွာဥစားကြက်မွေးမြူရေးဇုန်ကို ရောက်လာတော့ ပိုပြီးရှင်းရှင်းလင်းလင်း သိရပါတယ်။ ပြည်သူလူထုကို ထိတ်လန့်အောင် တချို့က ရည်ရွယ်ချက်ရှိရှိနဲ့ ဖြန့်နေတာတွေ့ရပါတယ်။ ဒါတွေကို လိုအပ်သလို အရေးယူဆောင်ရွက်ဖို့ရှိပါတယ်။ မုံရွာကြက်မွေးမြူရေးဇုန်မှာ H5N1 ပျံ့နှံ့မှုမရှိသလို ကြက်အသေအပျောက် လုံးဝမရှိဘူးဆိုတာ သေချာသွားပါပြီ။ မုံရွာဆေးရုံကြီးမှာ H1N1 က အခုလောလောဆယ်မှာဖြစ်တဲ့သူ မရှိသေးပါဘူး။ ဒါပေမယ့် အားလုံးကိုတော့ လှုံ့ဆော်ထားပါတယ်။ ဇူလိုင် ၂၆ ရက်ကလည်း မြို့နယ်၊ ခရိုင်တွေက ဆရာဝန်တွေအားလုံး ညှိနှိုင်းဆွေးနွေးထားပြီး ပညာပေးတာ၊ ကာကွယ်တာနဲ့ ကုသတာတွေလုပ်နိုင်အောင် ကြိုတင်စီစဉ် ဆောင်ရွက်မှုတွေလုပ်နေပါတယ်။ တကယ်လို့ ဖြစ်လာလို့ရှိရင်လည်း သီးသန့်ထား ကုသဖို့အတွက် နေရာတွေကို စီစဉ်ထားပါတယ်" ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

မုံရွာပြည်သူ့ဆေးရုံကြီးအတွင်း အကယ်၍ H1N1 ဖြစ်လျှင် လက်ခံကုသပေးနိုင်ရန် ကြိုတင်ဆောင်ရွက်ထားမှုနှင့် ဆေးရုံအတွင်း လက်ရှိဆေးကုသခံယူနေသော လူနာများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မုံရွာဥစားကြက်မွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမ၌ ကြိုတင်ဆောင်ရွက်ထားရန်နှင့် ဇီဝလုံခြုံရေးကို ယခုထက်ပိုမိုဆောင်ရွက်ရန်တို့ကို ကြက်မွေးမြူနေသူများအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက မှာကြားကာ မုံရွာကြက်မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဒါနစုဘူးပရဟိတလူငယ်များ N95 နှာခေါင်းစည်းများမျှဝေရောင်းချ

**ရန်ကုန် ဇူလိုင် ၂၈**

ယခုရက်ပိုင်းအတွင်း အချို့သောမြို့နယ်များတွင် ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A (H1N1)2009 သတင်းမှာ ပြည်သူများအကြား ပိုမိုကျယ်ပြန့်လာသည့်အတွက် စိုးရိမ်ကြောင့်ကြမှုများရှိလျက် လူအများသွားလာလျက်ရှိသောနေရာ၊ ခရီးသွားယာဉ်များပေါ်နှင့် အခြားကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများပါ နှာခေါင်းစည်းများဖြင့် သွားလာနေကြသည်ကို တွေ့မြင်နေရသည်။

သို့အတွက်ဆေးဆိုင်များတွင် နှာခေါင်းစည်းရောင်စုံများရောင်းမလောက်ရှိနေသည့်အပြင် စီးပွားရေးသမားတချို့က အခွင့်ကောင်းယူကာ မူလဈေးထက်ပိုမိုမြှင့်တင်ရောင်းချမှုများရှိလာသည်ဟု သိရသည်။

သို့အတွက် ပြည်တွင်းပရဟိတ အဖွဲ့အစည်းများက ရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရီးသွားပြည်သူများအကြား နှာခေါင်းစည်းလေးများကို အခမဲ့ဝေငှပေးနေကြသည်ကို တွေ့ရသည်။

လက်ရှိအသုံးပြုနေသော နှာခေါင်းစည်းရောင်စုံများထက် ပိုမိုကောင်းမွန်သော N95 Mask (နှာခေါင်းစည်း)များကို ဇူလိုင် ၂၈ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီးအလုံမြို့နယ် ဌာနာရပ်ကွက် နံ့သာလမ်းအတွင်း၌ ဒါနစုဘူးပရဟိတလူငယ်များအဖွဲ့က ယင်းနှာခေါင်းစည်းများကို အမြတ်မယူ မူရင်းဈေးနှုန်းထက်လျှော့၍ တစ်ခုလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လူတစ်ယောက်လျှင် လေးခုစီ မျှဝေရောင်းချပေးလျက်ရှိနေကြောင်းသိရ၍ သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။



"ကျွန်တော်တို့ ဒါနစုဘူးပရဟိတလူငယ်များအဖွဲ့က ဖေ့စ်ဘုတ်တွင် ကြိုတင်ကြေညာပြီး ဒီကနေ့ နံနက် ၉ နာရီကတည်းက စတင်ရောင်းပေးနေပါတယ်။ အများအပြားပဲ စနစ်တကျနဲ့ တန်းစီပြီး ဝယ်ကြပါတယ်။ အခုအရေအတွက် ၇၀၀၀ ကျော် ရောင်းချပေးခဲ့ပါတယ်"ဟု အဖွဲ့မှ ကိုချစ်ဖြိုးကျော်က ရှင်းပြသည်။

တန်းစီဝယ်ယူပြီးပြန်လာသည့် ငုဝါလမ်းမှ ဒေါ်စုမွန်က "ဒီနှာခေါင်းစည်းက အခုလက်ရှိအသုံးပြုနေတဲ့ ပစ္စည်းထက်ပိုပြီး ကာကွယ်နိုင်တယ်။ အပြင်မှာ တစ်ခုကို ငွေကျပ် ၅၀၀၀ လောက်အထိ ပေးရတယ်၊ ဒါကြောင့်အပင်ပန်းခံတန်းစီပြီး လာဝယ်တာပါ"ဟု ဆိုသည်။

အဖွဲ့မှ ကိုဖြိုးသက်နိုင်က "အခု ကျွန်တော်တို့မျှဝေတဲ့ နှာခေါင်းစည်းက တရုတ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံထုတ်ပစ္စည်းတွေပါ၊ ဈေးကွက်ထဲကို အရောက်မခံဘဲ ရသမျှစုစည်းပြီး ပြည်သူတွေကို မျှဝေပေးသွားမှာပါ၊ အခုလည်း ထပ်မှာထားပါတယ်" ဟုဆိုသည်။

ဆက်လက်၍ "အခု ဒီနေ့က ပြည်သူတွေကို မျှဝေရောင်းတာပါ၊ အဖွဲ့အစည်းတွေက လိုအပ်တယ်ဆို လျှောက်လွှာနဲ့ ထောက်ခံစာပါ ပူးတွဲပြီးတောင်းခံမယ်ဆိုရင် တစ်ဖွဲ့ကို အခု ၄၀ ကနေ ၁၀၀ အထိယူသွားမှာပါ"ဟု ပြောသည်။

ထို့အပြင် ဆေးရုံများတွင် ဆရာဝန်၊ သူနာပြုဝန်ထမ်းနှင့် လိုအပ်သည့်လူနာများအတွက် အခမဲ့လှူဒါန်းသွားမည်ဟု ဆိုသည့်အပြင် ဒါနစုဘူးပရဟိတလူငယ်များဖြင့် ဆက်သွယ်လိုပါက အမှတ် ၆၉ နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ဖုန်းနံပါတ် ၀၉-၉၇၈၉၈၂၅၂၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မုံရွာတက္ကသိုလ်အတွင်း H1N1 ကူးစက်သူတစ်ဦး တွေ့ရှိဟူသော သတင်းနှင့်စပ်လျဉ်း၍ မုံရွာပြည်သူ့ဆေးရုံကြီး၌ သတင်းစာရှင်းလင်း

**မုံရွာ ဇူလိုင် ၂၈**

**"မုံရွာတက္ကသိုလ်အတွင်း H1N1 ရောဂါကူးစက်နေသူတစ်ဦးကို ဇူလိုင်၂၇ ရက်က ပထမဆုံးတွေ့ရှိ(အနီရောင်အဆင့်စတင်လှုပ်ရှား)"**ဟူသော ဇူလိုင် ၂၈ ရက် နံနက် ၃ နာရီခန့်က Monywa University ဖေ့စ်ဘုတ်စာမျက်နှာတွင် တက်သည်မှာ လုံးဝသတင်းအမှားဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၈ ရက် နံနက်က မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ရုံးခန်း၌ ပြုလုပ်သည်။ **(အောက်ပုံ)**



"အခု ဒီမနက် ဖေ့စ်ဘုတ်မှာ ပျံ့နေတဲ့ မုံရွာတက္ကသိုလ်ပေ့ချ်နဲ့ ပတ်သက်ပြီး တက္ကသိုလ်ကျောင်းသူတစ်ဦး H1N1 ဖြစ်လို့ ဆေးရုံတက်နေရတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ မုံရွာတက္ကသိုလ်ဆေးရုံမှာလည်း မရှိပါဘူး။ မုံရွာဆေးရုံမှာလည်း H1N1ဖြစ်တဲ့ လူနာတက်ရောက်ကုသတာ လုံးဝမရှိပါဘူး"ဟု ခရိုင်တိုင်းကုသရေးဦးစီးမှူး ဒေါက်တာကိုကိုလေးက သတင်းစာရှင်းလင်းပွဲတွင် အတိအလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် ခရိုင်တိုင်းကုသရေးဦးစီးမှူး ဒေါက်တာကိုကိုလေး ဦးဆောင်၍ သမားတော်ကြီး ဒေါက်တာကိုကိုလွင်၊ မုံရွာဆေးရုံအုပ် ဒေါက်တာဝင်းဝင်းဌေးနှင့် ဒေါက်တာအေးအေးမြင့်၊ အဏုဇီဝရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသီတာစမ်းတို့နှင့်အတူ မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် သင်တန်းရေးရာဌာန ဒေါက်တာ သက်နိုင်ဦးတို့က သတင်းမှားဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယခုအရေးအသားသည် အတော်ပင်မကောင်းသော အရေးအသားဖြစ်သလို လူအများလည်း ထိတ်လန့်စေပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် နောက်တစ်လဆိုလျှင် စာမေးပွဲပြုလုပ်တော့မည်ဖြစ်သောကြောင့် ကျောင်းသားကျောင်းသူများ စာကျက်နေရသောအချိန်ဖြစ်ကာ နည်းပြသရုပ်ပြများ စစ်ဆေးနေသောအချိန်ဖြစ်သည့်အတွက် ယခုကဲ့သို့ ထိတ်လန့်ဖွယ်ရာများ မယုံကြည်ဖွယ်သတင်းထုတ်ပြန်သူကို ဆက်လက်စုံစမ်းကာ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါက်တာသက်နိုင်ဦးက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မကွေးပြည်သူ့ဆေးရုံကြီး၌ H1N1 သံသယရှိလူနာနှစ်ဦး ရောက်ရှိသည်ဆိုသည့်သတင်း မဟုတ်ကြောင်း သိရ

**မကွေး ဇူလိုင် ၂၈**

မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရာသီတုပ်ကွေးရောဂါ H1N1 ဟု သံသယရှိသူ လူနာနှစ်ဦးရောက်ရှိ ကုသနေသည် ဆိုသည့်သတင်းမှာ မဟုတ်မှန်ကြောင်း၊ အဆိုပါ လူနာနှစ်ဦးမှာ ရိုးရိုးသာမန်တုပ်ကွေးသာဖြစ်၍ စိုးရိမ်စရာမရှိကြောင်း မကွေးမြို့ ပြည်သူ့ဆေးရုံကြီး လူမှုဆက်ဆံရေးအရာရှိ ဦးကြည်ဝင်းထံမှ သိရသည်။

ပြည်သူ့ဆေးရုံကြီးသို့ မကွေးမြို့နယ်မှ အသက်(၂၉ နှစ်)အရွယ်ရှိ အမျိုးသမီးလူနာတစ်ဦးနှင့် တောင်တွင်းကြီးမြို့နယ်မှ အသက်(၄၀ နှစ်)အရွယ်ရှိ အမျိုးသားတစ်ဦး ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သီးသန့်အဆောင်/ဖျားနာဆောင်၌ ထားရှိပြီး အထူးကုဆရာဝန်ကြီးများ၏ ကြပ်မတ်စစ်ဆေးမှုအရ အဆိုပါသံသယရှိလူနာနှစ်ဦးမှာ ဖြစ်လေ့ဖြစ်ထရှိသော ရိုးရိုးတုပ်ကွေးရောဂါဖြစ်၍ စိုးရိမ်စရာ မရှိကြောင်း ပြည်သူ့ဆေးရုံ၏ ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးကြည်ဝင်းက ပြောသည်။

**ဝင်းမောင်(မကွေး)**

# ဖျာပုံမြို့၌ တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဖျာပုံ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ရာသီတုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို လူထုလူတန်းစားအလွှာစုံ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။ **(အောက်ပုံ)**

"ဒီရောဂါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ဦးစားပေးလုပ်ရပါတယ်၊ အဲဒီအတွက် ပြည်သူတွေလိုက်နာရမယ့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို ပြည်သူတွေ ထဲထဲဝင်ဝင်နားလည်သိရှိစေဖို့ ရပ်ကွက်နေပြည်သူတွေ၊ ကျောင်းသားကျောင်းသူတွေပါမကျန် ကျန်းမာရေးအသိပညာတွေပေးနေပါတယ်။ ပရဟိတအဖွဲ့တွေ၊ ဒေသခံပြည်သူတွေကလည်း လိုအပ်တဲ့နေရာတွေမှာ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဖျာပုံဆေးရုံအုပ် ဒေါက်တာစိန်စိန်က ပြောသည်။

ရန်ကုန်ဆေးရုံကြီးတွင် ဇူလိုင် ၂၆ ရက်က H1N1 တုပ်ကွေးဖြင့် သေဆုံးသွားသည့် ဖျာပုံမြို့နေ အသက်(၄၃ နှစ်)အရွယ် အမျိုးသား၏ ကျန်ရစ်သူမိသားစု ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ ဖျာပုံဆေးရုံအုပ် ဒေါက်တာစိန်စိန်က သေဆုံးသူ၏ မိသားစုဝင်များ ကျန်းမာလျက်ရှိကြောင်း၊ ဖျားနေသည့် ကလေးလည်း ကျန်းမာရေးတိုးတက်နေပြီဖြစ်ကြောင်း၊ ယင်းမိသားစု၏ နေအိမ်မှာပဲ ထားရှိပြီး သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်သွားရောက်စောင့်ကြည့်ပေးလျက်ရှိကြောင်း ပြောသည်။ **သူဇာနွယ်(ဖျာပုံ)**



# ရာသီတုပ်ကွေးရောဂါကာကွယ်ရေးနှင့် အသိပညာပေးဟောပြောမှုများ မြို့နယ်များ၌ပြုလုပ်

**ကျောက်ပန်းတောင်း**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဌာနနှင့် ကျောက်ပန်းတောင်းမြို့ ဆွေသဟာလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောခြင်းနှင့် ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင်၂၈ ရက် မွန်းလွဲ ၂ နာရီက ကျောက်ပန်းတောင်းမြို့ အုတ်သျှစ်ကုန်းအခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကြည်စိုးက အမှာစကား ပြောကြားပြီး ကျောင်းကျန်းမာရေးဌာနမှ သူနာပြုဆရာမ ဒေါ်တင်တင်ဌေးက ဟောပြောဆွေးနွေးပြီး ဆွေသဟာလူမှုကူညီရေးအသင်းက အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

**ရေစကြို**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဂူကြီးဘုန်းကြီးကျောင်းဝိုင်းအတွင်းရှိ ရေဘေးရှောင်စခန်းတွင် ရာသီတုပ်ကွေးအကြောင်း သိကောင်းစရာ ကျန်းမာရေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်နှင့် ကျန်းမာရေးမှူး ဦးဆန်းမင်းအောင်တို့က တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ ပညာပေး ရှင်းလင်းကာ အခမ်းအနားသို့တက်ရောက်လာကြသူများထံမှ အဖျားသံသယရှိသူများကို Infra Red သာမိုမီတာဖြင့် တိုင်းတာစစ်ဆေးပေးသည်။

ရေစကြိုမြို့နယ်တွင် ရာသီတုပ်ကွေး (H1N1) သံသယရှိလူနာ တစ်ဦးမျှမရှိကြောင်း မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က အတည်ပြုပြောကြားသည်။

**အိမွန်ဆွေ(ရေစကြို)**

**သန်လျင်**

ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက သန်လျင်မြို့သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းတို့က အမှာစကားပြောကြားပြီး သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာအိအိခိုင်နှင့် သမားတော်ကြီး ဒေါက်တာဝင်းသိန်းတို့က အသိပညာပေးဟောပြောကြသည်။ **သန်းဝင်း(သန်လျင်)**

**ကော့သောင်း**

ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့က ဇူလိုင် ၂၇ ရက်က ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ H1N1 ရောဂါပိုး ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ လိုက်လံပေးဝေလှူဒါန်းကြကြောင်း၊ အဆိုပါ နှာခေါင်းစည်းများအား ထပ်မံလှူဒါန်းလိုသည့် အလှူရှင်များကို ဖိတ်ခေါ်အသိပေးကာ မြို့နေပြည်သူများသို့ ရောဂါကြိုတင်ကာကွယ်ရေးအဖြစ် ဆက်လက်ဖြန့်ဝေ လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**မိုးညှင်း**

မိုးညှင်းမြို့ အရှေ့စုရပ်ကွက် အထက(၁)ကျောင်းရှေ့၌ ဇူလိုင် ၂၈ ရက်က ကူးစက်မြန်ရောဂါ H1N1 ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများအား အခမဲ့ဖြန့်ဝေခြင်းကို အမှတ်(၁၀၁)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ရဲမှူးမြင့်မိုး ဦးဆောင်သော အဖွဲ့က မိုးညှင်းမြို့အရှေ့စုရပ်ကွက် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်း၊ အထက(၁)ကျောင်းရှေ့၌ ပြည်သူလူထုနှင့် ကျောင်းသူ/ကျောင်းသားများအား H1N1 ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၃၀၀ ကို အခမဲ့ဖြန့်ဝေခဲ့သည်။

**(၀၆၇)**

# ယခုနှစ်ဝက်အတွင်း မောင်တောကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုတန်ဖိုး ဒေါ်လာလေးသန်းကျော်ရှိ

**မောင်တော ဇူလိုင် ၂၈**

မောင်တောကုန်သွယ်ရေးစခန်းမှ ယခုနှစ်ဝက် (၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ) ကာလအတွင်း ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၆၅၂၅၇၆ ဒေါ်လာ ရှိကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

မောင်တောခရိုင်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် နယ်စပ်ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုရှိခဲ့ပြီး ကုန်ပစ္စည်းတင်ပို့မှု နှောင့်နှေးခဲ့ရသော်လည်း ယခုအခါ ပုံမှန်ပြည်လည်တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည် သွင်းကုန်ပစ္စည်းထက် ပို့ကုန်ပစ္စည်း ပိုမိုတင်ပို့ရသည့် ကုန်သွယ်ရေးစခန်းဖြစ်ပြီး သွင်းကုန် ၁၀ ရာခိုင်နှုန်း၊ ပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသည့် ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်ကြောင်း မောင်တောနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ချင်းအစို၊ တည်းသီး၊ မြေပဲ၊ မတ်ပဲ၊ ကြက်သွန်ဖြူ၊ နံ့စားပြောင်း၊ ဆီးသီးခြောက်၊ မရမ်းသီး၊ ဆန်စပါး စသည်တို့ဖြစ်သည်။

ရေထွက်ပစ္စည်းများမှာ ရေငန်ပုစွန်၊ ငါးသလောက်၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်ညိုခြောက် စသည်တို့ဖြစ်ပြီး သစ်တောထွက်ပစ္စည်းအနေဖြင့် ဝါးများကို တင်ပို့သည်။

စက်မှုကုန်ချောပစ္စည်းများအနေဖြင့် စောင်အပါး၊ ကွေကာအုပ်၊ ဝက်ခြံပျောက်ခရင်မ်၊ သနပ်ခါးခဲ၊ ဖိနပ်၊ ထွန်းရွှေဝါ၊ သကြားလုံး၊ ဆီးယိုထုပ် စသည်တို့ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**



## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် စာပေဟောပြော

**ရန်ကုန် ဇူလိုင် ၂၈**

ကျောင်းသား ကျောင်းသူများ လိမ္မာရေးခြားရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးနှင့် မိမိတို့၏အသက်မွေးဝမ်းကျောင်းပညာရပ်ကို တန်ဖိုးထားလေးစားတတ်စေရေး ရည်ရွယ်ချက်များဖြင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ယနေ့နံနက် ၉ နာရီက စာပေဟောပြောပွဲတစ်ရပ် ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)က "ရသခားရသမြား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကာတွန်း အော်ပီကျယ်က "အိပ်မက်ဆုံရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

## ပေါင်းတည်၌ အဓမ္မခိုင်းစေခြင်းပပျောက်ရေး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**ပေါင်းတည် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇွန် ၂၂ ရက် ရက်စွဲဖြင့် မြို့ပေါ် ၁၂ ရပ်ကွက်သို့ ရေမြောင်းတူးဖော်ရန် အကြောင်းကြားစာ နှိုးဆော်ထုတ်ပြန်မှုအပေါ် အဓမ္မခိုင်းစေမှုဖြစ်သည့်အတွက် ချက်ချင်းရပ်ရန် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဈေး(၂)ရပ်ကွက်၊ (၇)လမ်းနှင့်(၁၁)လမ်းထောင့်ရှိ အာဇာနည်ကျောက်တိုင်ရှေ့တွင် အုပ်ဖို (၂)ရပ်ကွက် မှတ်တိုင်လမ်းနေ ရှေ့နေဦးအေးလွင်ဦးဆောင်၍ အဖွဲ့ဝင်လေးဦးက ပိုစတာကိုင်ဆောင်၍ ငြိမ်းချမ်းစွာ စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



## ဘုတ်ပြင်းမြို့နယ် ချောင်းကဖီးကျေးရွာတွင် မိုးသည်းထန်မှုကြောင့် မြေပြိုမှုဖြစ်ပွား

**ကော့သောင်း ဇူလိုင် ၂၈**

မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းသဖြင့် ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီခွဲခန့်က ဘုတ်ပြင်းမြို့နယ် နိုင်ငွားကျေးရွာအုပ်စု ချောင်းကဖီးကျေးရွာ အထက (ခွဲ) ကျောင်းအနောက်ဘက် တောင်ကုန်းပေါ်မှမြေပြို၍ ကျောင်းအဆောက်အအုံအား ထိခိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါနေ့ နံနက်ပိုင်းမှစတင်ကာ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဘုတ်ပြင်းမြို့ ချောင်းကဖီးကျေးရွာ အထက(ခွဲ)ကျောင်း ပဋ္ဌမတန်း လေးခန်းတွဲ ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ အုတ်ကြွပ်မိုးတစ်ထပ်ကျောင်းဆောင် အနောက်ဘက်တောင်ကုန်းပေါ်မှ မြေသားထုများပြိုကျမှုဖြစ်ပွားကာ အဆောက်အအုံနံရံများ ချိုင့်ဝင်ခြင်းနှင့် ပြိုကျမှုများ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ကျောင်းသားများ စာသင်နေချိန်ဖြစ်သော်လည်း ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ကြောင်း၊ အပျက်အစီးနှင့် မြေကြီးများအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုပေါင်းရှင်းလင်းဖယ်ရှားပေးလျက်ရှိပြီး အန္တရာယ်ရှိနိုင်သဖြင့် အဆိုပါစာသင်ဆောင်အတွင်း သင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများအား ကျေးရွာသာသနာ့ပါလ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ဆက်လက်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ကျော်စိုး (ကော့သောင်း)**

## သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအတွက် အသက်ကယ်ဝတ်စုံများ ပေးအပ်လှူဒါန်း

**တမူး ဇူလိုင် ၂၈**

တမူးခရိုင်မီးသတ်ဦးစီးဌာနအတွက် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အသက်ကယ်ဝတ်စုံများ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က အသက်ကယ်ဝတ်စုံများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက်ကယ်ဝတ်စုံများကို တမူးမြို့ ခမ်းပါတ်မြို့နှင့် မြို့သစ်မြို့ရှိ မီးသတ်ဦးစီးဌာနတို့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ဘီးလင်းမြို့နယ်၌ သဘာဝဘေးကယ်ဆယ်ရေးအတွက် Speed ဘုတ်နှင့် အသက်ကယ်ဝတ်စုံပေးအပ်

**ဘီးလင်း ဇူလိုင် ၂၈**

မွန်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးသောင်းဆွေသည် ဇူလိုင် ၂၈ ရက်က ဘီးလင်းမြို့နယ်သို့ သွားရောက်၍ သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် Speed ဘုတ်လှေ ငါးစင်းနှင့် အသက်ကယ်ဝတ်စုံ ၅၀ တို့ကို ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် သာပေါင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း သာပေါင်းမြို့၌ တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**(မိုး/ဇလ)**

## မောင်တောမြို့နယ်၌ မသက်ာသူငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၈**

မောင်တောမြို့နယ် ကပ္ပကောင်းကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက မသင်္ကာသူ ငါးဦး ဖမ်းဆီးရမိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မောင်တောမြို့နယ် နယ်မြေ (၆) ကပ္ပကောင်းကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အိမ်ထောင်စုစာရင်းသတ်မှတ်ချက်နှင့် ပြည့်စုံမှုမရှိသည့် ကန်တဲ့ကျေးရွာနေ မာမတ်ဒူလ္လာအပါအဝင် ငါးဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းပြီး နယ်မြေရဲစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

## ဘူးသီးတောင်မြို့နယ်၌ ရွာသားတစ်ဦး အသတ်ခံရ

**နေပြည်တော် ဇူလိုင် ၂၈**

ဘူးသီးတောင်မြို့နယ် ဖိုးခေါင်ချောင်းရွာသားတစ်ဦး ယမန်နေ့ နံနက်ပိုင်းက အစွန်းရောက်အကြမ်းဖက်သမားတစ်ဦးက ဓားဖြင့်ခုတ်သဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ဖိုးခေါင်ချောင်းကျေးရွာနေ ဟာရှိန်းသည် ယမန်နေ့ နံနက် ၅ နာရီခန့်က နေအိမ်၌အိပ်ပျော်နေစဉ် အစွန်းရောက်အကြမ်းဖက်သမားတစ်ဦးက ဓားဖြင့်ခုတ်ခဲ့ရာ ပြတ်ရှဒဏ်ရာများဖြင့် နေရာ၌ပင် သေဆုံးသွားခဲ့ပြီး ၎င်းအသတ်ခံရမှုနှင့်ပတ်သက်၍ ညောင်ချောင်းနယ်မြေစခန်း၌ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(သတင်းစဉ်)**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင် တပ်ဆင်ထားသော မီးများနှင့်ယာဉ်မောင်းသူ၏လက်ဖြင့် အချက်ပြပုံများ" အခန်း၌ မော်တော်ယာဉ်အားကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှ ကျော်တက်လိုသော ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ အထူးသဖြင့် ကားကြီးယာဉ်မောင်း အများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြပါသည်။ထိုသို့ လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကျော်တက်ရန် အချက်ပြမှု အမှန်သို့ ချောမွေ့စွာပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် ၁-၉-၂၀၁၇ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်း အားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်ဖြစ်ပါသည်။

ထိုသို့ ပြောင်းလဲကျင့်သုံးမှု မတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

ယာဉ်မောင်းအားလုံးအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊အမြန်လမ်းအားလုံး၌ နောက်မှ ကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှန်သို့တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**




# မြန်မာအမျိုးသားဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲဆက်လက်ကစား

**ဗန်ကောက် ဇူလိုင် ၂၈**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသားဖူဆယ်အသင်းသည် စတုတ္ထမြောက်ခြေစမ်းပွဲအဖြစ် ယနေ့ ညနေပိုင်းက ထိုင်းဆိပ်ကမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲလေးပွဲကစားထားရာ လေးပွဲစလုံးရှုံးနိမ့်ထားပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၃၀ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ ခြေစမ်းခရီးစဉ်တွင် ဗန်ကောက် BTS အသင်း၊ ကန်ဆန်ဘမ်ဒစ်တက္ကသိုလ်အသင်း၊ ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်းဆိပ်ကမ်းအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားထားပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် ပထမခြေစမ်းပွဲတွင် ခုနစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ထားသည်။

**ဖိုးသော်ဇင်**

မြန်မာ့ပန်းချီလောက၏ ဖခင်ကြီးဖြစ်သော ပန်းချီဆရာကြီး ဦးဘညာဏ်၏ နှစ်(၁၂၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြု ပန်းချီပြပွဲကို ဇူလိုင် ၂၆ ရက်က ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပရာ ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်က ဂုဏ်ပြုအမှာစကားပြောကြားစဉ်

(အဆိုပါ ပန်းချီပြပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပန်းချီပညာရှင်ပေါင်း ၃၀၀ ကျော်က ပန်းချီကား ၅၃၆ ကားကို ပါဝင်ပြသခဲ့ကြောင်း၊ ပြပွဲကို ဇူလိုင် ၃၀ ရက်အထိ ပြသမည်ဖြစ်ကြောင်း သိရသည်။)

ထင်ကျော်(မြန်မာ့အလင်း)




# အားကစားဒီပလိုမာသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အားကစားဒီပလိုမာသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ပြီး သင်တန်းကာလတစ်လျှောက်တွင် သင်တန်းစံပြဆု၊ စာပေထူးချွန်ဆုရရှိခဲ့သော ရှမ်းပြည်နယ် လင်းခေးမြို့နယ် အားကစားမှူး ဦးစိုင်းယဉ်မင်းပိုက်အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ချီးမြှင့်ခဲ့သည်။

အဆိုပါ အားကစားဒီပလိုမာသင်တန်းကို အားကစားအဖွဲ့ချုပ်များမှ အားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများက တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားမှူး ၅၁ ဦးတို့အား စာတွေ့လက်တွေ့ သုံးလတာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

"ကျွန်တော် အားကစားဆိုင်ရာ ဗဟုသုတတွေနဲ့ အားကစားနည်း ၃၂ နည်းကို စာတွေ့လက်တွေ့ ကွင်းရုံအထိ သွားရောက်သင်ကြားခဲ့ရပါတယ်။ သင်တန်းက ပို့ချလိုက်တဲ့ အားကစားနည်းတွေကို ကျောင်းသား ကျောင်းသူများအား အားကစားနည်းအခြေခံတွေကို ပို့ချသွားမယ်၊ ဟောပြောပွဲတွေ ပြုလုပ်ပေးသွားမယ်ဖြစ်ပါတယ်" ဟု သင်တန်းစံပြဆု၊ စာပေထူးချွန်ဆုရ ရှမ်းပြည်နယ် လင်းခေးမြို့နယ်မှ အားကစားမှူး ဦးစိုင်းယဉ်မင်းပိုက်က ပြောသည်။

**အေကေလင်း**

◆ *ကျောဖုံးမှ*

ကစားသမား ၁၉ ဦး ရွေးချယ်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမလူစာရင်းတွင် ဝါရင့်ကစားသမား ရန်ပိုင် ပြန်လည်ပါဝင်လာပြီး လက်ရွေးစင်အသင်းနှင့် ကာလတစ်ခုကြာဝေးကွာနေသည့် ကစားသမားအချို့လည်း ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လေ့ကျင့်မှုတောက်လျှောက် ပြုလုပ်မည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းပြိုင်ပွဲဖိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပါက မလေးရှားအသင်းနှင့်ခြေစမ်းပွဲကို ယာယီနည်းပြအဖွဲ့ လက်ရှိရွေးချယ်ထားသည့် ပဏာမကစားသမား ၁၉ ဦးဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် မလေးရှားအသင်းသည် ပြီးခဲ့သည့်နှစ်တွင် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး ယင်းနှစ်ပွဲစလုံးကို သုဝဏ္ဏကွင်း၌သာကစားခဲ့ကာ ပထမအကြိမ်ခြေစမ်းပွဲတွင် ဂိုးမရှိသရေကျခဲ့ပြီး ဒုတိယအကြိမ် ဆုဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ၌တွေ့ဆုံရာတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြ** - ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ- ဦးစိုင်းမောင်မောင်ဦး၊ **ဂိုး**- သီဟစည်သူ(ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက် (ရန်ကုန်)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ **နောက်တန်း**- ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ကျော်စွာလင်း၊ ကျော်ဇင်လွင်(မကွေး)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ **အလယ်တန်း**- ရန်အောင်ကျော်(ရန်ကုန်)၊ မင်းမင်းသူ(ရောဝတီ)၊ ဇင်မင်းထွန်း၊ တင်ဝင်းအောင်၊ ချစ်စုမိုး (ရှမ်း)၊ စိုးမြတ်သူ (Southern)၊ ရန်ပိုင်၊ သက်နိုင်(ရတနာပုံ)၊ **ရှေ့တန်း** - ကျော်ကိုကို (ရန်ကုန်)၊ ဒွေးကိုကိုချစ် (ရှမ်း)တို့ပါဝင်ကြသည်။ မြန်မာနှင့် မလေးရှားအသင်း ခြေစမ်းပွဲကို ဩဂုတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ



- နေမာသည် ဘာစီလိုနာတွင် နေရန်ဆန္ဒရှိပေမယ့် ဘရာဇီးကြယ်ပွင့်က ၎င်း၏ အနာဂတ်ကို ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဂျိုးဆက်ဘာတိုမြူ၏ အဆိုအရသိရသည်။ အသက် ၂၅ နှစ်အရွယ် အဆိုပါ ဘရာဇီးကြယ်ပွင့်သည် ပီအက်စ်ဂျီအသင်းထံသို့ ပြောင်းရွှေ့ရန် သတင်းများကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လျက်ရှိပြီး ပီအက်စ်ဂျီအသင်းကလည်း နေမာ၏ စာချုပ်ပါလျော်ကြေးကို ပေးချေရန် အဆင်သင့်ရှိနေကြောင်း သိရသည်။
- မန်ချက်စတာယူနိုက်တက်အသင်း၏ ပစ်မှတ်ဖြစ်သော အသက် ၂၈ နှစ်အရွယ် ဝေးလ်လက်ရွေးစင်ကစားသမား ဂါးရတ်ဘေးလ်ကို ယခုနွေရာသီ ဘာနေဗျူးတွင် ဆက်ရှိနေရေးနှင့်ပတ်သက်ပြီး အာမမခံနိုင်ကြောင်း ရီးရဲမက်ဒရစ် နည်းပြဇီဒန်းက ဆိုသည်။
- ချယ်လ်ဆီးမန်နေဂျာ ကွန်တီသည် အင်္ဂလန်လက်ရွေးစင် ကွင်းလယ်ကစားသမား နှစ်ယောက်ဖြစ်သော အဲဗာတန်အသင်း၏ ရိုစ်ဘာကလေနှင့် အာဆင်နယ်အသင်း၏ ချမ်ဘာလိန်တို့နှစ်ဦးအတွက် ပေါင်သန်း ၅၀ အသုံးပြုရန် စီစဉ်နေကြောင်း သိရသည်။
- တော့တင်ဟမ်နည်းပြ ပိုချက်တီနိုသည် ယခုနွေရာသီတွင် ဘာကလေကို စာချုပ်ရန်ဆန္ဒရှိနေပြီး ၎င်းကို ဗဟိုကွင်းလယ်ကစားသမားအဖြစ် ပြောင်းလဲအသုံးပြုရန်လည်း ဆန္ဒရှိနေသည်။
- ရိုးမားအသင်းသည် လက်စတာအသင်း၏ အသက် ၂၆ နှစ်အရွယ် အယ်လ်ဂျီးယားတောင်ပံကစားသမား မာရက်ဇ်ကို ပေါင် ၃၂ သန်းဖြင့် ကမ်းလှမ်းမှုအသစ်တစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းသည် နောက်ဆုံးအကြိမ် ကမ်းလှမ်းမှုအဖြစ် ဂီနီယာ လက်ရွေးစင်နှင့် လိုက်ပ်ဇစ်ကွင်းလယ်ကစားသမား နာဘီကီတာကို ပေါင်သန်း ၇၀ ထက်ပိုသော ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ရန် အဆင်သင့်ဖြစ်နေကြောင်း သိရသည်။
- မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပစ်မှတ်ဖြစ်သော အသက် ၂၃ နှစ်အရွယ် အာဂျင်တီးနား တိုက်စစ်မှူး ပါဘလိုဒိုင်ဘာလာသည် ယခုနွေရာသီတွင် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်း သိရသည်။

**ဇော်ဇော်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၅

ဦးဝင်းဗိုလ် နှင့် ၁။ ဦးညွန့်နိုင်
၂။ ဒေါ်အေးအေးထွေး
၃။ ဦးအောင်ဇော်ဝင်း

တရားလို တရားပြိုင်များ

(ယခင် တကူခြံကျေးရွာ၊ လာဝတီကျေးရွာအုပ်စု၊ ကော့မှူးမြို့)(ယခုလိပ်စာမသိ) (၁) ဦးညွန့်နိုင်၊ (၂) ဒေါ်အေးအေးထွေး သိစေရမည်။

တရားလိုက မြစိမ်းရောင်ကြီးကြပ်ရေးကော်မတီပိုင် ငွေကျပ်သိန်း(၁၀၀)နှင့် အတိုးငွေကျပ်လေးသိန်း စုစုပေါင်း ငွေကျပ် ၁၀၄သိန်း ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၉ရက် (၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

### ကော့သောင်းမြို့အနီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် လုံခြုံရေးဝန်ထမ်းအလိုရှိသည်

၁။ လုံခြုံရေးအတွေ့အကြုံရှိသူ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များမှ အငြိမ်းစားများအား ဦးစားပေးမည်။
၂။ အသက်(၂၀)နှစ်နှင့် (၅၅)နှစ်ကြား ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၃။ ပညာအရည်အချင်း အလယ်တန်းနှင့် အထက်ဖြစ်ရမည်။
၄။ အရက်၊ ကွမ်းယာ၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားကင်းရှင်းသူဖြစ်ရမည်။
၅။ ရိုးသားကြိုးစား၍ အကျင့်စာရိတ္တ၊ စည်းကမ်းကောင်းမွန်သူဖြစ်ရမည်။
၆။ လိုအပ်ပါက နေ့/ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၇။ ရေကူး၊ ရေငုပ်ကျွမ်းကျင်သူ ဦးစားပေးခန့်အပ်မည်။
၈။ လုပ်ကိုင်လိုသူများအတွက် နေထိုင်စားသောက်မှု အခမဲ့စီစဉ်ပေးမည်။

**ဆက်သွယ်ရန်-** **SECURED NATION Company Limited**
**အမှတ် ၆၉/A၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်၊**
**ဒေါ်ငွေငွေဝင်း၊ အခန်း-၁၊ အေးချမ်းသာယာလမ်း၊**
**လေဆိပ်အနီး၊ မြိတ်မြို့၊ ဖုန်း-၀၉-၇၇၇၁၁၀၄၀၀၊**
၀၉-၇၇၇၁၁၀၅၀၀၊ ၀၉၀-၇၇၇၁၁၀၆၀၀၊
၀၉-၄၄၄၆၂၄၄၁၁

### အမည်မှန်
ကော့ကရိတ်မြို့ အထက(ချောင်းတောင်) တက္ကသိုလ်ဝင်တန်း(A)မှ နော်ဆလွဲဖော၏ အမည်မှန်မှာ နော်ဆာလွဲဖော ၃/ကကရ(နိုင်) ၂၄၂၆၄၅ ဖြစ်ပါကြောင်း။
**နော်ဆာလွဲဖော**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ် အထက(ခွဲ) သတ္တမတန်း(A)မှ မဇွန်လဲ့လဲ့ဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထူး ၈/ခမန(နိုင်)၀၅၇၉၇၂ ဖြစ်ပါသည်။
**ဦးကျော်ထူး**

### အမည်ပြောင်း
ဦးကျော်လင်းမောင် ၈/မဘန(နိုင်)၀၇၃၅၈၁ ၏သား မင်းဘူး(စကု)မြို့ အထက(၂) ပထမတန်းမှ မောင်ထူးထိုက်တန်အား မောင်သုတလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်သုတလင်းအောင်**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျုံတနီး အထက နဝမတန်း(က)မှ မဇင်သူဇာစိုး၏ ဖခင်အမည်မှန်မှာ ဦးငွေတိုး ၁၄/ကပန(နိုင်) ၁၂၀၆၃၉ ဖြစ်ပါကြောင်း။ **ဦးငွေတိုး**

### ဖခင်အမည်မှန်
ကော့ကရိတ်မြို့ အထက(ချောင်းတောင်)တက္ကသိုလ်ဝင်တန်း(A)မှ မဝါဝါဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ၃/ကကရ(နိုင်)၀၉၃၈၇၈ ဖြစ်ပါကြောင်း။ **ဦးသိန်းလွင်**

### ဖခင်အမည်မှန်
ရန်ကုန်မြို့၊ အထက(၂) တာမွေ တက္ကသိုလ်ဝင်တန်း(C)မှ မောင်အောင်ပြည့်စုံနှင့် သတ္တမတန်း(B)မှ မောင်ဇင်မင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇံလှ ၁၂/တမန(နိုင်)၀၂၀၈၁၄ ဖြစ်ပါကြောင်း။
**ဦးကျော်ဇံလှ**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မြင်းခြံမြို့၊ အမှတ်(၈)ရပ်ကွက်၊ အိမ်အမှတ်(၈/၁၂၉)နေ အဖ ဦးခင်မောင်ဇင် ၉/မခန(နိုင်)၀၂၇၁၂၁၊ အမိ ဒေါ်အေးအေးမော် ၉/မခန(နိုင်)၀၂၇၁၂၂တို့၏ သမီး မဟန်စွမ်းရည် ၉/မခန(နိုင်)၁၉၈၀၄၇သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးအား အမြဲတမ်းစိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှ စ၍ အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။
**ဦးခင်မောင်ဇင် ၉/မခန(နိုင်)၀၂၇၁၂၁**
**ဒေါ်အေးအေးမော် ၉/မခန(နိုင်)၀၂၇၁၂၂**

# ဂျပန်ကာကွယ်ရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

**တိုကျို ဇူလိုင် ၂၈**

ဂျပန်နိုင်ငံ မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ တပ်သားများ တောင်ဆူဒန်၌ ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များ အဖြစ်ပါဝင်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး သတင်းအချက်အလက် များဖုံးကွယ်ခဲ့သည်ဟု စွပ်စွဲခံထားရသော ကာကွယ်ရေး ဝန်ကြီး တိုမိုမီအီနာဒါသည် ရာထူးမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာတင်ခဲ့သည်ဟု



ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး အီနာဒါ

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဇူလိုင် ၂၈ ရက်တွင် ကြေညာလိုက်သည်။

လာမည့်သီတင်းပတ်တွင် ဝန်ကြီးချုပ်၏ အစိုးရအဖွဲ့အပြောင်းအလဲအစီအစဉ်ကို ပြုလုပ်မည်ဖြစ်ရာ ယင်းအစီအစဉ်မတိုင်မီ အီနာဒါ၏ နုတ်ထွက်မှု ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး အီနာဒါသည် ရာထူးမှ နုတ်ထွက်ရန် နုတ်ထွက်စာ တင်ခဲ့သော်လည်း ၎င်းအပေါ် စွပ်စွဲထားသော စွပ်စွဲချက်များကို ငြင်းဆိုခဲ့ကြောင်း သိရသည်။ ၎င်း၏နုတ်ထွက်စာကို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လက်ခံခဲ့ကြောင်း သိရသည်။

"ကျွန်မအနေနဲ့ ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်ဖို့ဆုံးဖြတ်ခဲ့ပါတယ်" ဟု သတင်းစာရှင်းလင်းပွဲတွင် အီနာဒါက ပြောကြားခဲ့သည်။ "ကျွန်မရဲ့နုတ်ထွက်စာကို ဝန်ကြီးချုပ်ထံတင်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ကလည်း ဒါကိုလက်ခံခဲ့ပါတယ်"ဟု အီနာဒါက ဆက်လက်ပြောကြားခဲ့သည်။

"ယခုအခြေအနေတွင် ကာကွယ်ရေးဝန်ကြီး နုတ်ထွက်သွားသည့်အတွက် ပြည်သူလူထုကို တောင်းပန်ပါကြောင်း"ဟု ဝန်ကြီးချုပ်က ပြောခဲ့သည်။

လတ်တလောတွင် ကာကွယ်ရေးဝန်ကြီးသစ် မခန့်အပ်မီအချိန်အထိ အဆိုပါ နေရာအား နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါက တာဝန်ယူထားမည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

# လာဘ်စားမှုဖြင့် အပြစ်ရှိသည်ဟု တရားရုံးက ဆုံးဖြတ်လိုက်ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

**အစ္စလမ္မာဘတ် ဇူလိုင် ၂၈**

ပါကစ္စတန်ဝန်ကြီးချုပ် နာဝက်ဇ်ရှာရစ်ဖ်သည် ပါကစ္စတန်တရားရုံးက ၎င်းအားလာဘ်ပေးလာဘ်ယူပြုလုပ်မှုများဖြင့် အပြစ်ရှိသည့်အတွက် ဝန်ကြီးချုပ်အဖြစ်ဆက်လက်တာဝန်ယူဆောင်ရွက်ရန် အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်လိုက်သည့်အတွက် သောကြာနေ့က ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် နာဝက်ဇ်ရှာရစ်ဖ်သည် ဝန်ကြီးချုပ်ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုချက်ချင်းဆိုသလို လက်လွှတ်ဆုံးရှုံးလိုက်ရကြောင်း ဝန်ကြီးချုပ်ရုံးမှ ဖော်ပြချက်ကို ကိုးကားလျက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရားရုံးတော်သည် ပါကစ္စတန်နိုင်ငံ၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် အမျိုးသားတာဝန်ခံမှုဆိုင်ရာဗျူရိုအား ဝန်ကြီးချုပ်နှင့်ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်မှုများကို အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားရန် အမိန့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး

**ဇီအန်း ဇူလိုင် ၂၈**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဇီးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၂၈ ရက်က ပြောခဲ့သည်။

ဇူလိုင် ၂၅ ရက်ကတည်းက ရွာသွန်းခဲ့သောမိုးကြောင့် ရှန်ဇီးပြည်နယ်မြောက်ပိုင်း ဒေသများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယခုအချိန်ထိ ယုလင်မြို့တွင် ရေဘေးဒုက္ခကြောင့် လူပေါင်း ၇၁၃၀၀ ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရကြောင်း ပြည်နယ်ရေဘေးဆိုင်ရာ ထိန်းချုပ်မှုဌာနအဆိုအရ သိရသည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်မြေဟက်တာ ၂၂၀၀ ကျော် ပျက်စီးခဲ့ပြီး စီးပွားရေးများ ကျဆင်းခဲ့ကာ ၂၃၀ မီလီယံယွမ်ခန့် နစ်နာဆုံးရှုံးမှုများဖြစ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပွားခဲ့သလို ဆက်သွယ်ရေးလိုင်းများလည်း ပြတ်တောက်ခဲ့ကြောင်း၊ ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် ဇူလိုင် ၂၈ ရက်ကျော်အထိ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ပြည်နယ်မိုးလေဝသစောင့်ကြည့်ရေးဌာနက ပြောခဲ့သည်။ ဇူလိုင် ၂၇ ရက်က တရုတ်နိုင်ငံ၏ ဒုတိယအရှည်ဆုံးမြစ်ဖြစ်သော မြစ်ဝါမြစ်သည် ယခုနှစ်၏ အမြင့်ဆုံး စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ မြစ်အနီးရှိဒေသများဖြစ်သော ရှန်ဇီး၊ ဟီနန်နှင့် ရှန်ဒေါင်းတို့ကို မြစ်ရေလွှမ်းမိုးမှုဆိုင်ရာ သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

(ဆင်ဟွာ)



# နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်၌ ရေနံရှာဖွေနေသောအဖွဲ့ကို ဘိုကိုဟာရမ်စစ်သွေးကြွတို့တိုက်ခိုက်ခဲ့ရာ ၅၀ ထက်မနည်းသေဆုံး

**အဘူဂျာ ဇူလိုင် ၂၈**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်၌ ရေနံရှာဖွေနေသော အဖွဲ့တစ်ဖွဲ့ကို ဘိုကိုဟာရမ်အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းက တိုက်ခိုက်ခဲ့ရာ လူပေါင်း ၅၀ ကျော်သေဆုံးခဲ့ကြောင်း မကြာသေးမီက နိုင်ငံပိုင်သတင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။

ဘိုကိုဟာရမ်အကြမ်းဖက်အစွန်းရောက်အဖွဲ့သည် နိုင်ဂျီးရီးယားစစ်တပ်နှင့် အရပ်ဘက်အဖွဲ့အစည်းတို့၏ ကာကွယ်မှုဖြင့် ဘော်နိုပြည်နယ်တွင် ရေနံရှာဖွေနေသော နိုင်ဂျီးရီးယားရေနံကုမ္ပဏီမှ အဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းမီဒီယာတွင်ဆက်လက်ဖော်ပြထားသည်။

ယခုတိုက်ခိုက်မှုတွင် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင် ၁၈ဦးအပါအဝင် လူပေါင်း ၅၀ ကျော် သေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများပိုမိုဆောင်ရွက်သည်နှင့်အမျှ သေဆုံးသူ စာရင်းပိုမိုမြင့်တက်လာနိုင်ကြောင်း နိုင်ဂျီးရီးယားစစ်ဘက်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းက သတင်းထုတ်ပြန်ခဲ့သည်။

ဘိုကိုဟာရမ်အစွန်းရောက်အဖွဲ့တိုက်ခိုက်မှုပြုပြီးနောက် အဆိုပါဒေသရှိ ရေနံတူးဖော်ရေးလုပ်ငန်းများ အားလုံးကိုရပ်ဆိုင်းရန် နိုင်ဂျီးရီးယားအစိုးရက အရေးပေါ် ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၁၀နှစ်ကျော်ကာလက ဘိုကိုဟာရမ် အစွန်းရောက်အဖွဲ့ကို တည်ထောင်ခဲ့ပြီးနောက် နိုင်ဂျီးရီးယားအနီးတစ်ဝိုက်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၂၀၀၀၀ထက်မနည်းသေဆုံးခဲ့ပြီး ၂ဒသမ ၆ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

(ဆင်ဟွာ)


ဘော်နိုပြည်နယ်၌ ရေနံရှာဖွေနေသော နိုင်ဂျီးရီးယားရေနံကုမ္ပဏီမှ အဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သည့် ဘိုကိုဟာရမ် စစ်သွေးကြွများကို တွေ့ရစဉ်

## ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ရေး အပြီးသတ်ဆုံးဖြတ်ချက်ချမည်

**ဆိုးလ် ဇူလိုင် ၂၈**

ပြီးခဲ့သည့်မေလအစောပိုင်းက သမ္မတအဖြစ် စတင်တာဝန်ယူဆောင်ရွက်ခဲ့သည့် တောင်ကိုရီးယားသမ္မတသစ် မွန်ဂျယ်အင်းသည် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ် (THAAD) ဖြန့်ကြက်ရေးနှင့် ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ်ချတော့မည်ဖြစ်ကြောင်း သောကြာနေ့တွင် ကြေညာခဲ့သည်။ တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်သွားမည့်ဧရိယာတွင် ဖြစ်ပွားနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်သည့် စဉ်းစားချင့်ချိန်မှုများ ပြုလုပ်ပြီးသည်နှင့် ထိုသို့ဆုံးဖြတ်ချက်ချသွားမည်ဖြစ်သည်ဟု ကြေညာချက်ထုတ်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားတပ်မတော်သည် ဖေဖော်ဝါရီလအတွင်းက လော့တီအုပ်စုထံမှ ၁ဒသမ ၄၈စတုရန်းမီတာအကျယ်ရှိသည့်ဂေါက်ကွင်းဟောင်းကို ရရှိခဲ့ပြီး အလဲအလှယ်အနေဖြင့် ဆိုးလ်မြို့တော်အနီးရှိ တပ်မြေကို ပြန်လည်ပေးအပ်ခဲ့သည်။

(အင်န်အိတ်ကေ)

# IMF ၏ စောင့်ကြည့်ခန့်မှန်းချက်နှင့်အမေရိကန်နှင့်ဗြိတိန်တို့၏စီးပွားရေး

## ခြုံးစန္ဒီနွေး

**၂၀၁၇ခုနှစ်တွင် အမေရိကန်နှင့် ဗြိတိန်တို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်က ခန့်မှန်းထားသည်ထက်ပို၍နှေးကွေးလိမ့်မည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ဆိုသည်။ ယခုနှစ်အတွင်း ပထမသုံးလတာကာလအတွင်း ၁ ဒသမ ၇ ရာခိုင်နှုန်းသာ ဖွံ့ဖြိုး တိုးတက်ခဲ့သည့်အတွက် ယခင်ကခန့်မှန်းထားသည်ထက်ပို၍ နှေးကွေးလာခြင်းပင်ဖြစ်သည် ။ အမေရိကန်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ယခင်က ၂ ဒသမ ၃ဟုခန့်မှန်းထားရာမှ ယခုအခါ ၂ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်လာနိုင်သည်ဟု ပြောင်းလဲခန့်မှန်းထားသည်။**



သို့သော် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခန့်မှန်းရာတွင် ယခင်ခန့်မှန်းထားသည့်အတိုင်း ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းရှိလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ၂၀၁၈ ခုနှစ်အတွက် အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံလုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခန့်မှန်းရာတွင် ဗြိတိန်၌ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်းဟု ခန့်မှန်းထားသည်။

**ဗြိတိန် ဥရောပသမဂ္ဂမှ ခွဲထွက်သည့်အခါ ကာလရှည်ကြာစွာ စီးပွားရေးကျဆင်းမှုဒဏ်ကို ခံစားရလိမ့်မည်ဟု ခန့်မှန်းထားခဲ့ရာ ယခုနှစ်အစောပိုင်း ကောက်ယူထားသော အချက်အလက်များအရ ခန့်မှန်းထားသည်ထက်ပို၍ စီးပွားရေးကျဆင်းလျက်ရှိသည်ကို တွေ့ရ**

တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပြောင်းလဲမှုမရှိသော်လည်း တစ်နိုင်ငံချင်းအလိုက်မူပြောင်းလဲမှုရှိသည်။ ဗြိတိန် ဥရောပသမဂ္ဂမှ ခွဲထွက်မှုကိစ္စများဆောင်ရွက်စဉ်အတွင်း ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်ဟု ယင်းအဖွဲ့မှ စီးပွားရေးဆိုင်ရာအကြီးအကဲ မော်ရိုက်စ်အော့ဗ်ဖီးလ်က ပြောသည်။

### ဖိအားများနှင့်ရင်ဆိုင်

ဗြိတိန်က ဥရောပသမဂ္ဂမှ ခွဲထွက်သည့်အခါ ကာလရှည်ကြာစွာ စီးပွားရေးကျဆင်းမှုဒဏ်ကို ခံစားရလိမ့်မည်ဟု ခန့်မှန်းထားခဲ့ရာ ယခုနှစ်အစောပိုင်းကောက်ယူထားသော အချက်အလက်များအရ ခန့်မှန်းထားသည်ထက်ပို၍ စီးပွားရေးကျဆင်းလျက်ရှိသည်ကို တွေ့ရသည်ဟု ၎င်းကဆိုသည်။ ထို့ကြောင့် ဗြိတိန် ဘဏ္ဍာရေးဝန်ကြီးက စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ဥရောပသမဂ္ဂမှ ခွဲထွက်ရေးကိစ္စများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး တောင်းဆိုခဲ့သည်။ ဗြိတိန်နိုင်ငံသည် ကမ္ဘာ့ပဥ္စမမြောက် အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော်လည်း လွန်ခဲ့သောနှစ်က ဥရောပမှ ခွဲထွက်ရေးဆန္ဒမဲများပေးပြီးနောက် ပေါင်ငွေတန်ဖိုးကျဆင်းခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး ဖိလစ်ဟာမွန်းသည် ဥရောပသမဂ္ဂမှ ခွဲထွက်ရေးကိစ္စများနှင့် ပတ်သက်၍ ဖိအားများနှင့် ရင်ဆိုင်နေရသည်။

### မကြာခဏပြောင်းလဲ

ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်လျှင် စီးပွားရေးကျဆင်းနိုင်သည်ဟူသော သတင်းများပေါ်ထွက်ခဲ့သည့်အတိုင်း စီးပွားရေးအနည်းငယ်ကျဆင်းခဲ့သည်။ အမေရိကန်၏စီးပွားရေးကျဆင်းမှုမှာမူ တစ်မျိုးဖြစ်သည်။ အမေရိကန်၏စီးပွားရေးကျဆင်းမှုကို ပြန်လည်ပြင်ဆင်နိုင်ရေး၂၀၁၈ခုနှစ်တွင် အဓိကဆောင်ရွက်ရမည့်ကိစ္စမှာ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ မကြာခဏပြောင်းလဲခြင်းမရှိဘဲ တိကျသေချာစေရေးပင်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့ကမူ အခွန်ဖြတ်တောက်မှုအပါအဝင် အခြားသော မူဝါဒများကို လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ သည့်အပြင် အမေရိကန်၏ စီးပွားရေးတိုးချဲ့နိုင်ရန် အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုကိုလည်း ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။ သို့သော် ယင်းအစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ထင်သလောက်မလွယ်ကူပေ။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဥရောပဇုန်၏ စီးပွားရေးကိုလေ့လာသည့်အခါ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့်စပိန်တို့ကို လေ့လာမှုများပြုလုပ်ခဲ့သည်။

### မြင့်တက်လာ

ဥရောပဇုန်တွင် စီးပွားရေးအားကောင်းလာသည့် နှစ်နိုင်ငံမှာ စပိန်နှင့်အီတလီတို့ပင်ဖြစ်သည်။ စပိန်နိုင်ငံ၏စီးပွားရေးတိုးတက်မှုမှာ ယခင်က ၂ ဒသမ ၆ ဟုခန့်မှန်းထားသော်လည်း ယခုအခါ ၃ ဒသမ ၁ ရှိလာနိုင်သည်ဟု ယူဆရသည်။ အလားတူ အီတလီနိုင်ငံ၏စီးပွားရေးမှာလည်း ၀ ဒသမ ၈ ရာခိုင်နှုန်းမှ ၁ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ယင်းနိုင်ငံများ၏ ပထမလေးလတာကာလအတွင်း စီးပွားရေးတိုးတက်မှုမှာ ခန့်မှန်းထားသည်ထက်ပို၍ ကောင်းမွန်ခဲ့သည်။ တရုတ်နိုင်ငံကိုကြည့်လျှင်လည်း ယခင်က ခန့်မှန်းထားသည်ထက်ပို၍ တိုးတက်လာသည်ကို တွေ့နိုင်သည်။ ၂၀၁၇ ခုနှစ်အတွင်း တရုတ်ပြည်၏ စီးပွားရေးကို ၆ ဒသမ ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၇ ရာခိုင်နှုန်းထိ တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းထားပြီး ၂၀၁၈ ခုနှစ်အတွက်မူ ယခင်က ၆ ဒသမ ၂ ရာခိုင်နှုန်းဟုသာ ခန့်မှန်းထားရာမှ ယခုအခါတွင်မူ ၆ ဒသမ ၄ ရာခိုင်နှုန်းဟု တိုးမြှင့်ခန့်မှန်းခဲ့သည်။ တရုတ်နိုင်ငံနှင့် အခြားဥရောပဇုန်နိုင်ငံအချို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အလားအလာကောင်းများရှိလာသော်လည်း ဗြိတိန်နှင့် အမေရိကန်တို့၏ စီးပွားရေးမှာမူ မျှော်မှန်းထားသည်ထက်ပို၍ လျော့ကျခဲ့သည်။ ယခုအခါ အမေရိကန်နှင့် ဗြိတိန်တို့သည် စီးပွားရေးပြန်လည်အားကောင်းလာစေရန် နည်းလမ်းအမျိုးမျိုးကြံစည်ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီကမှ အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံပူးပေါင်း၍ လွတ်လပ်စွာကုန်သွယ်ခွင့်သဘောတူညီမှုရရှိရေး ပူးပေါင်းဆောင်ရွက်ခဲ့သည်။

### သဘောတူညီခဲ့

ဗြိတိန်အနေဖြင့်ဥရောပသမဂ္ဂမှ ခွဲထွက်ပြီးပါက နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိရေး ပြင်ဆင်မှုများ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ဝါရှင်တန်မြို့၌ အမေရိကန်နှင့် ဗြိတိန်တို့၏ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများသည် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့ကြသည်။

နှစ်ဦးနှစ်ဖက် လွတ်လပ်ပြီးမျှတသော ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုမှာ အဓိကပန်းတိုင်ပင်ဖြစ်သည်။ သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့မှာလည်း ကုန်သွယ်မှုဟန်ချက် မညီမှုများကို အဖြေရှာရန် ကြိုးပမ်းလျက်ရှိသည်။ ဒ့ါအပြင် အမေရိကန်အရာရှိများသည်မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးနှင့်လည်း လာမည့်လအတွင်း ဆွေးနွေးမှုများ ပြန်လည်စတင်ရန် စီစဉ်ထားသည်။

### ရေရှည်စောင့်ကြည့်

ဗြိတိန်အစိုးရအနေဖြင့် အီးယူမှခွဲထွက်ရေးအတွက် စာချုပ်စာတမ်းကိစ္စများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်မှု ပမာဏမြှင့်တင်ရန် အစိုးရမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုထွက်ပေါ်လာသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းမှုများသည် ယင်းကိစ္စများ ပိုမိုအားကောင်းလာစေရန် တွန်းအားသဖွယ်ဖြစ်လာခဲ့သည်ဟု ဗြိတိန်နိုင်ငံ၏ဘဏ္ဍာရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။ ဗြိတိန်နိုင်ငံသားများ၏ အလုပ်အကိုင်ရရှိမှု ပမာဏမှာမြင့်တက်လျက်ရှိပြီး စီးပွားရေးအရ လိုငွေပြမှုမှာလည်းကျဆင်းလျက်ရှိသည့်အတွက် စီးပွားရေးအခြေအနေမှာ ခိုင်မာအားကောင်းလျက်ပင်ရှိသည်ဟု ၎င်းက ဆိုသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ခန့်မှန်းမှုများမှာ အမြဲလိုလို မှန်ကန်နိုင်သည်ဟု တပ်အပ်မပြောနိုင်ပေ။ သို့ဖြစ်၍ ဗြိတိန်နိုင်ငံ၏ စီးပွားရေးအခြေအနေ ကျဆင်းနိုင်သည်ဟူသော ခန့်မှန်းချက်မှာ ရေရှည်စောင့်ကြည့်ရမည့် ကိစ္စပင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ဗြိတိန်နှင့် အမေရိကန်တို့ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဆင့်လျှော့ချခန့်မှန်းခဲ့သော်လည်း ယင်းအဖွဲ့၏ ခန့်မှန်းမှုမည်မျှမှန်ကန်မှုရှိမည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ ဗြိတိန်နှင့်အမေရိကန်တို့ကလည်း စီးပွားရေးပြန်လည်အားကောင်းလာစေရေး ဆောင်ရွက်လျက်ရှိရာ ၎င်းတို့၏ လုပ်ဆောင်ချက်ပေါ်မူတည်၍ ၂၀၁၈ ခုနှစ်တွင် စီးပွားရေးပြောင်းလဲမှုရှိမရှိမှာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

**ကိုးကား-ဘီဘီစီ**

**ရိုက်တာ**




# အမေရိကန်၏ ပိတ်ဆို့မှုအသစ်အတွက် ပြန်လည်ပေးဆပ်ရမည်ဟု အီရန်သတိပေး

**တီဟီရန် ဇူလိုင် ၂၈**

အမေရိကန်က အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များ လုပ်ဆောင်ခဲ့ရာ ယင်းကိစ္စကို အီရန်အရာရှိကြီးများက ကန့်ကွက်ကြောင်း ကြေညာခဲ့သည်။အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက အစိုးရအဖွဲ့ အစည်းအဝေးတွင် ပိတ်ဆို့မှုအသစ်အတွက် အမေရိကန်ကို တုံ့ပြန်မှုများပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။

အင်္ဂါနေ့က ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့အပေါ် အမေရိကန်က ပိုမိုခိုင်မာသည့် ပိတ်ဆို့မှုများပြုလုပ်ရန် ဥပဒေကြမ်းကို အမေရိကန်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူခဲ့သည်။ အီရန်နိုင်ငံ၏ ဒုံးကျည်အစီအစဉ်ပို၍ အားကောင်းလာသည့်အတွက် ယင်းကိုတုံ့ပြန်ရန် အမေရိကန်ကစီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေအသက်ဝင်ရန် လွှတ်တော်က သဘောတူညီရန်လိုအပ်ပြီး သမ္မတက လက်မှတ်ရေးထိုးရန်လိုအပ်သည်။

အီရန်နိုင်ငံကမူ နျူကလီးယားသဘောတူစာချုပ်တွင် ပါဝင်သောအချက်အလက်များမဟုတ်ပါက အီရန်နိုင်ငံအနေဖြင့် လိုက်နာစရာမလိုကြောင်း၊ တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း တစိုက်မတ်မတ်ပြောဆိုခဲ့သည်။ အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက အမေရိကန်မှ အသစ်ချမှတ်ထားသည့် ပိတ်ဆို့မှုအသစ်များသည် နျူကလီးယားသဘောတူစာချုပ်ကိုထိခိုက်စေနိုင်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ ဒ့ါအပြင် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်ကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သော်လည်း အီရန်၏ဒုံးကျည်အစီအစဉ်အတွက် အမေရိကန်၏ပိတ်ဆို့ဒဏ်ခတ်မှုကို မကျေနပ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်၏ ရန်လိုသည့်အပြုအမူအတွက် ပြန်လည်တုံ့ပြန်သွားမည်ဟု ၎င်းကဆက်ပြောသည်။ အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘာမားလက်ထက်က အီရန်နျူကလီးယားစာချုပ်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိသမ္မတ ဒေါ်နယ်ထရန့်ကမူ ၎င်းမဲဆွယ်စည်းရုံးစဉ်ကာလက ယင်းစာချုပ်ကိစ္စနှင့် ပတ်သက်၍ မကျေလည်ကြောင်းပြခဲ့သည်။ ယခုအခါ၌မူ ဒေါ်နယ်ထရန့်၏အစိုးရအဖွဲ့က အီရန်နိုင်ငံအပေါ်ထားရှိသည့်မူဝါဒနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်မှုများပြုလုပ်လာခဲ့သည်။

**(ဆင်ဟွာ)**

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

၂၇။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် စပ်လျဉ်းသည့်အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါ တောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ တို့နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူ သိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန်အလို့ငှာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) လျှောက်ထားသူက ပုဒ်မ ၃၃ အရ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလျှင် ရွှေ့ဆိုင်းသည့် ကာလကုန်ဆုံးသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်း မပြုရ။

၂၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၃ ပါ အကာအကွယ် မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း။

၂၉။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့ရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်ချက်ကို စိစစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၃၁။ စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီးသို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန်ဦးစီးဌာနသို့ သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၂။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၁ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၁ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၁)
## ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၃၃။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့် ကာလကို လျှောက်ထားချက်တွင် ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့် ကာလသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မှ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့ရက်မှ ၁၈ လထက် မပိုစေရ။

၃၄။ လျှောက်ထားသူသည် ပုဒ်မ ၃၃ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီး ဖြစ်သော်လည်း အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို -

(က) ပုဒ်မ ၃၃ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင် ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) ရွှေ့ဆိုင်းထားသည့် ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်၊ တောင်းဆိုထားသည့် ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်။

(ဂ) ရွှေ့ဆိုင်းထားသည့် သတ်မှတ်ကာလကုန်ဆုံးလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၂)
## ဦးစားပေးအခွင့်အရေး

၃၆။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပထမလျှောက်ထားခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာန၌ တူညီသောစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ဦးစားပေးအခွင့်အရေးခံစားရမည်။

၃၇။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်းအတွက် စတင်ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာန၌ တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၈။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၆ အရ လျှောက်ထားသည့် နေ့ရက်မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း(၁၃)
## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၉။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။ တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် ၁၅ နှစ်အထိ သက်တမ်းတိုးနိုင်သည်။

၄၀။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့ရက်မတိုင်မီခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးပြီးနောက် လျှောက်ထားခြင်းဖြစ်ပါက အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၁။ မှတ်ပုံတင်အရာရှိသည် -

(က) သတ်မှတ်ချက်နှင့်ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့်ညီညွတ်ပါက ငါးနှစ်သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း စက်မှုဒီဇိုင်းပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲရမည်။

(င) ရုပ်စဲသွားသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၄)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများ

၄၂။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၃။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှုပွားထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ အဓိကအချက်များကို မှုပွားထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ယင်း၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကာကွယ်တားဆီးခွင့် ရှိသည်။

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၅) နှင့် အခန်း (၁၆) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၄၄။ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားက မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည့် စက်မှုဒီဇိုင်းအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၄၅။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်း မရှိလျှင် -

(က) စက်မှုဒီဇိုင်းပိုင်ရှင် အသီးသီးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းနှင့်စပ်လျဉ်း၍ မခွဲဝေရသေးသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိသည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် ယင်း၏မခွဲဝေရသေးသည့်မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသောစက်မှုဒီဇိုင်း ပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက်ရယူရန် မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်ထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသောပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၆။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် ယင်း၏မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အသုံးမပြုရ -

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန် ပြန်လည်ထုတ်လုပ်ဆောင်ရွက်မှုများ။

၄၇။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများသည် စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ယင်းပိုင်ရှင်၏ သဘောတူညီချက်ရရှိသူကဖြစ်စေ နိုင်ငံတော်တွင် တရားဝင်ရောင်းချပြီးသော သို့မဟုတ် တင်သွင်းပြီးသော မှတ်ပုံတင်စက်မှုဒီဇိုင်းပါရှိသည့် ထုတ်ကုန်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၅)
## စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၈။ (က) စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၉။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေသတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန်သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၀။ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက် သို့မဟုတ် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိရမည်။

၅၁။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၆)
## မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၅၂။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ၊ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၃။ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက်စာတမ်းအမှတ်အသား မိတ္တူမှန်နှင့် အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၅၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၃ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## လူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဇူလိုင်လ စတုတ္ထပတ်အတွင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာ၌ သွားရောက်ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အသင်းမှ တာဝန်ရှိသူများက နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်အဖွဲ့၊ ပျဉ်းမနားခုတင်(၂၀၀) ပြည်သူ့ဆေးရုံမှ မျက်စိအထူးကုဆရာဝန်အဖွဲ့၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဆရာဝန်များ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒက္ခိဏခရိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့် ဒက္ခိဏသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ လက်ထောက်ဆရာဝန်များ ပူးပေါင်း၍ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ပြီးနောက် ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေး ရောဂါအကြောင်း၊ ပျို့ရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာများ၊ လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများ၊ ကျား/မ ရေးရာ တန်းတူညီမျှခြင်းနှင့် ပတ်သက်၍ သိကောင်းစရာများကို ဆရာဝန်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဟောပြောခဲ့သည်။

ထို့နောက် ဒေသခံပြည်သူ ဘိုးဘွားများအား အားဆေးနှင့် အာဟာရဖြစ်စေမည့် အစားအစာများ၊ ကိုယ်ဝန်ဆောင် မိခင်များအား ကလေးအင်္ကျီ၊ အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများ၊ ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေ မဂ္ဂဇင်းများကို လှူဒါန်းခဲ့ပြီး ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကိုယ်ဝန်ဆောင်၁၆ ဦး၊ သက်ကြီးဘိုးဘွား ၇၆ ဦး၊ မျက်စိလူနာ ၈၁ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၈ ဦးနှင့် အထွေထွေလူနာ ၁၀၆ ဦး စုစုပေါင်း လူနာ ၂၉၇ ဦးအား ကြည့်ရှုစစ်ဆေး ကုသပေးနိုင်ခဲ့ကြောင်းနှင့် ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ပေးကာ ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေကြီး၍ပျက်စီးခဲ့သော လယ်မြေများအတွက် နှစ်လခန့်အကြာတွင် ထောက်ပံ့နိုင်မည်

**မုံရွာ ဇူလိုင် ၂၈**

ပြီးခဲ့သည့် မေနှင့် ဇွန်လများက မိုးသည်းထန်စွာရွာ၍ ရေကြီးရေလျှံဖြစ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ လယ်ယာမြေများ ရေနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများကို ယခင်အစဉ်အလာအတိုင်း ပြည်ထောင်စုအဆင့်သို့ စာရင်းအတိအကျ တင်ပြထားကြောင်းနှင့် နောက်နှစ်လခန့်အကြာတွင် ပြန်လည်ထောက်ပံ့ရေးများ ဆောင်ရွက်ပေးနိုင်ဖွယ်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။

"အခုလောလောဆယ်မှာတော့ ကဏ္ဍအလိုက် ပျိုးခင်းပျက်စီးတာတွေရှိသလို သီးနှံတွေပျက်ဆီးတာတွေလည်း ရှိပါတယ်။ ပျိုးခင်းပျက်တာတွေကိုလည်း ပျိုးခင်းမျိုးအလိုက် ပြန်ပေးရမှာပါ။ နောက်ပြီးတော့ သီးနှံပျက်စီးတာတွေကိုတော့ သီးနှံမျိုးအလိုက် နှုန်းထားသတ်မှတ်ချက်အလိုက် ပြည်ထောင်စုကနေ ပြန်လည်ထောက်ပံ့ပေးဖို့ လုပ်နေပါတယ်။ ကာလအပိုင်းအခြားအနေနဲ့က နှစ်လလောက်နေရင် ပြည်ထောင်စုအဆင့်က ပေးနိုင်ဖို့စီစဉ်နေပါတယ်"ဟု ဝန်ကြီးက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးကြီးပြီး ရေလျှံ၍ ရေမြုပ်သည့်စိုက်ပျိုးမြေမှာ ဇူလိုင် ၁၇ ရက်အထိ ၂၂၉၅၇ ဧက ရှိခဲ့ပြီး ရေမြုပ်ပြီးပြန်ပေါ်သည်မှာ ၁၇၆၁၇ ဧကရှိသည်။ ရေနစ်မြုပ်မှုကြောင့် ၂၇၉၉၉ ဧက ထိခိုက်ခဲ့ပြီး လုံးဝပျက်စီးမှုမှာ ၁၆၁၈၉ ဧကရှိကြောင်းလည်း ဝန်ကြီး၏ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ခြင်းနှင့် တိုင်းဒေသကြီးအတွင်းမှ လယ်မဲ့ယာမဲ့တောင်သူများအတွက် စုပေါင်းလယ်ယာများ ဖော်ထုတ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်လယ်ယာ ဧက ၅၀၀ ဖော်ထုတ်ပေး၍ တောင်သူများလက်ထဲသို့ ပြန်လည်အပ်နှံကာ စပါးစိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကသာမြို့နယ်နှင့် ရေဦးမြို့နယ်အတွင်းရှိ လယ်မဲ့ယာမဲ့များအတွက်လည်း စုပေါင်းလယ်ယာ ၉၇၅ ဧကကို ဖော်ထုတ်ပေးထားပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးဘဏ်များတွင် စိုက်ပျိုးစရိတ်များ ချေး၍ရအောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## သဘာဝဘေးကာကွယ်ရေး ပညာပေးဟောပြောပြီး အသက်ကယ်နည်း လက်တွေ့သရုပ်ပြ

**ခရမ်း ဇူလိုင် ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့က ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှေးဦးအသက်ကယ်ခြင်းအကြောင်း အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့အသက်ကယ်နည်း သရုပ်ပြသပွဲကို ဇူလိုင် ၂၆ ရက်က ခရမ်းမြို့အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းရှိ မော်တော်ရေယာဉ်ဆိပ်၌ ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရှေးဦးအသက်ကယ်ဆယ်ခြင်းအကြောင်းများကို ရှင်းလင်းဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၅၆)မှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက ရေပြင်အသက်ကယ်နည်း၊ ရှေးဦးပြုစုနည်း၊ လူနာသယ်ယူပို့ဆောင်ခြင်းနှင့် နေ့စဉ်အသုံးပြုလျက်ရှိသည့် ရေသန့်ဘူး၊ ဆီပုံး၊ ဝါးလုံးများကို အရေးပေါ်ကယ်ဆယ်မှုများတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို လက်တွေ့သရုပ်ပြခဲ့သည်။

ဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းနေပြည်သူများ၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မောင်းသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ကိုမင်း(ခရမ်း)**

## သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**ကျောက်တလုံး ဇူလိုင် ၂၈**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ဦးစီး၍ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က ကျောက်တလုံးကြီးမြို့အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တောင်ကြီးခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မာဌေးက သဘာဝဘေးများဖြစ်သော ငလျင်ဘေး၊ မိုးကြိုးဘေး၊ မြေပြိုဘေး၊ မီးဘေး၊ လေဘေး၊ ရေဘေးစသည်တို့ ဖြစ်ပေါ်ပါက ဆောင်ရန် ရှောင်ရန်များကို အသေးစိတ် ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် သဘာဝဘေးဆိုင်ရာ ဗီဒီယိုများပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံးကြီး)**

## ချင်းပြည်နယ်အတွင်းမှ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ဟားခါး ဇူလိုင် ၂၈**

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပြည်နယ်အဆင့်ပညာရေး၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အအုံများကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းမြို့နယ်တစ်မြို့နယ်လျှင် လေးနှစ်ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသများရှိ ပြည်သူများ အမှန်တကယ်လိုအပ်နေသည့် လုပ်ငန်းများကို ပြည်သူတို့ကိုယ်တိုင် တောင်းဆိုခဲ့ပြီး အကောင်အထည်ဖော်နိုင်ခဲ့မှုကို ကြည့်မည်ဆိုလျှင်လည်း ပွင့်လင်းမြင်သာမှုရှိကာ ဒေသလိုအပ်ချက်များ မည်မျှရှိနေသည်ကိုလည်း အားလုံးမြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအားလုံးက ပြည်သူများနှင့်အတူ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် လူထုဗဟိုပြုစီမံကိန်း ရုံးခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်စုံဦးတို့က စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဦးစီးမှူးက လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနှင်းပပခိုင်နှင့် ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရန်နှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြို့နယ်ရွေးချယ်ခဲ့ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က အမှာစကားပြောကြားပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက စီမံကိန်းမြို့နယ်ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အညွှန်းကိန်းများကို ရှင်းလင်းတင်ပြကာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခြင်းများပြုလုပ်ပြီး ထန်တလန်မြို့နယ်ကို စီမံကိန်းမြို့နယ်အဖြစ် စိစစ်ရွေးချယ်ခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

## စာရင်းဇယားထိန်းသိမ်းနည်းသင်တန်းပို့ချ

**သံတွဲ ဇူလိုင် ၂၈**

သံတွဲခရိုင် သံတွဲမြို့နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ခဲ့သည့် (၄) ယူနစ် ကျေးရွာ ငါးရွာမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအား စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စာရင်းဇယား ဖြည့်သွင်းပုံနည်းစနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာများ ထိန်းသိမ်းပြုစုနည်းကို ခရိုင် ကျေးလက်ရုံးတွင် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

## မြစ်ရေမြင့်တက်ခြင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထား

**ပြည် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်နှင့် မြစ်မခမြစ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိကာ ၂၀၁၄ ခုနှစ်နောက်ပိုင်းမှစ၍ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့မှာ မိုးရာသီကာလ မြစ်ရေမြင့်တက်မှု ပိုမိုဖြစ်ပွားလာခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အဆိုပါမြစ်ကြီးများ၏ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ရွာများ၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု မရှိစေရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် မပျက်စီး မဆုံးရှုံးစေရေးအတွက် မြေသားတမံ ရေဘေးကာကွယ်ရေး(တာ)များ တည်ဆောက်၍ ထိန်းသိမ်းကာကွယ်ပေးလျက်ရှိရာ သာယာဝတီခရိုင်အတွင်း၌ ရေဘေးကာကွယ်ရေးတာ ၁၆ ခု၊ အလျား ၁၆၉ မိုင်၊ ၆ ဖာလုံ ဖြင့် မြို့ရွာများအပြင် စိုက်ပျိုးမြေ ဧက ၂၂၀၀၀၀ ကျော်ကို ကာကွယ်ပေးထားပြီး ပြည်ခရိုင်အတွင်း၌ ရေဘေးကာကွယ်ရေးတာ လေးခု၊ အလျား ၁၈ မိုင်၊ ၇ ဖာလုံ ဖြင့် မြို့ရွာများအပြင် စိုက်ပျိုးဧက ၆၀၀၀ ကျော်ကို ရေဘေးကာကွယ်ထားလျက်ရှိသည်။

ယခု ၂၀၁၇ ခုနှစ်တွင်လည်း ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေများသည် ဇူလိုင်လ ဒုတိယပတ်မှစတင်၍ မြင့်တက်လာခဲ့ရာ အဆိုပါ ခရိုင်နှစ်ခု၏ စိုးရိမ်ရေမှတ်အထက်သို့ အသီးသီးရောက်ရှိနေသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရေဘေးကာကွယ်ရေးတာများ ကြံ့ခိုင်ရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ညွှန်ကြားရေးမှူး နှင့် ဒုတိယညွှန်ကြားရေးမှူးတို့၏ ကြီးကြပ်မှုဖြင့် မြစ်ရေမြင့်တက်လာခဲ့သည့် ဇူလိုင်လဆန်းပိုင်းမှစ၍ နေ့/ည မပြတ် ရေကင်းလှည့်ခြင်း၊ တာစစ်ဆေးခြင်း၊ လိုအပ်သောနေရာများတွင် ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အထက်ပိုင်းရှိ ရေမှတ်စခန်းများ၏ ရေမှတ်များ၊ ပင်လယ်ဒီရေ မြင့်တက်မှုအခြေအနေနှင့် မိုးရွာသွန်းမှုအခြေအနေများကို တွက်ချက်၍ မြစ်ရေကာကွယ်မှုလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်နှင့် မြစ်မခမြစ်တို့သည် နှစ်စဉ် မိုးရာသီကာလအတွင်း ပျမ်းမျှ သုံးကြိမ်ခန့် ရေမြင့်တက်မှုရှိရာ ရေဘေးကာကွယ်ရေးအတွက် မိုးရာသီမတိုင်မီကပင် တာများကို ပြုပြင်ဆောင်ရွက်ခဲ့ခြင်း၊ ပြည်သူလူထုအား ရေဘေးကာကွယ်ရေး သရုပ်ပြခြင်းများ ပြုလုပ်ခဲ့သလို ယခု ပထမ အကြိမ် ရေမြင့်တက်မှုမှ ပြန်လည်ကျဆင်းပြီးနောက်တွင်လည်း နောက်ထပ်ပြန်လည်မြင့်တက်လာမည့် မြစ်ရေအခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သူရအောင် (ပြည်)**




# ရာဇဝင်ရိုင်းသူများမှတစ်ဆင့် သရုပ်ဆောင်သစ်များ ရွေးချယ်မည်

လွန်ခဲ့သော ၂၅နှစ်ခန့်က ရိုက်ကူးထားခဲ့ဖူးသော ဇာတ်ကားကို ပြန်လည်ဆန်းသစ်လိုက်သည့် ရာဇဝင်ရိုင်းသူများ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း ရုံတင်ပြသတော့မည်ဖြစ်သည်။ ယင်းဇာတ်ကားကို ကြည့်ရှုအားပေးသော အနုပညာချစ် ပရိသတ်များထဲမှာ သရုပ်ဆောင်ဝါသနာရှင်များကို စိစစ်ရွေးချယ်ပြီး မျက်နှာသစ် အနုပညာရှင်အဖြစ် ရွေးချယ်ပေးသွားရန်ရှိကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ပြန်လည်သရုပ်ဆောင်ယှဉ်ပြိုင်ရမည်ဖြစ်သည့် အဆိုပါ ပြိုင်ပွဲကို မှန်းဆအကောင်အထည်ဖော်သူမှာ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ပင် ဖြစ်သည်။

"ဒီဇာတ်ကားက လွန်ခဲ့တဲ့ ၂၅နှစ်ကတည်းက ရှိပြီးသားဇာတ်ကားတစ်ကားပါ။ ကိုကျော်ဟိန်းနဲ့ ကိုကျော်ရဲအောင်တို့ သရုပ်ဆောင်ထားပါတယ်။ အဲဒီဇာတ်ကားကို ပြန်ကြည့်လိုက်တော့ လိုအပ်ချက်တွေကို သွားတွေ့ရတယ်။ ဒါကြောင့်မို့ ကျွန်တော်က လိုအပ်နေတဲ့ ရသလေးတွေကို ဖြည့်စွက်ပေးတဲ့ သဘောနဲ့ ပြန်ရိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို အရင်ဖန်တီးတုန်းကထက် ပိုပြီးပြည့်စုံအောင် ဖန်တီးပြီး ပြန်ရိုက်တာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ပြောပြသည်။

အဆိုပါဇာတ်ကားကို လွန်ခဲ့သည့် ၂၅နှစ်ကတည်းက မောင်မျိုးမင်း (ရင်တွင်းဖြစ်) က ဇာတ်အိမ် ဇာတ်ကွက်ကောင်းမွန်စွာ ရှာဖွေတင်ဆက်ခဲ့ခြင်းဖြစ်သော်လည်း ၎င်းက လက်ရှိအခြေအနေတွင် ယင်းဇာတ်ကားကို ပြန်လည်ကြည့်ရှုရသည့်အခါ ယုတ္တိမတန်သည့် အကြောင်းအရာများပါရှိနေကြောင်း ၎င်းကိုယ်၎င်း ဝေဖန်ပြသည်။

အဆိုပါ ဇာတ်ကားကို ကြည့်ရှုပြီးကြသည့် ပရိသတ်များကိုလည်း သရုပ်ဆောင်အဖြစ် ပြန်လည် ရွေးချယ်မှုနှင့်ပတ်သက်ပြီး "အမှန်အတိုင်းပြောရရင် ပရိုမိုးရှင်းဆင်းတာလို့ ပြောလို့ရပါတယ်။ ဒီဇာတ်ကားထဲမှာပါတဲ့ ဇာတ်ဝင်ခန်းတစ်ခန်းကို သရုပ်ဆောင်ပြရမှာပါ။ ဥပမာ အချစ်စကားပြောတဲ့ နေရာ ဆိုလည်း အဲဒီ့အတိုင်း သရုပ်ဆောင်ပြရမှာဖြစ်ပါတယ်။ ပြေတီဦးနဲ့ မြင့်မြတ်တို့ တွေ့ကြတဲ့အခါ ဖြစ်သွားတဲ့ အိုက်တင်တွေကို လုပ်ပြရမှာပါ။ အဲဒီထဲကမှ အိုက်တင်အတူဆုံးလူတွေကို မင်းသား၊ မင်းသမီးတွေ ကိုယ်တိုင် ဆုပေးရွေးချယ်မှာပါ။ ဆုရတဲ့သူရှစ်ဦးကို ဇာတ်ဝင်ခန်းထဲမှာပါတဲ့ ပြေတီဦးနဲ့ လိုင်လာခမ်းတို့ မင်္ဂလာဆောင် ဇာတ်ဝင်ခန်းရိုက်တဲ့ သင်္ဘောကြီးပေါ်မှာ ဆုပေးပွဲပြုလုပ်ပေးမှာဖြစ်ပါတယ်။ ပြီးသွားရင် ဆုရသူတွေကို စိန်ဒွေးရုပ်ရှင်ထုတ်လုပ်ရေးကနေ ရိုက်ကူးတဲ့ ဇာတ်ကားတွေမှာ သူတို့ကို အလျဉ်းသင့်သလို ထည့်ရိုက်သွားမှာပါ"ဟု ပြောသည် ။

"ကျွန်တော့်ကို ဘာလို့ မြင့်မြတ်နဲ့ ပြေတီဦးကို ရွေးတာလဲမေးကြတယ်။ သူတို့ နှစ်ဦးစလုံးက ပါဝါ ရှိကြတယ်။ ဒီဇာတ်ကားထဲက ဇာတ်ကောင်နဲ့ လိုက်ဖက်လို့ရွေးတာပါ။ အားပြိုင်ကြတဲ့ အခန်းတွေဆို သူတို့ နှစ်ဦးက ပိုကောင်းမယ် ထင်တာပါ။ သူတို့ ရဲ့မျက်နှာ အမူအရာတွေကလည်း ဒီကားနဲ့ အံဝင်ခွင်ကျ လို့ ကျွန်တော် ရိုက်ခဲ့တာပါ။ ယနေ့ အချိန်မှာ မြင့်မြတ်ကလည်း သရုပ်ဆောင်ပိုင်းက အားတက်လာတယ်။ ပြေတီဦးကလည်း အခုချိန်မှာ သရုပ်ဆောင်ပိုင်းက အားတက်နေတယ်။ သူတို့နှစ်ဦးရဲ့ ပရိသတ်တွေ ကလည်း ဒီကားကိုကြည့်ပြီး အိုက်တင်ပိုင်း အားပြိုင်စေချင်တဲ့ သဘောပါ"ဟု ဆိုသည်။ **ကိုလင်း**

# နာမည်ကျော် ဒီဇိုင်နာများ ပူးပေါင်း၍ ဖက်ရှင်ရှိုးကျင်းပမည်

အနုပညာရှင်များနှင့် နာမည်ကျော်များအတွက် ဝတ်စုံဒီဇိုင်းများကို လှပစွာဖန်တီးပေးလျက်ရှိကြသည့် နာမည်ကျော် ဒီဇိုင်နာ မဥ္ဇူ၊ လတ်လတ်၊ မိုးကုတ်ပေါက်ပေါက်၊ ပြည်စိုးအောင်နှင့် ကောင်းမြတ်တို့၏ လက်ရာ ဖက်ရှင်ဒီဇိုင်းသစ်များကို ဩဂုတ် ၁၂ရက်နေ့နှင့် ၁၃ရက်တို့တွင် ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ် ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Eternity Love Fashion Show ဟု အမည်ပေးထားသည့် နိုင်ငံတကာအဆင့်မီ အဝတ်အထည် ဒီဇိုင်းလက်ရာများကို တင်ဆက်သွားမည်ဖြစ်ပြီး ပုံမှန်ပြုလုပ်နေကျ Fashion Show များနှင့် မတူအောင် ကြိုးစားတင်ဆက်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ကိုဂျွန်လွင်က ပြောကြားသည်။

"ပုံမှန်ကျင်းပနေတဲ့ ပုံစံနဲ့မတူတဲ့ပွဲကို တွေ့မြင်ရမှာပါ။ ဖွင့်ထားတဲ့ ဆိုင်ခန်းတွေကလည်း ဈေးရောင်းတဲ့ ပုံစံမျိုးလုပ်မထားဘူး။ စပွန်ဆာတွေလည်း အများကြီးတောင်းမထားဘူး။ ဈေးရောင်းပွဲ မဟုတ်ပါဘူး။ အဓိကကတော့ ဒီဇိုင်နာတွေရဲ့ လက်ရာတွေကို ပိုမိုပေါ်လွင်အောင် ပြသတဲ့ပွဲဖြစ်တာမို့ ဝတ်စုံပိုင်းကို အဓိက ပြသသွားမယ်။ ဒီဇိုင်းတွေကအစ မြင်နေကျပုံစံတွေကနေ ကွဲထွက်အောင် ကြိုးစားထားပါတယ်။ ကျွန်မကတော့ဝတ်စုံ ၁၀စုံပြသမယ်။ ဒီဇိုင်နာတွေအားလုံးလည်း စိတ်ကူး အသစ်တွေနဲ့ ပုံဖော်နေကြတယ်"ဟု ဒီဇိုင်နာ မဥ္ဇူက ပြောကြားသည်။ **ကိုလင်း**

# တောင်ပြုန်းပွဲတော်တွင် မင်းသားဇံဟိန်း၏ စိန်မဟာသဘင်ဖျော်ဖြေမည်

မကြာမီကျင်းပတော့မည့် တောင်ပြုန်းပွဲတော်တွင် မင်းသားဇံဟိန်းဦးစီးသည့် စိန်မဟာ သဘင်မှ တောင်ပြုန်းမင်းညီနောင်ဇာတ်ကို ခမ်းနားစွာတင်ဆက်ပြသမည် ဖြစ်ကြောင်း သိရသည်။ မတ္တရာမြို့နယ်၊ တောင်ပြုန်းမင်းနှစ်ပါးပွဲတော် အမှတ် (၂) ဇာတ်ရုံကြီး၌ ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ ဂရိတ်ဦးဖိုးစိန် တည်ထောင်ခဲ့သည့် စိန်မဟာသဘင်၏ မျိုးဆက်သစ် မင်းသားလေး ဇံဟိန်းက တောင်ပြုန်းမင်းညီနောင်ဇာတ်ကို တင်ဆက်မည်ဖြစ်ပြီး သရုပ်ဆောင် နေမင်း၊ ဟန်ဇာမိုးဝင်း တို့နှင့်အတူ တေးသံရှင် ဝနတို့ကလည်း အားဖြည့်တင်ဆက်ပေးမည်ဖြစ်သည်။ လက်ရှိတွင် လေ့ကျင့်မှုများ လုပ်ဆောင်နေပြီး မကြာမီဇာတ်ရုံအပြင်အဆင်များလည်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **နဒီ**



# လွတ်လပ်မှုကိုသာ နှစ်သက်သည်ဟု ဆိုလာသူ ဟိန်းဝေယံ

**ကိုလင်း**

ပရိသတ်အခိုင်အမာရရှိရန်နှင့် အနုပညာအရည်အချင်းပြည့်ဝရန်အတွက် အချိန်ပေးနေကြောင်း သရုပ်ဆောင် ဟိန်းဝေယံကပြောကြားသည်။

တစ်ချိန်က အချစ်ကြောင့် စိတ်ညစ်ခဲ့ရဖူးသည့် ဟိန်းဝေယံက အနုပညာအလုပ်များကို ဆက်လက်လုပ်ကိုင်ရင်း ဘဝကို ဖြတ်သန်းနေပြီး မျှော်မှန်းထားသည့် အသက်အရွယ်နှင့် အချိန်ကာလတစ်ခုသို့ရောက်မှသာ အိမ်ထောင်ပြုရန် ရည်မှန်းထားကာ လွတ်လပ်မှုကို နှစ်သက်သည်ဟု ဖွင့်ဟပြောသည်။

**မေး ။ အခုချိန် ပရိသတ်ကို ဘယ်လို သရုပ်ဆောင်မှုမျိုးတွေနဲ့ တင်ဆက်ပေးချင်သလဲ။**

ဖြေ ။ ဘယ်ဇာတ်ရုပ်မျိုးရယ်လို့သတ်မှတ်ထားတာ မရှိဘူး။ ကျွန်တော်နဲ့လည်း လိုက်ဖက်မှုရှိမယ်ဆိုရင် ဘယ်လိုဇာတ်ရုပ်မျိုးမဆို အကောင်းဆုံး လုပ်ဆောင်သွားမယ်။ အနုပညာအလုပ်တွေ လုပ်နေသေးတဲ့အတွက်လည်း ဇာတ်ရုပ်အစုံတော့ လုပ်ချင်ပါတယ် ။

**မေး ။ သရုပ်ဆောင်ပိုင်းအပြင် ဒါရိုက်တာပိုင်းကိုလည်းလုပ်ဆောင်နေတယ်။ အဆိုပိုင်းလည်း လုပ်ဆောင်နေတာ တွေ့ရတယ်။ အဆိုပိုင်းကိုရော သေချာလုပ်မယ်စိတ်ကူးထားလား။**

ဖြေ ။ အဓိကသရုပ်ဆောင်ပိုင်းကိုပဲ သေသေချာချာလုပ်ဆောင်မှာပါ။ ဒါရိုက်တာအနေနဲ့က ဇာတ်ကားတစ်ကားကိုကိုယ်တိုင်ရိုက်ကူးထားတယ်။ အတွေ့အကြုံတွေလည်း အများကြီးရခဲ့တယ်။ ဒါရိုက်တာပိုင်းကိုလည်း သဘောကျတဲ့ ဇာတ်လမ်းမျိုးလောက်ပဲ ရိုက်ကူးမယ်။ အဆိုပိုင်းကို သီးသန့်လုပ်ဖို့တော့ မရှိဘူး။ ပရိသတ်တောင်းဆိုရင် သီချင်းလေးတွေတော့ ဆိုဖြစ်ပါတယ်။

**မေး ။ အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက်ကိုယ့်ရဲ့လက်တွဲဖော်ကိုရော ဘယ်လိုသတ်မှတ်ထားလဲ။**

ဖြေ ။ ကျွန်တော်စဉ်းစားမိတာကို ပွင့်ပွင့်လင်းလင်း ပြောရရင် အဓိက ချစ်သူဖြစ်တဲ့အပေါ် ကိုယ်ကလည်း ချစ်နေဖို့လိုတယ်။ အဲဒါက အရေးကြီးတယ်။ ကျန်တာ ကျွန်တော့်အနေနဲ့ ဘာမှ သတ်မှတ်ချက်ထားတာ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဆိုတာ အမြဲထူးဆန်းတယ်။ ကိုယ်ချစ်ချင်တဲ့သူကို သွားချစ်လို့ မရဘူး။ သဘောတရားတစ်ခုက ဒီတစ်ယောက်ကကိုယ့်စိတ်ကူးထဲကပုံရိပ်ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ အဲ့ဒီတစ်ယောက်အပေါ်လည်း ချစ်မိချင်ချစ်မိမယ်၊ မချစ်မိရင်လည်း မချစ်မိဘူး။ ကိုယ့်စိတ်ကူးထဲ လူကိုလည်း အပြင်မှာတွေ့လို့ ရင်ခုန်ချင်မှ ခုန်မယ်၊ လူ့စိတ်ဆိုတာပြောလို့မရဘူး။ သတ်မှတ်ချက်တော့မထားဘူး။ အဓိက ကျွန်တော်ရင်ခုန်တယ် ချစ်မိတယ်ဆိုရင် ချစ်တာပဲ။

**မေး ။ အချစ်ရေးနဲ့ပတ်သတ်ပြီး တစ်ဖက်သတ် ဝေဖန်တိုက်ခိုက်မှုတွေ ခံခဲ့ရဖူးတယ်နော် အဲ့အပေါ် ညီလေး ခံစားချက်ကရော။**

ဖြေ ။ ကံတရားတစ်ခုလို့လည်း သတ်မှတ်ထားတယ်။ အနုပညာရှင်တစ်ယောက်ဖြစ်နေတဲ့အတွက် ပရိသတ် ပိုစိတ်ဝင်စားခြင်းခံရတော့၊ ဝေဖန်တိုက်ခိုက်မှုက ကြုံနေရမှာပဲ၊ အဓိကက ကိုယ်နေတတ်ဖို့ပဲလိုတယ်။ ကိုယ့်စိတ်ကိုယ် အေးချမ်းအောင်နေလိုက်တယ်။ ကောင်းတာမျိုးဆို လက်ခံလိုက်တယ် ။

**မေး ။ အားပေးနေတဲ့ပရိသတ်ကို စကားလက်ဆောင်ပြောပေးပါလား။**

ဖြေ ။ ကျွန်တော့်ကို ယနေ့ချိန်အထိ အားပေးနေတဲ့ ပရိသတ်ကို ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ပရိသတ်တွေ အားပေးတာနဲ့ ထိုက်တန်အောင်၊ အနုပညာနဲ့ ပတ်သက်ပြီး ဆက်ပြီးကြိုးစားပါမယ်။ ပရိသတ်တွေအားလုံးလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေလို့ ဆုတောင်းပေးပါတယ်။

# အိပ်မက်ဆုံရာ၏ လူကြိုက်အများဆုံးဆုရှင်

## ဟန်ထူးချာန် တေးစီးရီးထွက်မည်




ယခုဇူလိုင် ၃၀ရက် ညနေတွင် ရန်ကုန်မြို့လှည်းတန်းစင်တာ၌ ဟန်ထူးချာန်၏ Celebrity အမည်ရ တေးစီးရီးကို စတင်ဖြန့်ချီသွားရန်ရှိသည်။

ယင်းအခွေအတွက် တစ်နှစ်ခန့်အချိန်ယူကာ ဖန်တီးကြိုးစားထားပြီး အိပ်မက်ဆုံရာ၏ ပရိသတ်အကြိုက်ဆုံးနှင့် အကောင်းဆုံးအဆိုရှင်ဆုများကို ဆွတ်ခူးထားခဲ့သူ ဟန်ထူးချာန်က "အစပိုင်းတုန်းကတော့ သီချင်း ၁၁ ပုဒ်ပဲ ထည့်ဖို့ရည်ရွယ်ခဲ့တာ။ အကြိုက်ဆုံးသီချင်းတွေကတော့ 'ပုံရိပ်ဟောင်း'နဲ့ 'မ'ဆိုတဲ့ သီချင်းလေးတွေ ဖြစ်ပါတယ်။ ထွက်မယ့်အခွေမှာ စုစုပေါင်း ၁၂ပုဒ်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများအပေါ် စိုးရိမ်မိကြောင်းနှင့် "ကျွန်တော်တို့ကိုယ်တိုင်ရော သိသမျှတွေရော တစ်ခါမှ ငွေပေးခဲ့ရတာမရှိဘူး။ ဒီလိုကြားရတော့ စိတ်တောင် မကောင်းဖြစ်မိတယ်။ ပြိုင်ပွဲတိုင်း အဲဒီလိုအပြောအဆိုခံရတာ မကြာခဏဖြစ်နေကျပဲလေ"ဟု သူက ပြောပြသည်။

လတ်တလောတွင် MRTV-4 မှ ရိုက်ကူးမည့် မီနီစီးရီး ဇာတ်လမ်းတွဲရိုက်ကူးရန်ရှိပြီး ယင်းဇာတ်လမ်းမှာ သင်းကွဲငှက်တို့ အိမ်ပြန်ချိန်ကို ဩဂုတ်လအတွင်း စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်းသိရသည်။ **ဝေလင်း**

## နိုင်ငံတကာအနုပညာမှတ်စု



### လမ်းလျှောက်သူတစ်ဦးကို ဂျက်စတင်ဘီဘာ ကားနဲ့ဝင်တိုက်မိ

ဖြိုး

ပေါ့အဆိုတော် ဂျက်စတင်ဘီဘာဟာ ဘီဘာလေဟေးလ်မှာ ကားတိုက်မှုဖြစ်ပွားခဲ့တယ်လို့ ရဲတွေက အတည်ပြုပြောကြားပါတယ်။ ဘီဘာလေဟေးလ်ရဲဌာနကတော့ ကားတိုက်မှုမှာ ဂျက်စတင်ဘီဘာရဲ့ကားဟာ အရှိန်မပြင်းဘူးလို့ ဆိုပါတယ်။ ရဲတွေကတော့ သူတို့ရောက်သွားတဲ့အခါ အသက် ၅၇ နှစ်အရွယ် လမ်းသွား လမ်းလာတစ်ဦးဟာ မြေပြင်ပေါ်မှာလဲနေတယ်လို့ ဆိုပါတယ်။ အဲဒီလူကိုဆေးရုံပို့ပေးခဲ့ပြီးနောက်မှာတော့ အသက်အန္တရာယ်စိုးရိမ်စရာမရှိဘူးလို့ သိရပါတယ်။ ဂျက်စတင်ဘီဘာကတော့ ရဲတွေနဲ့အတူပူးပေါင်းဆောင်ရွက်ခဲ့ပြီးတော့မှ ထွက်သွားခဲ့တယ်လို့ သိရပါတယ်။ ကားတိုက်မှုဖြစ်ပွားပြီးတဲ့နောက်မှာတော့ ဂျက်စတင်ဘီဘာဟာ ဒဏ်ရာရရှိသွားတဲ့အမျိုးသားကို ထိခိုက်ဒဏ်ရာရမှုနှင့်ပတ်သက်ပြီးမေးမြန်းမှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ အကူအညီပေးဖို့လည်း ကြိုးစားခဲ့တယ်လို့ သိရပါတယ်။ ဒဏ်ရာရသွားသူရဲ့ ဘေးမှာဒူးထောက်ထိုင်ပြီး သူဘာများကူညီပေးနိုင်မလဲလို့ မေးခဲ့ပါတယ်။ ဂျက်စတင်ဘီဘာဟာ လက်ရှိမှာတော့ သူ့ရဲ့ကမ္ဘာလှည့်ဖျော်ဖြေမှုတွေကို ဖျက်သိမ်းထားသူလည်း ဖြစ်ပါတယ်။ အာရှနဲ့ မြောက်အမေရိကနိုင်ငံတွေကို သွားရောက်ဖျော်ဖြေမှု ရွှေ့ဆိုင်းထားတာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်ကလည်း တရုတ်နိုင်ငံမှာ ဖျော်ဖြေခွင့်မရတာနဲ့ ပတ်သက်ပြီး သတင်းစာတွေမှာ အကျယ်တဝင့် ဖော်ပြခံရသူလည်း ဖြစ်ပါတယ်။
**(ဘီဘီစီ)**



### ပုဂ္ဂိုလ်ရေးရာအရ ထိခိုက်ခံရမှုအတွက် မက်ဒေါနား လျော်ကြေးရ

ဖြိုး

ကမ္ဘာကျော်အဆိုတော် မက်ဒေါနားနဲ့ သူမွေးစားထားတဲ့ သမီးနှစ်ယောက်ဟာ သတင်းသမားအချို့ရဲ့ ပုဂ္ဂိုလ်ရေးအရ နှောင့်ယှက်မှုကိုခံရတဲ့အတွက် ၎င်းတို့ဆီက လျော်ကြေးရခဲ့ပါတယ်။

လျော်ကြေးဘယ်လောက်ရတယ်ဆိုတာကိုတော့ ဖော်ပြထားခြင်း မရှိပါဘူး။ အဆိုတော်မက်ဒေါနားဟာ ဖေဖော်ဝါရီလကမှ လေးနှစ်အရွယ် Stella နဲ့ Estre ကို မွေးစားထားခဲ့တာပါ။ မွေးစားထားတာသိပ်မကြာသေးတာမို့ မိသားစုချင်း ရင်းနှီးကျွမ်းဝင်မှုရှိအောင် အသားကျအောင်တည်ဆောက်ဆဲကာလ ဖြစ်ပါတယ်။ ဒီလိုမျိုး အရေးကြီးတဲ့ကာလမှာ သူတို့ရဲ့ကိုယ်ရေးကိုယ်တာကို မနှောင့်ယှက်ဖို့ မီဒီယာတွေကို တောင်းဆိုခဲ့ပါတယ်။ မာလီအွန်လိုင်းကဖော်ပြထားတဲ့ဆောင်းပါးအပေါ် မက်ဒေါနားက ကျေနပ်မှုမရှိလို့ လန်ဒန်တရားရုံးမှာ တိုင်ကြားခဲ့ပါတယ်။

ပုဂ္ဂိုလ်ရေးရာအရ စိတ်သောကရောက်စေလို့ တိုင်ကြားခဲ့တာဖြစ်တယ်လို့ မက်ဒေါနားရဲ့ ရှေ့နေတွေက ပြောပါတယ်။ အဲဒီဆောင်းပါးမှာ မက်ဒေါနားမွေးစားထားတဲ့ ကလေးတွေရဲ့ အမည်၊ အသက်နဲ့လူမျိုးကို ဖော်ပြထားပြီး မာလဝီမှာရှိတဲ့ မိဘမဲ့ဂေဟာမှာ နေထိုင်စဉ်က အချက်အလက်တွေကိုလည်း ဖော်ပြထားပါတယ်။ မက်ဒေါနား ကလေးမွေးစားတဲ့ကိစ္စမှာ ဆိုင်းငံ့ထားတဲ့အချက်တွေကိုလည်း ဖော်ပြထားပါတယ်။ ဒီကိစ္စဟာ မက်ဒေါနားရဲ့ ဂုဏ်သိက္ခာကိုထိခိုက်ပြီး မွေးစားဖို့ကိစ္စဆောင်ရွက်တဲ့အခါမှာလည်း အနှောင့်အယှက်ဖြစ်စေတယ်လို့ မက်ဒေါနားရဲ့ရှေ့နေက ပြောပါတယ်။ လျော်ကြေးရရှိတဲ့ငွေကိုလည်း မာလဝီမှာရှိတဲ့ ကလေးလူနာဌာနကို လှူဒါန်းမှုတွေပြုလုပ်သွားမယ်လို့ သိရပါတယ်။ မက်ဒေါနားမွေးစားထားတဲ့ကလေးငယ်နှစ်ဦးမှာ မာလဝီမှဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းက ကလေးငယ်နှစ်ဦးရဲ့ဓာတ်ပုံကို အင်စတာဂရမ်ပေါ်တင်ခဲ့ပါတယ်။ ထိုစဉ်က ကလေးငယ်နှစ်ဦး သူ့မိသားစုကို ဝင်ရောက် လာတဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိနေတယ်လို့ မက်ဒေါနားက ဆိုပါတယ်။
**ဘီဘီစီ**

## ကလေးသူငယ်များ ဘေးကင်းလုံခြုံသည့် ခရီးသွားလုပ်ငန်းဖြစ်စေရန် အသိပညာပေးမည်

**မန္တလေး ဇူလိုင် ၂၈**
ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့် ခရီးသွားလုပ်ငန်းဖြစ်နိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး ခြောက်မြို့၌ စစ်တမ်းများကောက်ယူခဲ့ပြီးဖြစ်ကာ အဆိုပါ မြို့များတွင် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့တာဝန်သိခရီးသွားလုပ်ငန်း(MRTI)မှ ဥက္ကဋ္ဌ ဦးညွန့်ဝင်းနိုင်က ပြောကြားသည်။

ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ကော့သောင်းနှင့် ချောင်းသာစသည့် အဓိက ခရီးသွားအများဆုံးဖြစ်သည့် မြို့များတွင် ကလေးသူငယ်များ ဘေးကင်းလုံခြုံသည့် ခရီးသွားလုပ်ငန်းဖြစ်စေရန်အတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်းမှာ ကလေးသူငယ်တွေကို လိင်ပိုင်းဆိုင်ရာတွေနဲ့ တခြားသော အလုပ်အကိုင်တွေမှာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုကိစ္စတွေ ရှိနေပါတယ်။ ထိုင်းနိုင်ငံက အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ကျွန်တော်တို့ ခရီးသွားဒေသတွေမှာ ကလေးသူငယ်တွေ ဘေးကင်းလုံခြုံဖို့အတွက် သုတေသနလုပ်ခဲ့ပါတယ်။ သုတေသနရလဒ်အရ ဒီဒေသတွေမှာရှိတဲ့ ကလေးသူငယ်တွေ ဘေးကင်းလုံခြုံတဲ့ ခရီးသွားလုပ်ငန်းဖြစ်စေဖို့ အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

သုတေသနလုပ်ငန်းများကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တာချီလိတ်၊ ချောင်းသာ၊ ငွေဆောင်မြို့များတွင် ၂၀၁၆ ခုနှစ်စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး စစ်တမ်းများ ကောက်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း၌လည်း ယူနီဆက်ဖ်မြန်မာနှင့် ပူးပေါင်းကာ အင်းလေးဒေသနှင့် ကော့သောင်းမြို့များတွင် စစ်တမ်းဆက်လက်ကောက် ယူသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်က စတင်ကောက်ယူခဲ့သော စစ်တမ်းများနှင့်ပတ်သက်၍ အပြီးသတ် အစီရင်ခံစာတစ်စောင်ကို ယခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်သွားမည်ဖြစ်ကာ အဆိုပါ အစီရင်ခံစာကို ကြည့်ရှုပြီး မိမိတို့ဒေသတွင် ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့် ခရီးသွားလုပ်ငန်းဖြစ်နိုင်ရန် ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်မည့်အပြင် ထိုသို့သော အဖြစ်အပျက်များ ရှိနေပါကလည်း လျှော့ချနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။
**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေကြီးမှုဖြစ်သည့်ဒေသသို့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ပေး

**နတ်တလင်း ဇူလိုင် ၂၈**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အနောက်ခြမ်းရှိ ရေကြီးရေလျှံဒေသ တစ်ခုဖြစ်သော တောင်ယာတော ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို တာပွန်တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ဇူလိုင် ၂၆ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တာပွန်တိုက်နယ်ဆေးရုံမှ ဒေါက်တာဆွေဇင်ဝင်းဦးဆောင်ပြီး ကျန်းမာရေးကြီးကြပ်(၁) ဦးအောင်မြင့်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသတွင်းရှိ အရန်သားဖွားဆရာမများနှင့် ကျန်းမာရေးလုပ်သားများ ပူးပေါင်းအဖွဲ့က တောင်ယာတောကျေးရွာအုပ်စု ကြို့ပင်အင်းရွာဘုန်းကြီးကျောင်း ဓမ္မာရုံသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရေကြီးရေလျှံမှု ဖြစ်ပွားပြီးနောက် ဆက်လက်ဖြစ်ပေါ်လာနိုင်သော ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဒေါက်တာဆွေဇင်ဝင်းက ဒေသခံပြည်သူများအား ဟောပြောကာ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိပြီး ရောဂါကြိုတင်ကာကွယ်ရေးလုပ်ဆောင်ရာတွင် စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။
**တင်မြင့်(နတ်တလင်း)**

## ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း ဆိုင်းဘုတ်တင်ပွဲကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၈**
ကချင်ပြည်နယ်အတွင်းမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန် အတွက် ဖွဲ့စည်းထားသော ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း၏ ဆိုင်းဘုတ်တင်ပွဲကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဂျေကော့ဘူက အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က ဖောင်ဒေးရှင်းအတွက် အားပေးစကားပြောကြားကာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က ဖောင်ဒေးရှင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး ဖောင်ဒေးရှင်းရုံးဆိုင်းဘုတ်ကို စိုက်ထူဖွင့်လှစ်ခဲ့သည်။

"ပြည်နယ်မငြိမ်မသက်ဖြစ်တဲ့အခါမှာ ပြည်သူတွေ အနေနဲ့ နေရပ်ကိုပစ်ပြီး ပြောင်းရွှေ့နေထိုင်လာကြတယ်။ ဒါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုနည်းနေတဲ့ ကျေးလက်နေပြည်သူတွေကို ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ဆေးဝါးကုသပေးနိုင်ဖို့အတွက် ဖောင်ဒေးရှင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်တယ်"ဟု ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြောသည်။

"ဒီဖောင်ဒေးရှင်းကနေ မြို့နယ်၊ ကျေးလက်ဒေသအထိ ကွင်းဆင်းပြီးတော့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ အခမဲ့ကုသပေးသွားမှာပါ။ ကွင်းဆင်းဆေးဝါးကုသတဲ့နေရာမှာလည်း ကျေးရွာမှာကုသလို့မရတဲ့ လူနာတွေကို မြစ်ကြီးနား၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းကို ပြည်နယ်အစိုးရ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ စုပေါင်းပြီး ၂၀၁၅ ခုနှစ်မှစ၍ ဖွဲ့စည်းထားခြင်းဖြစ်ကာ စတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ဆရာဝန် ၂၀ ကျော်ဖြင့် မြို့နယ်ရှစ်မြို့နယ်အတွင်းသို့ ကွင်းဆင်း၍ ကျေးလက်နေပြည်သူ တစ်သောင်းကျော်ကို အခမဲ့ဆေးဝါးကုသပေးနိုင်ခဲ့သည့်အပြင် အရေးကြီးလူနာ ၈၀ ကျော်ကိုလည်းဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။
**မင်းရာဇာ(မြစ်ကြီးနား)**

## ကျေးရွာအလက(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**စစ်ကိုင်းဇူလိုင် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ငွေးပင်တော ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ရွှေတောင်လုပ်ငန်းစုမှ ဆောက်လုပ်လှူဒါန်းသည့် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ အာရ်စီ တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ထီးဆောင်း ကျေးရွာ အခြေခံပညာအလယ်တန်း(ခွဲ)ရှိ ကျောင်းအဆောက်အအုံကို အကြီးစား ပြန်လည်ပြုပြင်မွမ်းမံပြီး၍ အပ်နှံပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ ဥက္ကဋ္ဌနှင့် Su Education မှ ဥက္ကဋ္ဌ ဦးနေအုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမှုနှင့် ပြုပြင်မွမ်းမံမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်တည်ဆောက်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် ကျောင်းဆောင်ဟောင်းပြုပြင်မှု မှတ်တမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် သိန်း ၁၃၀၀ ကျော်ဖြစ်ပြီး ကျောင်းဆောင်ဟောင်း အကြီးစားပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်မှာ ကျပ် သိန်း ၆၀၀ ကျော်ဖြစ်ကာ ရွှေတောင်ကုမ္ပဏီက အကုန်ကျခံလှူဒါန်းခဲ့သလို ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောပိုးအိတ်၊ ထမင်းချိုင့်နှင့် ကျောင်းဝတ်စုံများ စုစုပေါင်း ငွေကျပ်သိန်း ၇၀ ဖိုးကိုလည်း ထပ်မံဖြည့်စွက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေတောင်လုပ်ငန်းစုအနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အဆင့်မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည့်နေရာများတွင် စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊ ကျောင်းသုံးပရိဘောဂများ လှူဒါန်းပေးအပ်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ကိုင်ပေးလျက်ရှိရာ ယခုအသစ်ဆောက်လုပ်လှူဒါန်းသည့် စာသင်ကျောင်းမှာ ၉၂ ကျောင်းမြောက် လှူဒါန်းမှုဖြစ်ကြောင်းနှင့် ရွှေတောင်လုပ်ငန်းစုအနေဖြင့် ရှေ့ဆက်၍လည်း မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေးအတွက် တတ်နိုင်သည့် တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။
**တင်မောင်(မန်းကိုယ်ပွား)**

# MPT သုံးစွဲသူများ မိုဘိုင်းဖုန်းမှတစ်ဆင့် အင်္ဂလိပ်စာသင်ယူနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

MPT သုံးစွဲသူများအနေဖြင့် အင်္ဂလိပ်စာကို မိုဘိုင်းအင်တာနက်မှတစ်ဆင့် လေ့လာသင်ယူနိုင်စေရန် ရည်ရွယ်ထားသည့် ထူးခြားဆန်းသစ်သော ပညာသင်ကြားရေး Web Portal ဖြစ်သည့် M-Learning ကို ဇူလိုင် ၁၇ ရက်မှစ၍ အခကြေးငွေပေးပြီး စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

မိုဘိုင်းအင်တာနက်မှတစ်ဆင့် အင်္ဂလိပ်စာ လေ့လာသင်ယူနိုင်မည့် M-Learning Portal ကို MPT က ပထမဆုံး စတင်မိတ်ဆက်လိုက်ခြင်းဖြစ်သည်။ M-Learning Portal တွင် အင်္ဂလိပ်စာသင်ကြားမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်း၊ ဈေးဝယ်ထွက်ခြင်း၊ ခရီးသွားခြင်း၊ အစားအစာ၊ ဂဏန်းများ၊ အရောင်များဟု ကဏ္ဍခြောက်မျိုးပါဝင်ပြီး ကဏ္ဍတစ်ခုချင်းစီအတွက် နောက်ဆုံးပေါ် ဝေါဟာရများ၊ စကားပြောဆိုမှုနှင့် အပြန်အလှန်ပြောဆိုခြင်းဆိုင်ရာ အချက်အလက်များအပြင် အသံထွက်လေ့ကျင့်ရန်အတွက် အကြံပေးချက် အသံနမူနာများလည်း ပါဝင်မည်ဖြစ်သည်။




အင်္ဂလိပ်စာသင်ကြားသည့် ဝန်ဆောင်မှုကို ရယူသုံးစွဲသူ၏ အင်္ဂလိပ်စာကျွမ်းကျင်မှုအဆင့်အပေါ် မူတည်၍ အခြေခံအဆင့်၊ အလယ်အလတ်နှင့် အဆင့်မြင့်ဟု ခွဲခြားထားကာ အဆင့်အလိုက် သင်ခန်းစာမျိုးစုံပါဝင်မည် ဖြစ်သည်။ ဝန်ဆောင်မှုရယူအသုံးပြုကာ အင်္ဂလိပ်စာသင်ကြားလိုသူများအနေဖြင့် ကဏ္ဍတစ်ခုစီအတွက် မေးခွန်း ၁၀ ခုစီကို ဖြေဆိုပြီး ကျွမ်းကျင်မှုကိုဆန်းစစ်ကာ သင့်တော်ရာအဆင့်ကို သင်ကြားနိုင်မည်ဖြစ်သည်။

၎င်းဝန်ဆောင်မှုကို MPT ၏ မိုဘိုင်းအင်တာနက်သုံးစွဲသူအားလုံး အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားအင်တာနက်လိုင်းများဖြင့် သုံးစွဲနိုင်မည်မဟုတ်ကြောင်း သိရသည်။ ဝန်ဆောင်မှုကို ရယူအသုံးပြုရန်အတွက် သုံးစွဲသူများအနေဖြင့် ၈၂၈၂ သို့ “ON” ဟု စာတိုပေးပို့ပါက အတည်ပြုကြောင်း စာတိုပြန်ရမည်ဖြစ်ပြီး ထိုစာတွင် အသုံးပြုမည့်သူ၏ ID၊ လျှို့ဝှက်နံပါတ်နှင့် M-Learning Portal သို့ ဝင်ရောက်ရန်လင့်ခ်တို့ ပါဝင်မည်ဖြစ်သည်။

ထို ID နှင့် လျှို့ဝှက်နံပါတ်ဖြင့် M-Learning Portal တွင် စတင်ဝင်ရောက်ပြီး အင်္ဂလိပ်စာသင်ခန်းစာကို စတင်သင်ကြားနိုင်မည်ဖြစ်ကာ စတင်သုံးစွဲချိန်မှ တစ်ပတ်အထိ အခမဲ့ သုံးခွင့်ရမည်ဖြစ်သည်။ တစ်ပတ်နောက်ပိုင်းတွင် အခပေးသုံးစွဲသူအဖြစ် အလိုအလျောက် ကူးပြောင်းသွားပြီး ဝန်ဆောင်မှုကို အပြည့်အဝ ဆက်သုံးနိုင်မည်ဖြစ်ကာ တစ်ရက်လျှင် ၁၅၈ ကျပ်နှုန်းဖြင့် ဖုန်းဘေလ်ထဲမှ ဖြတ်တောက်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ အသုံးပြုသူမှ ဝန်ဆောင်မှုကို ရပ်တန့်လိုပါက 8282 သို့ “STOP”ဟု အချိန်မရွေး ပေးပို့၍ ရပ်တန့်နိုင်မည်ဖြစ်သည်။

ဝန်ဆောင်မှုကို ရယူအသုံးပြုသူများအနေဖြင့် မည်သည့်ဖုန်းအမျိုးအစားဖြင့်မဆို Browser မှတစ်ဆင့် Portal သို့ အချိန်အကန့်အသတ်မရှိ ဝင်ရောက်ပြီး အင်္ဂလိပ်စာသင်ခန်းစာများကို နေ့စဉ်စာတိုများ(SMS) ရယူခြင်းဖြင့် သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ M-Learning ဝန်ဆောင်မှုသည် HTML 5 နည်းပညာကို အသုံးပြုထားသော မိုဘိုင်းဝက်ဘ်ဆိုက်ကို အခြေခံ၍ ဝန်ဆောင်မှုပေးထားခြင်း ဖြစ်သောကြောင့် အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုနိုင်သော Android၊ iOS၊ Windows အစရှိသည့် operating စနစ်သုံး စမတ်ဖုန်းအားလုံးဖြင့် သုံးစွဲနိုင်မည်ဖြစ်သလို ရရှိသော ID နှင့် လျှို့ဝှက်နံပါတ်ကို အသုံးပြု၍ ကွန်ပျူတာများ၊ လက်ပ်တော့ပ်များမှတစ်ဆင့်လည်း Portal သို့ ဝင်ရောက်ကာ အင်္ဂလိပ်စာ သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT ၏ M-Learning ဝန်ဆောင်မှုနှင့် ဝန်ဆောင်မှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်များ၊ အသုံးပြုပုံများကို ပိုမိုသိရှိလိုပါက http://engclass.up.st/ တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# MPT ၏ မြန်နှုန်းမြင့် LTE+ ကွန်ရက်ကို မြို့ငါးမြို့၌ ဩဂုတ်လအတွင်း တိုးချဲ့မည်

**ရန်ကုန် ဇူလိုင် ၂၈**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့တစ်ခုစီ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ၏ မြန်နှုန်းမြင့် LTE+ ကွန်ရက်ကို ဩဂုတ်လအတွင်း တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့၊ မန္တလေးတိုင်းဒေသကြီးတွင် ညောင်ဦးမြို့နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျိုင်းတုံမြို့တို့၌ MPT ၏ 1.8 GHz လှိုင်းနှုန်းစဉ်ဖြင့် သာမန် 4G/LTE ထက် နှစ်ဆပိုမြန်သည့် LTE+ ကွန်ရက်ကို ဩဂုတ်လအတွင်း တိုးချဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတင်းထုတ်ပြန်ထားပြီး ကချင်ပြည်နယ် ဖားကန့်မြို့၌လည်း ဇူလိုင် ၁၅ ရက်မှစတင်ပြီး LTE+ ဝန်ဆောင်မှုကို ပေးအပ်ထားပြီဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ရဲ့အဆင့်မြင့် LTE+ ကွန်ရက်ကို ပိုပြီးကျယ်ပြန့်တဲ့ဒေသက မြို့နယ်တွေအပါအဝင် နိုင်ငံအနှံ့က နေရာတွေမှာ အသုံးပြုနိုင်အောင် စီစဉ်ထားတဲ့အတိုင်း ဆောင်ရွက်သွားမှာပါ။ ဒီနေရာ ငါးနေရာမှာရှိတဲ့ သုံးစွဲသူတွေဟာ မကြာခင်မှာ မျိုးဆက်သစ်နည်းပညာသုံးထားတဲ့ ကွန်ရက်ရဲ့အမြန်နှုန်းတွေကိုသုံးပြီး ကိုယ်နှစ်သက်တဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကို မိုဘိုင်းဆက်သွယ်မှုကနေတစ်ဆင့် ချိတ်ဆက်နိုင်ပါတော့မယ်”ဟု MPT-KSGM Joint Operations မှ တာဝန်ရှိသူ Mr.Reizo Umeda က ပြောသည်။

အဆိုပါ LTE+ ရရှိသည့်နေရာသစ်များတွင် ရှယ်ပြောနှင့် ဆွဲသဟာအစီအစဉ်များ ရယူထားသော သုံးစွဲသူများအနေဖြင့် LTE+ ကွန်ရက်ကို ပထမဆုံး စတင်အသုံးပြုသည့် အချိန်တွင် MPT ၏ 1GB ဒေတာ လက်ဆောင်ကို ရရှိမည်ဖြစ်ကြောင်း၊ လက်ဆောင်ရသောဒေတာများကို စတင်ရရှိသည့်အချိန်မှ တစ်ပတ်အတွင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT အနေဖြင့် မြန်မာနိုင်ငံအတွင်း LTE+ ကွန်ရက်ချဲ့ထွင်မှုများကို ဇူလိုင်လအစောပိုင်းကပင် စတင်ဆောင်ရွက်နေခဲ့ပြီး LTE+ ကို ထောက်ပံ့ပေးရန်အတွက် မိုဘိုင်းတာဝါ ကွန်ရက်များကို 4×4 MIMO အဆင့်မြင့်နည်းပညာသုံး အဆင့်မြှင့်တင်ခြင်းနှင့် ပြောင်းလဲခြင်းများ ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် MPT အနေဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ မြို့ကြီး ၂၂ မြို့အပါအဝင် မြို့နယ် ၆၆ ခုအထိကို LTE+ ကွန်ရက်များ ဖြန့်ကြက်ပြီးစီးနေပြီဖြစ်သည်။

ဩဂုတ်လအတွင်း မြို့ကြီး ၂၇ မြို့ အပါအဝင် မြို့နယ် ၇၁ ခုအထိကို ကွန်ရက်ဆက်လက်ချဲ့ထွင်သွားနိုင်ရန်နှင့် စက်တင်ဘာလအတွင်း LTE+ ကွန်ရက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြို့ကြီး ၃၀ အပါအဝင် မြို့နယ် ၇၅ ခုတွင် လွှမ်းခြုံနိုင်ရန် ရည်မှန်းထားကာ ကွန်ရက်တိုးချဲ့ဖြန့် ကြက်နေခြင်းနှင့်အတူ ကွန်ရက်ဖြန့်ကြက်ခြင်းကို MPT သုံးစွဲသူများသိရှိစေရန် အထိမ်းအမှတ်ပွဲများလည်း ပြုလုပ်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

**သူရဖြိုး**

# ပထမဆုံးအကြိမ် နည်းပညာဆိုင်ရာအလုပ်အကိုင်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၈**

ပြည်တွင်းနည်းပညာကုမ္ပဏီကြီးများတွင် နည်းပညာဆိုင်ရာ အလုပ်အကိုင်များကို လျှောက်ထားလိုသူများအနေဖြင့် လျှောက်ထားနိုင်မည်ဖြစ်သလို လူငယ်များအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ဗဟုသုတများ၊ နည်းပညာနယ်ပယ်မှ အလုပ်အကိုင်များအကြောင်း အသိပညာများ တိုးပွားစေမည့် မြန်မာ့ပထမဆုံး နည်းပညာဆိုင်ရာ အလုပ်အကိုင်ပြပွဲဖြစ်သော Tech Career Expo 2017 ကို JobNet မှဦးစီး၍ ဇူလိုင် ၃၀ ရက်တွင် ဆီဒိုးနားဟိုတယ်၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Tech Career Expo တွင် ပြည်တွင်းမှ နည်းပညာလုပ်ငန်းရှင်များဖြစ်သော ဦးသောင်းစုငြိမ်း(Information Matrix)၊ ဒေါက်တာထွန်းသူရသက်(MIT)တို့နှင့်အတူ နည်းပညာဆိုင်ရာ ပညာရှင်များဖြစ်သော Ooredoo မှ John Farhat ၊ ကမ္ဘောဇဘဏ်မှ Utpal Bora နှင့် Wave Money မှ Justin Hadgkiss တို့အပါအဝင် အခြားအိုင်တီပညာရှင်များက Panel Discussion များ၊ ဟောပြောပွဲအစီအစဉ်များဖြင့် ဟောပြောသွားမည်ဖြစ်သည်။

ထို့အပြင် နည်းပညာဆိုင်ရာအလုပ်အကိုင်ပြပွဲအတွင်း ပြည်တွင်းရှိ နည်းပညာကုမ္ပဏီများဖြစ်သော MyWorld Careers, Information Matrix, MIT, NTT Data Myanmar, WaveMoney, ShweLaminNagar (Acer), Edulink, MCC, Gandamar O.A & Business Solutions, J-SAT Consulting, KMD, MCC, Digital Labs, MIT Consulting စသည့် ကုမ္ပဏီများလည်း ၎င်းတို့လိုအပ်သော အိုင်တီနည်းပညာ ပညာရှင်နေရာများအတွက် အလုပ်အကိုင်များကို ခေါ်ယူသွားမည်ဖြစ်ရာ ပြပွဲလာသူများအနေဖြင့် CV ဖောင်များ ယူလာပါက တစ်နေရာတည်းတွင် လျှောက်ထားနိုင်မည်ဖြစ်သည်။

ပြပွဲသို့ လာရောက်လိုသူများအနေဖြင့် အခမဲ့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း Job Net ၏ ဝက်ဘ်ဆိုက်တွင် အခမဲ့ Register ပြုလုပ်ရမည်ဖြစ်ပြီး Register လုပ်ပြီးပါက Confirmation Email ကို ပြန်လည်ပေးပို့မည်ဖြစ်ကာ ထိုအီးမေးလ်ကို အတည်ပြုပြီးမှ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Register လုပ်လျှင် https://goo.gl/Ex96dm တွင်ဖြစ်စေ၊ https://www.jobnet.com.mm/ ဝက်ဘ်ဆိုက်မှတစ်ဆင့်ဖြစ်စေ လုပ်နိုင်ပြီး Register သီးသန့် လုပ်နိုင်သလို Register နှင့်အတူ မိမိတို့၏ CV ဖောင်များကို ပူးတွဲတင်လိုပါကလည်း တင်ပေးနိုင်ကြောင်း သိရသည်။

ပြပွဲအစီအစဉ်များအနေဖြင့် နံနက် ၉ နာရီခွဲမှစ၍ The Digital Leapfrog Nation ခေါင်းစဉ်ဖြင့် ဦးထွန်းသူရသက်၊ ကွန်ပျူတာပညာရှင်အသင်းမှ ဦးငြိမ်းဦး၊ NexLabs မှ CEO Jeff နှင့် 360ed မှ CEO ဒေါ်လှလှဝင်းတို့က ဟောပြောကာ International Workflow, Methodology and Development Standards ခေါင်းစဉ်ဖြင့် Job Net မှ CEO Justin Sway၊ ကမ္ဘောဇဘဏ်မှ CIO Utpal Bora၊ အူရီဒူးမြန်မာမှ CTIO John Farhat ၊ Wave Money မှ Justin Hadgkiss နှင့် Blip Myanmar မှ CEO Jason Brown တို့က ဟောပြောမည်ဖြစ်သည်။

ထို့နောက် မွန်းလွဲ ၁ နာရီမှစ၍ Using Databases, and Data to design the perfect User Experience ခေါင်းစဉ်ဖြင့် MCC Group၊ ကမ္ဘောဇဘဏ်၊ အူရီဒူးမြန်မာ၊ Zwenexsys ၊ M-spiral စသည့် ကုမ္ပဏီများမှ နည်းပညာရှင်များနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးမင်းအောင်ကျော်တို့က ဆွေးနွေးမည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီမှစ၍ How Myanmar can be seen Globally, being relevant for International Tech companies၊ ခေါင်းစဉ်ဖြင့် ဖန်တီးရာမှ CEO Jes Petersen ၊ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးရာဇာတို့နှင့်အတူ အခြားနည်းပညာလုပ်ငန်းရှင်များက ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ဟွာဝေးရဲ့တက်ဘလက်မော်ဒယ်သစ် MediaPad T3

Huawei MediaPad T3 ဟာ ဟွာဝေး တက်ဘလက်တွေထဲက နောက်ဆုံးထွက် တက်ဘလက်တစ်မျိုးဖြစ်ပြီး ပြီးခဲ့တဲ့ ဇွန်လအတွင်းက နိုင်ငံတကာဈေးကွက်မှာ စတင်ရောင်းချကာ မြန်မာနိုင်ငံဈေးကွက်မှာတော့ ဇူလိုင်လဆန်းပိုင်းက စတင်ရောင်းချနေပါတယ်။ မျက်နှာပြင် ၈ လက်မ အကျယ်နဲ့ ၁၀ လက်မအကျယ် နှစ်မျိုးထွက်ထားတဲ့အနက် ၁၀ လက်မတက်ဘလက်ရဲ့ အချက်အလက်တွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။

MediaPad T3 ကို မျက်နှာပြင် ၁၀ လက်မလို့ အများစုသတ်မှတ်ကြပေမယ့် တကယ့်အရွယ်အစားက ၉ ဒသမ ၆ လက်မရှိပြီး Resolution က 800x1280 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးကောင်းမွန်ပါတယ်။ အလေးချိန်ကလည်း တစ်ပေါင်ပဲရှိလို့ ပေါ့ပေါ့ပါးပါးသုံးနိုင်မယ့် တက်ဘလက်မျိုးဖြစ်ပါတယ်။

Operating System အနေနဲ့ နောက်ဆုံးထွက် အန်းဒရွိုက်ဗားရှင်း 7.0(Nougat)ကို ဟွာဝေးရဲ့ EMUI 5.1 နဲ့တွဲပြီး အသုံးပြုထားပါတယ်။ CPU က Quadcore 1.4GHz ကို အသုံးပြုထားလို့ လုပ်ဆောင်ချက်အတော်များများကို စက်လေးသွားတာမျိုးမရှိဘဲ သုံးနိုင်မှာဖြစ်ပါတယ်။ RAM 2GB၊ အင်တာနယ်မင်မိုရီ 16GB နဲ့ အက်ဒီးရှင်းတစ်မျိုး၊ RAM 3GB၊ အင်တာနယ်မင်မိုရီ 32GB နဲ့ အက်ဒီးရှင်းတစ်မျိုးထွက်ထားပါတယ်။ မိုက်ခရို SD ကတ်ထပ်စိုက်သုံးနိုင်ပြီး 128GB အထိ ထည့်နိုင်အောင် ထောက်ပံ့ပေးထားပါတယ်။ အင်တာနက်ကို ဝိုင်ဖိုင်ကနေ သုံးနိုင်သလို GSM ဆင်းကတ်တစ်ကတ်လည်း ထည့်သုံးနိုင်ပြီး အင်တာနက်အတွက် 4G ကွန်ရက်ကို ထောက်ပံ့ပေးထားလို့ အင်တာနက်ကို မျက်နှာပြင်ကြီးကြီးနဲ့ သုံးချင်သူတွေအတွက် အဆင်ပြေမှာဖြစ်ပါတယ်။

တက်ဘလက်ဖြစ်တာကြောင့် ကင်မရာကို လျှော့ထားလို့ ကင်မရာပိုင်းမှာတော့ အားနည်းချက်တွေရှိပါတယ်။ ရှေ့ကင်မရာဟာ ၂မဂ္ဂါပစ်ဇယ်ပဲရှိလို့ Web Cam သဘောလောက်ပဲ အသုံးဝင်မှာဖြစ်ပြီး ဆယ်လ်ဖီပုံကောင်းမျိုးရိုက်ဖို့တော့ ဖြစ်နိုင်မှာမဟုတ်ပါဘူး။ နောက်ကင်မရာဟာလည်း ၅မဂ္ဂါပစ်ဇယ်ပဲရှိလို့ အရည်အသွေးပိုင်းမှာ အလယ်အလတ်ပုံလောက်သာ ရိုက်ယူနိုင်မှာဖြစ်ပါတယ်။

ဘက်ထရီပိုင်းမှာတော့ 4800 mAh Li-Ion ဘက်ထရီကိုသုံးထားလို့ စွမ်းရည်ပြည့်ဝပြီး အချိန်ကြာမြင့်စွာ သုံးနိုင်မှာဖြစ်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်နဲ့ မီးခိုးရောင်နှစ်ရောင်ရရှိနိုင်မှာဖြစ်ပြီး RAM 3GB အက်ဒီးရှင်းကိုတော့ လောလောဆယ်မှာ ပြည်တွင်းဈေးကွက်မှာ ရောင်းချတာ မတွေ့ရသေးဘဲ RAM 2GB၊ အင်တာနယ်မင်မိုရီ 16GB အက်ဒီးရှင်းကတော့ ကျပ် ၂၆၉၀၀၀ ခန့် ရှိပါတယ်။




**သူရဖြိုး**

## ရှယ်ယာရှင်နှင့်ဗီဒီယိုလောကသားများသိရှိရန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲအား မကြာမီ ကျင်းပပြုလုပ်တော့မည်ဖြစ်ပါသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြော်ငြာသင်ပုန်းတွင် ကြေညာထားပြီးဖြစ်ပါသဖြင့် အမည်စာရင်း မပါရှိပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကော်မရှင်သို့ တစ်ပတ်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ရွေးကောက်ပွဲကျင်းပရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၉)နှင့် ခန္တီးခရိုင်လက်အောက်ရှိ ခရိုင်၊ မြို့နယ်၊ မြို့များမှ တာဝန်ယူဆောင်ရွက်မည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ လမ်း-တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ ခန္တီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် လမ်းအထူးအဖွဲ့(၁၉)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - ၁-၈-၂၀၁၇ရက် |
| **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - ၁၇-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၁၈-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀း၃၀နာရီ |

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

**ဖုန်း-၀၇၃-၂၄၈၀၁၈၊ ၀၉-၄၅၉၉၂၁၄၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃(တိုးချဲ့)၊ ကျောက်စိမ်းလမ်း၊ မြေကွက်အမှတ် ၄၆၅၊ (အလျား ၄၀×၆၀)ပေ ရှိပါမစ်မြေကွက်တစ်ကွက်နှင့် ထိုမြေကွက်ပေါ်ရှိ ဆက်စပ်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မူလမြေ အမည်ပေါက် ဒေါ်စောသိန်း (ISN-၃၂၅၇၃၂) ထံမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃(တိုးချဲ့)၊ မြေကွက်အမှတ် ၄၆၆၊ (အလျား၄၀×၆၀)ပေရှိ ပါမစ်မြေကွက်တစ်ကွက်နှင့်ထိုမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်အပါအဝင် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလမြေအမည်ပေါက် ဦးစိုးမြင့်(ISN-၃၂၄၂၃၇)ထံမှလည်းကောင်း ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ထားသူဟု အဆိုပြုသူ ဒေါ်တင်တင်သွယ် ၁၂/မရက(နိုင်) ၀၃၈၅၈၈၊ အေဂျီ-၂၀၂၇၆၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှစ်ကွက်နှင့် အိမ်အရောင်းအဝယ်ပြုလုပ်မည့်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ ခုနစ်ရက်ပြည့်မြောက်သောရက်ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေမေလွင်** | **ဒေါ်မိုးမိုးအေး** | **ဒေါ်စုလှိုင်ထွေး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၉၇၂)** | **(စဉ်-၇၄၅၂)** | **(စဉ်-၂၈၃၈၂)** |

**အမှတ်-၅၆၃၊ အခန်း ၂၀၃၊ MAC Tower**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၅၃၄၁၄၊ ၀၉-၇၉၉၄၀၀၀၁၈**

### အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (G)မှ မောင်လွမ်းချောင်၏ အမည်မှန်မှာ မောင်လွမ်းချွန် ၁၃/မကတ(နိုင်)၀၀၂၉၃၀ ဖြစ်ပါကြောင်း။

### အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (G)မှ မောင်လွမ်းချွန်၏ ဖခင်အမည်မှန်မှာ ဦးဒေါင်လွမ်း E-၁၃/မကတ(ယ)၀၀၉၉၀၁ ဖြစ်ပါကြောင်း။

### အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အထက(၁)၊ အဋ္ဌမတန်း (D)မှ မဂျော်မွန်၏ အမည်မှန်မှာ မခေါန်နူး ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင်ကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းအောင်မှ မအေးအေးနွယ်နှင့် သတ္တမတန်းမှ မောင်အုန်းမြင့်ကျော်တို့၏ဖခင်အမည်မှန်မှာ ဦးညွန့်ရွှေ ၇/ကတခ(နိုင်)၀၈၁၅၆၄ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သံတွဲမြို့၊ အထက(ခွဲ)၊ မြို့မ စာစစ်ဌာနမှ (၂၀၁၇)တွင် ခုံအမှတ် ဒသ-၁၀၉၉ ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ မမျိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၁၄/ဟသတ(နိုင်)၁၂၅၇၄၄ ဖြစ်ပါသည်။

MMC Myanmar Metropolitan College
Where learning comes alive



University of Business and International Studies (Switzerland) မှ ချီးမြှင့်မည့် နိုင်ငံတကာအသိအမှတ်ပြု Master of Business Administration (MBA) စီးပွားစီမံ ခန့်ခွဲမှု မဟာဘွဲ့ကို Myanmar Metropolitan College တွင် တက်ရောက်နိုင်ပါပြီ။ နိုင်ငံတကာ ထိပ်တန်းဘွဲ့ရအတွေ့အကြုံရှိဝါရင့် Multinational Lecturers များမှ problem-based, project-based, game-based သင်ကြားရေးနည်းများဖြင့် International classroom setting အတိုင်း သင်ကြားပို့ချပေးနေပါသည်။

MBA Master of Business Administration
UBIS
September 2017 Intake အတွက်ကျောင်းအပ်လက်ခံနေပါပြီ။

Yangon MMC | Mandalay MMC
100% Assignment-based programme
NO Exam Stress
Various Special Payment Plans
AYA Education Loan

Admission Requirements
Any Degree Holder with work experience
IELTS/ TOEFL (or) an equivalent English Language Qualification (or) MMC Placement Test
Year 1
Year 2 (Master of Business Administration)

www.yourmmc.com | Myanmar Metropolitan College | info@yourmmc.com
Mandalay: Block (4), Unit (3), Mingalar Mandalay.
Yangon: 47/48 Bahosi Building, Lanmadaw Township, Yangon.
Yangon Hotline : 09 2633 34223/4, 09 4500 63108
Mandalay Hotline : 09 2633 34225/6

M.C.B
MYANMAR CITIZENS BANK
(၂၅)နှစ်ပြည့် အထူးအပ်ငွေစာရင်း
JUBILEE FIXED DEPOSIT ACCOUNT
10.25% p.a အထိ ရရှိနိုင်မည့်
အကောင်းဆုံးအတိုးနှုန်းများ
10th July 2017 မှ 30th September 2017 အထိသာ
မြန်မာနိုင်ငံသားများ ဘဏ်ခွဲတိုင်းတွင် ဖွင့်လှစ်နိုင်ပါပြီ။
အသေးစိတ်သိရှိလိုပါက – 09 43012460, 09 451918618, 09 799194220 www.mcb.com.mm






## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်း ရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual) နှစ်မျိုးလုံး သင်ကြားပေးပါသည်။

ညဂုတ်လရုံးဖွင့်ရက်သင်တန်း - ၁-၈-၂၀၁၇ ရက်ဖွင့်မည်။
ညဂုတ်လရုံးပိတ်ရက်သင်တန်း - ၅-၈-၂၀၁၇ ရက်ဖွင့်မည်။

**ဆက်သွယ်ရန်** ဖုန်း-၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉၊
**လိပ်စာ** (၁-ဇ)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန် (YBS-၁၂ ဂိတ်အနီး)
နယ်မှ သင်တန်းသားများ အဆောင်အခမဲ့ စီစဉ်ပေးမည်။ (လူဦးရေကန့်သတ်ထားသည်)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် ဖော်ပြပါပုံနှိပ်လုပ်ငန်းသုံး စက္ကူအမျိုးမျိုး၊ ပုံနှိပ်လုပ်ငန်းသုံး မင်နှင့်ဆက်စပ်ပစ္စည်းများ၊ ပုံနှိပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| (က) | ပုံနှိပ်လုပ်ငန်းသုံးစက္ကူ | - | (၉)မျိုး |
| (ခ) | ပုံနှိပ်လုပ်ငန်းသုံးမင်နှင့်ဆက်စပ်ပစ္စည်း | - | (၁၀)မျိုး |
| (ဂ) | ပုံနှိပ်စက်၏ဆက်စပ်ပစ္စည်းများ | - | (၁၅)မျိုး |

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ သာသနာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ငွေစာရင်းဌာနစု၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်
**တင်ဒါပုံစံရောင်းချမည့် ရက်/အချိန်** - ၇-၈-၂၀၁၇ရက်မှ ၂၁-၈-၂၀၁၇ရက်ထိ ၉:၃၀ နာရီမှ ၁၆:၀၀ နာရီထိ
**တင်ဒါပုံစံတင်သွင်းရမည့် ရက်/အချိန်** - ၂၈-၈-၂၀၁၇ ရက် (တနင်္လာနေ့) ၉:၃၀ နာရီမှ ၁၂:၀၀ နာရီထိ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၈-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂:၀၀ နာရီ
**တင်ဒါတင်သွင်းမည့် နေရာနှင့်ဖွင့်မည့်နေရာ** - သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ(ညွှန်ကြားရေးမှူး)(ဖုန်း-၀၁-၆၅၂၁၃၅၊ ၀၁-၆၆၀၈၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသွေးဌာန၌ သွေးနှင့် သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါများ ခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၇ ရက် (တနင်္လာနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၇ ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမျိုးသားသွေးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာနပိုင် ဆန်စက်အပိုပစ္စည်း စက်ရုံဝင်းရှိ ရော်ဘာကြိတ်လုံးစက်ရုံအပါအဝင် အဆောက်အအုံ(၆)လုံး၊ စက်ယူနစ်(၂၂)မျိုးတို့အား တိုင်းရင်းသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။
(က) **အဆောက်အအုံ(၆)လုံး၊ စက်ယူနစ်(၂၂)မျိုးပါရှိပြီး အသေးစိတ်စာရင်းကို တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။**
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၇ ရက်မှ ၃၀-၈-၂၀၁၇ ရက်ထိ
**အချိန်** - နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီထိ
(ဂ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၃၁-၈-၂၀၁၇ ရက် ၁၂:၀၀ နာရီ
(ဃ) **တင်ဒါပိတ်မည့် ရက်/အချိန်** - ၃၁-၈-၂၀၁၇ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(စ) **Deposit ပေးသွင်းနိုင်မည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက် ပုံစံတွင်ဖော်ပြထားပြီး ဖြစ်ပါသည်။
(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်

၂။ အဆိုပါဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ ရော်ဘာကြိတ်လုံးစက်ရုံအပါအဝင် အဆောက်အအုံ (၆)လုံး၊ စက်ယူနစ် (၂၂)မျိုးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# နိုင်ငံပိုင်မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်လက်ဝယ်ရှိ မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက် (၂၁)ခုကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ ဝယ်ယူလိုသော Lot No တစ်ခုချင်းအလိုက် သီးခြားအဆိုပြုလွှာတစ်စောင်စီ တင်သွင်းရမည်။ သတ်မှတ်စပေါ်ငွေ P.O Cheque (Payment Order Cheque) အား တင်ဒါတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။
၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၇ ရက်မှ ၃၁-၈-၂၀၁၇ ရက်အထိ
**နေရာ** - ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်) စပေါ်ငွေသွင်းရမည့် တန်ဖိုးကို အဆိုပြုလွှာဝယ်ယူသည့်အခါ တစ်ပါတည်း ဖော်ပြပေးပါမည်။
၄။ **တင်ဒါတင်သွင်းရမည့်အစီအစဉ်-**
**P.O Cheque တင်ပြရမည့်ရက်** - ၁၁-၉-၂၀၁၇ ရက်၊ ၁၃-၉-၂၀၁၇ ရက်
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၄-၉-၂၀၁၇ ရက်၊ ၁၅-၉-၂၀၁၇ ရက်
- Lot No (၁)မှ (၁၀)အထိကို ၁၄-၉-၂၀၁၇ ရက်တွင် နံနက် ၁၀ နာရီမှစ၍ အစဉ်လိုက် လက်ခံပါမည်။
- Lot No (၁၁)မှ (၂၁)အထိကို ၁၅-၉-၂၀၁၇ ရက်တွင် နံနက် ၁၀ နာရီမှစ၍ အစဉ်လိုက်လက်ခံပါမည်။

**နေရာ** - ရုံးအမှတ်(၃၂)၊ နေပြည်တော်
၅။ ဝယ်ယူလိုသည့် မြေနှင့် အဆောက်အအုံ၊ တိုက်ခန်းနှင့် မြေကွက်တို့အား ကြော်ငြာသည့်ရက်မှစ၍ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသည့်အချိန်တွင် ဝယ်ယူမည့် မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက်အား ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ဝန်ခံချက်ဖြင့် ပူးတွဲတင်ပြရပါမည်။
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၃၃၉ နှင့် ၀၆၇-၄၀၆၂၂၄ တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဝန်ကြီးဌာန website http://www.mopf.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

| Lot No | လုပ်ငန်းအမည် | မြေဧရိယာ (ဧက) |
|---|---|---|
| ၁ | ၂ | ၃ |
| | **စစ်ကိုင်းတိုင်းဒေသကြီး(၂)ခု မြေနှင့်အဆောက်အအုံ(၂)ခု** | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တောင်ဇလပ်ရပ်ကွက်၊ နယ်မြေ(၈)၊ ကွင်းအမှတ်(၈၄၆)၊ ဦးပိုင်အမှတ်(၁၆၄၃)၊ အိမ်အမှတ်(၄၄)၊ နံကပ်(၂)ထပ်တိုက်နှင့် တွဲလျက် RC (၃)ထပ်တိုက်(၁)လုံး | ၀.၀၉၁ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၇)၊ အောင်သိဒ္ဓိလမ်းနှင့် ဇေယျာဇံလမ်းထောင့်၊ အကွက်အမှတ်(၇၂)၊ ဦးပိုင်အမှတ်(၆၄)ရှိ အုတ်စီ(၁)ထပ် နံကပ်၊ သွပ်မိုး၊ ပျဉ်ခင်းအဆောက်အအုံ၊ ရှေ့မျက်နှာစာပရပ်ခန်း | ၀.၀၆၉ |
| | **မန္တလေးတိုင်းဒေသကြီး(၃)ခု မြေနှင့်အဆောက်အအုံ(၃)ခု** | |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ (၃၇×၇၄)လမ်းထောင့်၊ အမှတ်(၂၅၉)၊ အကွက်အမှတ်(၆၈၄)၊ ဦးပိုင်အမှတ်(၁၂-ဃ)ရှိ နံကပ်(၂)ထပ်တိုက်၊ ကားဂိုဒေါင်တွဲလျက်(၁)ထပ် နံကပ်(၁)လုံး | ၀.၀၄၇၃ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ (၅၅)လမ်း၊ (၄၀×၄၁)လမ်းကြား၊ အကွက်အမှတ်(မ-၄၇)၊ ဦးပိုင်အမှတ်(၇၈)ရှိ RC (၂)ထပ်တိုက် | ၀.၁၄၆၉ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီ(၇၃)လမ်း၊ (၂၉×၃၀)ကြား၊ အကွက်အမှတ်(၇၁၅)၊ ဦးပိုင်အမှတ်(၄၂၊ ၄၃၊ ၄၄)ရှိ RC(၅)ထပ်တိုက်နှင့် ဂိုဒေါင်(၁)လုံး | ၀.၀၉၃၇ |
| | **ရန်ကုန်တိုင်းဒေသကြီး(၁၆)ခု မြေနှင့်အဆောက်အအုံ(၆)ခု** | |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ)မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၂၅၈-က)၊ မြေကွက်အမှတ်(၃၇/က-၁)ရှိ RC (၂)ထပ်တိုက် | ၀.၂၀၃ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သီရိဂုဏ်အိမ်ရာ မြေကွက်အမှတ်(၅/၃၄)ရှိ အဆောက်အအုံ | ၀.၁၂၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၉၈)၊ မြေကွက်အမှတ်(၃-က)၊ (၄-က)ရှိ RC တစ်ထပ် | ၀.၇၅၁ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၉၂/၁)၊ မြေကွက်အမှတ်(၉၁ K/၁ A)ရှိ RC(၃)ထပ်တိုက် | ၀.၀၆၅ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၉၆)၊ မြေ (၂၆'×၅၀') တစ်ထပ်အုတ်ညှပ်တိုက် | ၀.၀၃၀ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၉၆)ရှိ မြေနှင့် ဂိုဒေါင်အဆောက်အအုံ | ၀.၁၇၂ |
| | **တိုက်ခန်း (၈)ခန်း** | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၄၂/စီ) (၅)လွှာ အခန်းအမှတ်(၉)၊ တိုက်ခန်း(၁)ခန်း (၁၁၁၉) စတုရန်းပေ | - |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒို၊ အခန်းအမှတ်(၅၀၈)၊ ဂျန်းရှင်း (8)၊ (ဘီ-တာဝါ) ပဉ္စမထပ်၊ တိုက်ခန်း(၁)ခန်း (၂၉'×၃၉'×၁၀') | - |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ အမှတ်(ခ/၃၀ဘီ)၊ အပေါ်ထပ်ရှိ တိုက်ခန်း(၁)ခန်း (၁၉'×၅၆'×၁၅') (၁၀၆၄ စတုရန်းပေ) | - |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၃၄)၊ (၄)လွှာ၊ တိုက်ခန်း(၁)ခန်း (၄၇'၆" × ၂၂'၆" × ၉') | - |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၂)၊ တိုက်ခန်း (၂၅'×၃၃.၅'×၉') | - |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ်(၁၂)၊ ပထမထပ်(ဝဲ)ဘက်၊ တိုက်ခန်း (၁၅'×၅၅') | - |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၂၈၀)၊ ကမ်းနားလမ်းရှိ မြေညီထပ်တိုက်ခန်း (၁)ခန်း (၁၈'×၁၁') | - |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၁၂၄/၁၂၆)၊ ဒုတိယထပ်တိုက်ခန်း (၁)ခန်း (၁၀၉၅)စတုရန်းပေ | - |
| | **မြေကွက် (၂)ကွက်** | |
| ၂၀ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်း(၂၉)၊ မြို့ပတ် (၆)လမ်း၊ အမှတ်(၃၁၀)၊ မြေကွက် | ၀.၀၈၂ |
| ၂၁ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ် (၄၂/၄၄)ရှိ မြေကွက် (အဆောက်အအုံမှာ ပျက်စီး) | ၆၆'×၅၇'၆" ×၂၅" |

ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ................
စိန်ရွှေရတနာဆိုင်
ရွှေစုလိုသော Customer များအတွက်
အခေါက်တုံးများကို ၁ ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း
(လက်ခမပါ) ဝယ်ယူရရှိနိုင်ပါသည်။
အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext. 801-802)

ကြည်လင်လန်းဆန်း သွက်လက်ပေါ့ပါးစေတဲ့ . . .
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 011343(0118)
မြင့်မြတ် အမှတ်တံဆိပ် အမူးပြေသောက်ဆေး


ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းအုံခဲခြင်း၊ သွေးတိုး၊ သွေးတက်၍ နားထင်ကြောများ ထိုးခြင်း၊ မူးဝေနောက်ကျိခြင်း၊ နောက်ကျောတက် ဇက်ကြောထိုးခြင်းနှင့် အာရုံကြောအားနည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
ISO 9001:2015 BUREAU VERITAS Certification UKAS
ပင်ရင်း - စကြာမင်းတိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၄၅၁၀၉။
စကြာမင်း ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ်(စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၉၇၅၂၄။

### JOB OPPORTUNITY # 030/17

**Sustainable Rubber Project Manager, WWF-MYANMAR (Re-Announcement)**

WWF

WWF has an opportunity to join the team in Myanmar as **Sustainable Rubber Project Manager** based in Dawei, Tanintharyi.

**Responsibilities:** The Project Manager is responsible for the delivery of the Sustainable Rubber project that aims to demonstrate a "best in class" example of producing rubber in a sustainable way that protects forests and wildlife and improves the livelihoods of smallholders, as part of the overall WWF conservation programme in the Dawna Tenasserim Landscape (DTL).

The detailed job description is at www.wwf.org.mm under Careers.

**Requirements:**

- Bachelor and/or Master degree in agriculture, agroforestry, agribusiness, agricultural economics, natural resource management, biodiversity conservation, or related field and must have at least 5 year of experience in related field
- Experience of working and negotiating with project partners at all levels, and working with key national and international institutions e.g. ministries, private sector, associations and communities
- Proven experience of project and budget management, ideally of multi-donor projects over USD 1 million USD
- Understanding of rubber production and rubber supply chain is desirable but not essential
- Fluency in written and spoken English and Myanmar language

**Closing Date: 07 August 2017 (Monday)**

Contact: vacancy.mm@wwfgreatermekong.org/ Ph: 01 229 331 Ext:

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ စခန်းကြီးရွာ၊ အထက(ခွဲ)နဝမတန်းမှ မရီလှိုင်ဦး၏ဖခင်အမည်မှန်မှာ ဦးပရှုလ် ၅/ကလထ(နိုင်)၁၆၆၆၇၈ ဖြစ်ပါကြောင်း။ **ဦးပရှုလ်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ထိုမာရွာ အထက(ခွဲ)နဝမတန်းမှ မအိမြတ်နှင်းနှင့် ပထမတန်းမှ မထားနှင်းနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးညိုမြင့် ၅/ကလထ(နိုင်)၂၈၅၉၄၀ ဖြစ်ပါကြောင်း။ **ဦးညိုမြင့်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက(၂) သတ္တမတန်းမှ မောင်ကောင်းစည်သူ၏ ဖခင်အမည်မှန်မှာ ဦးမျိုးထွန်း ၅/ကလဝ(နိုင်)၀၂၉၃၁၂ ဖြစ်ပါကြောင်း။ **ဦးမျိုးထွန်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက(၂)သတ္တမတန်းမှ မလားရွှတ်မောယီး၏ ဖခင်အမည်မှန်မှာ ဦးလားတူးတွန်းလျံနာ ၅/တမန(နိုင်)၀၁၄၄၅၉ ဖြစ်ပါကြောင်း။ **ဦးလားတူးတွန်းလျံနာ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းမင်းလတ် ၉/ကပတ(နိုင်)၂၄၁၈၇၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၅၈၇၁၀၉**

### ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းနှင်းဝေ ၈/တတက(နိုင်)၂၆၃၂၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

### ပျောက်ဆုံးကြောင်း

ကျွန်မ မအေးယုမော် ၈/တတက(နိုင်)၂၄၃၇၀၃၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၁၀၅၇၄၃၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၉၈၈၉၇ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၉၈၈၉၈၊ Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6074 Nissan NOTE EII, HATCH BACK ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေမြင့် ၁၂/သကတ(နိုင်)၁၅၄၇၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၉၈၈၉၀၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3K/5121 Mitsubishi Canter FE 85CE, VAN (4x2)L ယာဉ်လက်ဝယ်ရှိသူ Myanmar Supply Chain and Marketing Services Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

### အများသိစေရန်ကြေညာ

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ နယ်မြေ (၇)နေ ကျွန်မ၏ အမျိုးသားဦးရဲမင်းကို ၅/ခဥန(နိုင်)၁၂၃၂၆၈ သည် ၂၃-၁၀-၂၀၁၆ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းနှင့် မပတ်သက်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဂယ်လီစင်**
**၁၃/သနန(နိုင်)၀၄၁၄၄၁**

### အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ နယ်မြေ(၁၀)နေ (ဦးခင်မောင်အေး)-ဒေါ်ဖာလာလင့်တို့၏သမီး မခင်နှင်းနှင်းဝေ ၁/မကန(နိုင်)၁၈၄၄၀၂ သည် မိခင်၏ပြောဆိုဆုံးမမှုကိုလက်မခံဘဲ မိသားစုအပေါ် စိတ်ဆင်းရဲအောင် ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင် ဒေါ်ဖာလာလင့်**
**၁/မကန(နိုင်)၀၄၇၅၈၀**

### အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ချယ်ရီလမ်း၊ အမှတ် (၁၅၂-ခ)နေ ဦးအိုက်ရီ ၉/မမန(နိုင်)၀၀၀၂၀၁မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (PA-III)ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၂၅-က)၊ မြေယာအမှတ်(152)၊ မြေဧရိယာ ၀ဒသမ၆၀ဧကရှိ မြေယာ အဆောက်အအုံကို မူလက မြို့မြေဂရန်အမှုတွဲအမှတ် (၂၄၅/၈၉-၉၀)အရ ဖခင် ဦးလောမင်မှ အမည်ပေါက်ခဲ့ပြီး ဖခင် ဦးလောမင်နှင့်မိခင် ဒေါ်ကျုံရှင်ကြီးတို့မှာ ကွယ်လွန်ခဲ့၍ ၎င်းတို့၏ အမွေဆက်ခံသူအဖြစ် ကျွန်တော် ဦးအိုက်ရီ တစ်ဦးတည်းသာ ကျန်ရှိခဲ့ပြီး အခြား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဟူ၍ တစ်ဦးတစ်ယောက်မျှ မကျန်ရစ်ခဲ့ပါ။

သို့ဖြစ်ပါ၍ အထက်အဆိုပါ မြေကွက်နှင့်အဆောက်အအုံတို့ကို ကျွန်တော် ဦးအိုက်ရီမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၂၇၂/၂၀၁၆) အရ အမွေဆက်ခံပိုင်ဆိုင်လာသဖြင့် ကျွန်တော်အမည်ဖြင့် ဂရန်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားခဲ့ပါသည်။

အဆိုပါ ဂရန်အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဂရန်လျှောက်ထားသည့်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအိုက်ရီ**
**၉/မမန(နိုင်)၀၀၀၂၀၁**
**အမှတ်(၁၅၂-ခ)၊ ချယ်ရီလမ်း၊**
**ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၂၊ ဗုဒ္ဓဘာသာ)၊ ဦးပိုင်အမှတ်(၁၅၂၊ ၁၅၃)၊ ဧရိယာ ၀ဒသမ၁၀၁ ဧကရှိ ဒေါ်မြသန်း BZ-၀၀၇၅၇၃ အမည်ဖြင့် အမှုတွဲအမှတ် ၅၇၂$\overline{V}$ ၂၀၀၃-၂၀၀၄ အရ ၂-၁၁-၂၀၀၄ရက်မှ ၁-၁၁-၂၀၃၄ ရက်အထိ နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသောမြေအနက်မှ ၀ဒသမ၀၈၄ ဧကကို ဦးမြင့်ထွေး ၅/မရန(နိုင်)၀၃၆၃၇၆ အား ဒေါ်မြသန်းက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးကမ်းခဲ့၍ ဦးမြင့်ထွေးအမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်သည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(မြို့သစ်)၊ ဦးပိုင်အမှတ်(၁၀လမ်း၊ ဒ-တ၊ ၁၁လမ်း၊ တ-တ)၊ ဧရိယာ ၀ဒသမ၂၉၄ ဧကရှိ ဦးတင်အောင်ဆန်း ၅/မရန(နိုင်)၀၆၅၂၇၁ အမည်ဖြင့် အမှုတွဲအမှတ် ၂၃၉$\overline{V}$ ၁၉၉၉-၂၀၀၀အရ ၃၁-၁၀-၁၉၉၉ ရက်မှ ၃၀-၉-၂၀၂၉ ရက်အထိ မြေငှားစာချုပ်ရရှိထားသောမြေကို ဦးတင်အောင်ဆန်းထံမှ ဦးထွန်းလင်းသောင်း ၁၂/ကမရ(နိုင်)၀၁၀၆၇၁ က မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူ၍ မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်နေ့အထိ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(၃)ညောင်လှ၊ တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူသင်းနှင့် ရေနံချောင်းမြို့နယ်၊ တည်ပင်ကုန်းရွာ အမက(၁၁၀)ဒုတိယတန်းမှ မချောစုနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၈/ရနခ(နိုင်)၀၉၄၄၈၀ ဖြစ်ပါကြောင်း။ **ဦးသန်းဝင်း**

**ဖော်ပြပါမြေကွက်များအား မြေငှားဂရန်ပြုလုပ်ပေးရန် လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအထောက်အထားပြည့်စုံစွာဖြင့် လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။**

| စဉ် | မြို့နယ် | ရပ်ကွက် | အကွက်အမှတ် | ဦးပိုင် | ဧရိယာ | အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|---|
| ၁ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၈၈ | ၀.၁၀၂ | ဒေါ်နော်ယုယုသိန်း | ၂/လကန(နိုင်) ၀၁၆၅၉၅ |
| ၂ | လွိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၂၅ | ၀.၂၆၀ | ဒေါ်စာ | ၂/လကန(နိုင်)၀၁၇၀၉၄ |
| ၃ | လွိုင်ကော် | မိုင်းလုံး | ၅၆/၂ | ၅၄ | ၀.၂၈၃ | ဦးခင်မောင်ဦး | ၂/လကန(နိုင်)၀၃၇၀၄၁ |
| ၄ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၃၉/ခ | ၀.၁၄၂ | ဦးခွန်မောင်တီး | ၂/လကန(နိုင်)၀၁၆၄၁၁ |
| ၅ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၃ | ၀.၁၅၃ | ဦးစိုးသန်း | ၂/လကန(နိုင်)၀၀၃၃၈၆ |
| ၆ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၅၃ | ၀.၁၃၅ | ဒေါ်ဖောလီ | ၂/လကန(နိုင်)၀၁၆၅၂၄ |
| ၇ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၅၂ | ၀.၀၉၃ | ဒေါ်ခင်စန်းမြင့် | ၂/ဒမဆ(နိုင်)၀၀၅၅၆၀ |
| ၈ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၀၅ | ၀.၁၁၈ | ဦးအောင်မင်း | ၂/လကန(နိုင်)၀၇၇၇၁၅ |
| ၉ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၈၅ | ၀.၁၀၇ | ဦးကျော်စိန် | ၂/လကန(နိုင်)၀၅၇၆၄၁ |
| ၁၀ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၅၉ | ၀.၂၃၁ | ဒေါ်မူခင်မေထူး | ၁၃/ဖခန(နိုင်)၀၁၉၆၁၇ |
| ၁၁ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၁၂၀/က | ၀.၂၁၅ | ဦးထွန်းကြိုင် | ၂/လကန(နိုင်)၀၄၅၅၀၇ |
| ၁၂ | လွိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၅၈/ခ | ၀.၁၀၁ | ဦးစောအမ်စမ် | ၂/ဖဆန(နိုင်)၀၀၇၀၇၃ |
| ၁၃ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၂၅ | ၀.၁၃၂ | ဒေါ်စိန်မြင့် | ၂/လကန(နိုင်)၀၁၆၁၄၁ |
| ၁၄ | လွိုင်ကော် | မိုင်းလုံး | ၅၄ | ၁၆/ခ | ၀.၁၄၂ | ဒေါ်ဝင်းကြည် | ၂/လကန(နိုင်)၀၁၇၁၀၀ |
| ၁၅ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၉၁ | ၀.၁၈၈ | ဦးစောရေဖီယာ | ၂/လကန(နိုင်)၀၄၈၂၈၃ |
| ၁၆ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၉၀ | ၀.၂၅၃ | ဒေါ်နန်းလှူ | ၂/လကန(နိုင်)၀၁၆၄၇၆ |
| ၁၇ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၁၂/က | ၀.၀၅၅ | ဦးစောဘွိုင်းဘလူး | ၂/လကန(နိုင်)၀၁၅၇၁၀ |
| ၁၈ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၁၂/ခ | ၀.၀၅၄ | ဦးစောသဲလေထူး | ၂/ဖဆန(နိုင်)၀၀၀၉၂၆ |
| ၁၉ | လွိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၇၂ | ၀.၁၀၉ | ဦးမြင့်သိန်း | ၁၃/ဖခန(နိုင်)၀၀၂၉၂၂ |
| ၂၀ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၃၈ | ၀.၁၄၁ | ဦးစံလှ | ၂/ဒမဆ(နိုင်)၀၁၅၃၄၁ |
| ၂၁ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၁၀၃ | ၀.၀၆၀ | ဒေါ်ခင်မာလာ | ၂/လကန(နိုင်)၀၁၈၇၅၅ |
| ၂၂ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၀၂/ခ | ၀.၂၈၂ | ဦးသီဟကျော် | ၂/လကန(နိုင်)၀၆၆၄၈၄ |
| ၂၃ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၁၅/ဃ | ၀.၁၁၃ | ဦးဇော်ဝင်းအောင် | ၉/သစန(နိုင်)၁၂၂၉၉၄ |
| ၂၄ | လွိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၆၅ | ၀.၁၄၁ | ဦးကျော်နီ | ၂/ဘလခ(နိုင်)၀၀၀၄၁၁ |
| ၂၅ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၂၉ | ၀.၂၀၄ | ဒေါ်စိန်ထွေး | ၂/လကန(နိုင်)၁၁၅၈၁၄ |
| ၂၆ | လွိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၄၄ | ၀.၁၆၄ | ဦးတင်စိုး | ၂/လကန(နိုင်)၀၁၈၈၁၆ |
| ၂၇ | လွိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၆၀+၆၁ | ၀.၆၃၀ | ဦးပါတီးရှို | ၂/လကန(နိုင်)၀၄၇၀၆၀ |
| ၂၈ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၀၄ | ၀.၃၆၇ | ဦးဆာဗေးရီယို | ၂/လကန(နိုင်)၀၀၀၅၄၈ |
| ၂၉ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၁/ခ | ၀.၀၈၆ | ဒေါ်ချစ်ဖူးငုံ | ၂/လကန(နိုင်)၀၆၀၁၈၄ |
| ၃၀ | လွိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၄၆ | ၀.၀၅၉ | ဒေါ်ရိုစလင်း | ၂/လကန(နိုင်)၀၆၉၄၀၈ |
| ၃၁ | လွိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၁၄၂ | ၀.၁၅၁ | ဒေါ်လေးနွယ် | ၁၃/ဖခန(နိုင်)၀၄၈၁၂၆ |
| ၃၂ | လွိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၈၀/ခ | ၀.၂၉၉ | ဦးစောကားရီထူး | ၂/ဖဆန(နိုင်)၀၀၇၆၀၃ |
| ၃၃ | လွိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၈၂ | ၀.၂၆၁ | ဦးစောလာမူဒို | ၂/ဖဆန(နိုင်)၀၀၉၄၄၃ |
| ၃၄ | လွိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၂၇ | ၀.၁၃၄ | ဒေါ်မြအေး | ၂/လကန(နိုင်)၀၅၂၈၇၆ |
| ၃၅ | လွိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၃၉ | ၀.၁၄၂ | ဦးသိန်းဝင်း | ၁၃/တကန(နိုင်)၀၆၃၇၁၉ |

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့**

# အထူးကျေးဇူးတင်ရှိခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်း ဒါယကာကြီး

## ဦးစိုးတင့်

## Hitachi Soe Electric & Machinery Co.,Ltd.(Chairman)

## စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ(တည်ထောင်သူ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ)

## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်(၅၈)နေ(ဦးဘိုးကြွယ်-ဒေါ်အမာ)တို့၏သား၊ (ဦးတင်အောင်-ဒေါ်ခွေး)တို့၏သားသမက်၊ ဒေါ်ခင်တုပ်၏တူ၊ ဒေါ်ရီရီမာ(ခ)ဒေါ်ရင်နု၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်မင်းထွန်း-ဒေါ်မျိုးမျိုးခိုင်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်သုခစိုး၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၁၇ရက်တွင် နေပြည်တော်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားခဲ့ပါသည်။

ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးတင့် နာမကျန်းဖြစ်စဉ်ကာလ အတွင်း မေတ္တာစေတနာအပြည့်ဖြင့် အထူးဂရုစိုက်ကုသပေးခဲ့ကြသော ဆရာဝန်ကြီးများနှင့်သူနာပြုများ အား လည်းကောင်း၊ ဈာပနကိစ္စအဝဝကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော နေပြည်တော်စစ်ဘက် နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံရပ်ခြားဒေသများမှ နာရေးအခမ်းအနားသို့ လာရောက်အားပေးသတင်းမေးခဲ့သော Hitachi Groupမှ Executive Officers များနှင့် နိုင်ငံခြားမိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နေပြည်တော်ရှိ ရပ်မိရပ်ဖများ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဝတ်ဖြူတော်အသင်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ပညာ့ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့အသင်းအဖွဲ့အစည်းများနှင့် ပျဉ်းမနားသူ/သားများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအတွက် အစစအရာရာ ကိုယ်တိုင် လာရောက်ကူညီဆောင်ရွက်ပေးကြပါသော Hitachi Soe Electric & Machinery Co.,Ltd.မှ Managing Director နှင့် ဝန်ထမ်းများ၊ လူကိုယ်တိုင်လာရောက်မပို့ဆောင်နိုင်သော်လည်း သတင်းစာမှ ဝမ်းနည်းကြောင်းထည့်ခြင်း၊ လွမ်းသူ့ပန်းခြင်း/ပန်းခွေများနှင့် လှူဖွယ်ပစ္စည်းများအားပေးပို့ခြင်း၊ ပြည်တွင်း ပြည်ပမှ တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းမေးအားပေးကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ တယ်လီဖုန်း၊ Facebook၊ Messenger၊ Email၊ Viberစသည့် လူမှုကွန်ရက်များမှတစ်ဆင့် ဝမ်းနည်းကြောင်း အားပေးနှစ်သိမ့်ကြပါသော မိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၇-၂၀၁၇ရက်တွင် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာမှ မီးသင်္ဂြိုဟ်မည့် ရွှေကြီးသုသာန်သို့ သွားရာလမ်းကြောင်းတစ်လျှောက်၌ တစ်မြို့လုံးနီးပါး တစ်ခဲနက်မေတ္တာဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း၊ အကျွေးအမွေးကိစ္စတွင် ပါဝင်လှူဒါန်းခြင်းနှင့် ကျွေးမွေးဧည့်ခံရေးကိစ္စတွင် ပါဝင်ကူညီကြသူများ၊ ဝေယျာဝစ္စနှင့် ဘက်ပေါင်းစုံမှ ပါဝင်ကူညီကြသူများအားလည်းကောင်း၊ ကွယ်လွန် ချိန်မှ ရက်လည်ဆွမ်းကျွေးသည့်နေ့အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုး မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**



ယခင်နှစ် ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်မှုကို တွေ့ဆုံခဲ့စဉ်

# မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်း ခြေစမ်းပွဲကစားမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အုပ်စုတတိယပွဲစဉ်မတိုင်မီ မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲအတွက် ဇူလိုင် ၂၂ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသော်လည်း လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်အပါအဝင် နည်းပြအဖွဲ့ဝင်များ၊ ကစားသမားအများစုမှာ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် ရွေးချယ်ခံထားရသောကြောင့် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ ယာယီနည်းပြအဖွဲ့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းကို ယာယီနည်းပြများဖြစ်သည့် ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဦးစိုင်းမောင်မောင်ဦး (ဂိုး) တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး ပဏာမ

စာမျက်နှာ ၁၃ ကော်လံ ၁ ◆

❑ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စာမျက်နှာ - ၃

❑ ယခုနှစ်မိုးရာသီကာလအတွင်း မိုးကြိုးစက်ကွင်းကြောင့် သေဆုံးသူ ၇၄ ဦးရှိပြီး ဒဏ်ရာရသူ ၁၉ ဦးရှိ

စာမျက်နှာ - ၄

❑ နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်၌ ရေနံရှာဖွေနေသောအဖွဲ့ကို ဘိုကိုဟာရမ်စစ်သွေးကြွတို့ တိုက်ခိုက်ခဲ့ရာ ၅၀ ထက်မနည်းသေဆုံး

စာမျက်နှာ - ၁၄

# လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလူနာ ၆၈ ဦးမှ ရာသီတုပ်ကွေး လူနာစုစုပေါင်း ၃၅ ဦးရှိ ယနေ့အထိ ခြောက်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၈**

ဇူလိုင် ၁၉ ရက်မှ ၂၈ ရက် မွန်းလွဲ ၂ နာရီအထိ ရရှိသော ရောဂါဖြစ်ပွားမှု အချက်အလက်များအရ ဆေးရုံတက်ရောက်သည့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ (Severe Acute Respiratory Illness) လူနာ ၆၈ ဦးရှိသည့်အနက် **Seasonal Influenza A (H1N1) pdm09 – Positive လူနာစုစုပေါင်း ၃၅ ဦးရှိခဲ့ပြီး ယနေ့အထိ ခြောက်ဦးသေဆုံး**ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အထူးဦးစားပေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၁၂ ဦးအား စမ်းသပ်စစ်ဆေးခဲ့ရာ အတည်ပြုလူနာငါးဦးတွေ့ရှိပြီး ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။

ထို့ပြင် ချင်းပြည်နယ် မတူပီမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော Seasonal Influenza A(H1N1) pdm09- Positive လူနာ ၁၀ ဦးမှာ ရောဂါသက်သာကောင်းမွန်သဖြင့် ဇူလိုင် ၂၅ ရက်က လူနာအားလုံးဆေးရုံမှ ဆင်းသွားပြီးဖြစ်ကြောင်း သိရသည်။

လတ်တလောရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှုအားထိရောက်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီသည် ရောဂါကုသရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအား ပြန်လည်စိစစ်ခြင်း၊ ရောဂါဖြစ်ပွားကူးစက်ခံရသော လူနာများအား ထိရောက်စွာဆေးဝါးကုသမှုပေးနိုင်ရန်နှင့်ရောဂါပျံ့နှံ့မှုမရှိစေရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးအပါအဝင် ဆေးရုံများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများအရန်သင့်ထားရှိခြင်း၊ အထူးကြပ်မတ်ဆောင်

စာမျက်နှာ ၄ ကော်လံ ၁ ❄

